


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး


စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

# ဂန္ဓာရီစိတ္တ

## သေလွန်လေပြီးသောအခါ .....



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၀၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၇၈၁၁၁၁
၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

**ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓော်မြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ခ်ျ၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ဓူရှင့်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ဂန္ဓာရီဝိဇ္ဇာ
သေလွန်လေပြီးသောအခါ/ဂန္ဓာရီဝိဇ္ဇာ- ရန်ကုန်၊
ဂန္ဓော်မြိုင်စာပေ၊ ၂၀၁၁။
၁၃၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) သေလွန်လေပြီးသောအခါ

## အခန်း ( ၁ )

"မြသွေး ... မိန်းမခိုးသွားလို့တဲ့ ... "

"ဟော ... မိန်းမတစ်ယောက်က မိန်းမတစ်ယောက်ကို ဘာလုပ်ဖို့ခိုးတာလဲကွ၊ လူကုန်ကူးဖို့ခိုးတာဆိုရင်တော့ အချိန်မီတားမှ ဖြစ်မယ်ငဲ့"

"ဟုတ်ရဲ့လား ဖိုးထောင်ရာ ... မင်းသတင်းက ခိုင်လုံရဲ့လားကွာ၊ ငါသိသလောက်တော့ မြသွေးက ရိုးသားကြိုးစားပါတယ်"

"ဖြစ်တော့လည်းဖြစ်နိုင်တယ် ဆင်ပေါက်ရဲ့ ... ခါတိုင်းလိုဆိုရင် မြသွေး စက်လှေသိမ်းပြီး ဒီဆိုင်မှာ အရက်တစ်လုံးခေါင်းကျိုးနေတဲ့အချိန်ပဲ အခု ... "

"မင်းကလည်းကွာ မြသွေး အရက်လာမသောက်တာနဲ့ပဲ မိန်းမခိုးပြေးတယ်ဆိုတဲ့စကား မျက်စိစုံမှိတ်ယုံရသလား ငမောင်ဖိုးရာ၊ ခေါင်းမသေးစမ်းပါနဲ့ ... "

ကနစိုရွာရှိ စံပေါအရက်ဖိုမှာ ဦးရေတင်ဖြိုး (အရက် ပထမရေ

ရေမရောရသေးသောအရက်) ကို အမဲခြောက်ဆီစိမ်နဲ့ စည်းစိမ်ယစ်မူး နေစဉ် တစ်ဖက်ပိုင်းမှ စကားသံများကြောင့် ကြည်နိုင်တစ်ယောက် ရီတီတီ အမူးလက်စပျောက်သွားရသည်။

သူဟာ ဒီကနစိုရွာသားမဟုတ်ပေမယ့် ကြည်နိုင့်ကို ဒီရွာနီးချုပ်စပ်မှာ မသိသူမရှိ။

ကြည်နိုင်ဆိုပေမယ့် သူမှာချစ်သူရည်းစားမရှိ။ နေ့စဉ်နေ့တိုင်း ရီဝေဝေမူးလေ့ရှိသူ။

နိုင်စရာလည်းအကြောင်းမရှိပါ။ ဆွေမဲ့မျိုးမဲ့ အဖေမဲ့ မိခင်မုဆိုးမကြီးနဲ့နေလျှက်၊ သီးနှံပွဲစားယောင်ယောင် ဖဲသမား၊ ကြက်သမားယောင်ယောင် အရက်ကို အသက်မပြောက်သရွေ့ အသောက်မပျက်ဖို့ စိတ်ပိုင်းဖြတ်ထားသူဖြစ်၏။ သာရေးနာရေးနဲ့ ဘာသာရေးပွဲတွေမှာလည်း ငွေတတ်နိုင်တဲ့အခါ ငွေ၊ လုပ်အားတတ်နိုင်တဲ့အခါ လုပ်အား၊ စိုက်ထုတ်တတ်သူမို့လည်း ဒီဖိုခနောက်ဆိုင် ရွာသုံးရွာမှ ကြည်နိုင့်ကိုဆိုလျှင် လူချစ်လူခင်များလှ၏။ သူကလည်း လူတိုင်းကို ခေါ်တတ်ခင်တတ်၏။

တကယ်တော့လည်း ကနစိုရွာဆိုတဲ့ ဒီရွာရယ်၊ ညောင်ပင်သာရွာဆိုတဲ့ ကြည်နိုင်တို့ရွာရယ် ထန်းပင်ကုန်းရွာရယ်ဆိုတာ တစ်ခေါ်သာသာ စီပဲဝေးတဲ့ ဖိုခနောက်ဆိုင်သုံးရွာစုဖြစ်သည်။

ရွာချင်းနီးကြသလို တစ်ဦးနဲ့တစ်ဦးကလည်း မျက်နှာချင်းရင်းနှီးကြသည်။ ဒီတော့လည်း ရွာရိုးကိုးပေါက် နှံ့ရုံသာမက ရွာသုံးရွာရဲ့ စည်းရိုး ကိုးသုံးလီ နှစ်ဆယ့်ခွန်နှစ်ပေါက်နှံ့အောင် လျှောက်နေသူ ကြည်နိုင့်ကို လူတိုင်းသိတာမဆန်းပါ။

ကြည်နိုင်က လူတိုင်းကိုမသိပေမယ့် ကြည်နိုင့်ကို လူတိုင်းက သိကြသည်။





ကြည်နိုင် လူတိုင်းကိုမသိဘူးဆိုသော်လည်း မြသွေးကိုတော့ သိသည်။ ဒီအရက်ဆိုင်မှာ ဆုံခဲ့သိခဲ့သည်။ သိရုံသာမက ...

ကြည်နိုင်လက်ကျန်အရက်မြှောက်ကြည့်ကာ စိတ်လောစွာနဲ့ ပ်သွက်သွက်သောက်နေခိုက်၊ အမဲခြောက်ဖုတ်ဆီစိမ်ကို ပါးစပ်ထဲ လုံးဗထွေး ထိုးဝါးလိုက်နဲ့ ရေးကြီးသုတ်ပြာအသွင်ပေါက်နေသည်။

"မြသွေးက ကုန်ကူးဖို့ မိန်းမခိုးတာမဟုတ်ဘူး၊ သူကြိုက်လို့ကို န်းမတစ်ယောက်ကို ခိုးသွားတာကွ"

"ခက်တယ် ဖိုးထောင် ... အဲဒါကြောင့်ကို ခက်ကုန်တာပေါ့ ကွာ၊ မြသွေးက မိန်းမတစ်ယောက်ကို ဘယ်လိုလုပ်ပေါင်းမလဲ၊ သူ ကိုယ်တိုင်က ယောက်ျားစိတ်ဝင်ပြီး ယောက်ျားလိုစက်လေ့မောင်း၊ ယောက်ျားလို အရက်သောက်တာ ပြဿနာမရှိဘူး၊ မိန်းမခိုးတဲ့ကိစ္စတော့ တော်တော်ကြီးကိုလွဲသွားပြီ၊ စိတ်ရှိတိုင်း ကိုယ်ပါလို့မရဘူးကွ၊ ယောက်ျား အစစ်မှ မဟုတ်တာ"

"ဟုတ်တယ် ဖိုးထောင်၊ ဆင်ပေါက်ပြောတာ ငါထောက်ခံ တယ်၊ ဘယ့်နှယ့်ကွာ ယှဉ်တွဲမှုမရှိတာ ... မြသွေး အခက်အခဲ ငါဘယ်လို ဖြေရှင်းပေးရရင်ကောင်းမလဲမသိဘူးကွာ၊ ကမ္ဘာပေါ်မှာ မောင်ဖိုးကူညီ သင့်တယ် ထင်တယ်"

"မောင်ဖိုးက ဒါမျိုးတော့ အရက်ထက်မက်ပုံရတယ်ဟေ့"

မောင်ဖိုးက ... လေးလေးနက်နက်စဉ်းစားဟန်ပြုကာ ... ဆက်ပြီး–

"ကမ္ဘာပေါ်မှာ လိုအပ်မယ်ထင်လို့ပါ၊ ကမ္ဘာပေါ်မှာ မောင်ဖိုး နားလည်ထားတာ ... ကမ္ဘာပေါ်မှာ အပေါင်းနဲ့အနှုတ်၊ Positive နဲ့ Negative၊ အဖိုနဲ့အမတို့သာ ဆွဲငင်ပေါင်းဖက်လို့ရတယ်၊ မျိုးတူချင်းကျ

www.burmeseclassic.com



တော့ ပေါင်းလို့မရဘူး ... Repulsion ဖြစ်တယ်၊ တွန်းကန်တတ်ကြတဲ့ အမျိုးကွ၊ ကမ္ဘာပေါ်မှာ မောင်ဖိုးအသိမမှားဘူး''

အရက်လေးနည်းနည်းဝင်သွားလျှင် ကမ္ဘာပေါ်မှာ ချင်းခြေချင်း လိန်နေအောင် စကားရှုပ်သူ မောင်ဖိုး လေးလေးပင်ပင်ကြီးပြောနေ၏။

''ကဲပါ ... ကမ္ဘာပေါ်မှာ မောင်ဖိုးရယ် ... မင်းစေတနာတွေ နည်းနည်းကိုယ်ရှိန်သတ်လိုက်ပါဦး ... မြသွေးက ယောက်ျားလျှာဆိုပေမယ့် ငါတို့ရဲ့ လက်ရင်းထိုးသူငယ်ချင်းပါကွာ၊ မကြာအပ်တာမကြာစည်ပါနဲ့၊ ပြီးတော့ မင်းတို့ထင်သလို မြသွေး အခက်အခဲမတွေ့ဘူးဆိုတာ ငါရဲရဲကြီးအာမခံတယ်''

''ဘယ်လိုလဲ ဖိုးထောင် ... ငါတို့ရှင်းအောင်လည်း လင်းပါဦး ဟ ... မိန်းမနှစ်ယောက် လက်ထပ်ပုံနားရှုပ်လွန်းလို့ပါ''

''နားမရှုပ်နဲ့ ဆင်ပေါက် ... မြသွေး ခိုးသွားတဲ့မိန်းမက ဘယ်သူမှတ်နေလဲ ... ''

''ဘယ်သူလဲ''

''နွေဦး''

''ဟေ ... မိန်းမလျှာ နွေဦး ... ''

''ဟား ... ဟား ... ဟား သဘောပေါက်ပြီဟေ့ ... မြသွေး က ဒီလိုတော့လည်သားပဲကွ ... သူခိုးတဲ့မိန်းမက ယောက်ျားကြီးကိုး၊ အိုး ... ဟိုး ... ဟိုး မြသွေးတို့ လည်ပုံကတော့ကွာ''

''မြသွေးလည်တာ သူနာမယ့်ကိန်းပါကွာ ... ''

ယောက်ျားလျှာ မြသွေးက မိန်းမလျှာ နွေဦးကို ခိုးပြေးသည့် သတင်းကို အရက်မြည်းလုပ်နေသော ဖိုးထောင်၊ ဆင်ပေါက်နှင့် ကမ္ဘာပေါ်မှာ ဟိန်းဟိန်းမြည်သွားပါတော့သည်။





''ကြည်နိုင်ရေ ... မင်းပြန်ရင် ငါ့ခြံထွက် ဖရဲသီးလက်ဆောင် ယူသွားကွာ''

စံပေါပေးသည့် ဖရဲသီးထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကို ဆွဲကာ သူထရပ်လိုက်၏။

''ဟား ... ဟား ... ဟား ... ''

ရယ်သံတွေမစဲခင်မှာ ကြည်နိုင်တစ်ယောက် စံပေါအရက်ဖို အပြင်သို့ ရောက်နေခဲ့တော့သည်။

နှစ်သစ်ရဲ့နွေဦးမှာ နွေဦးကို မြသွေးခိုးခြင်း အစီအစဉ် အထမြောက် အောင်မြင်သွားလေပြီ။

''ဒီရက်ပိုင်းအတွင်း မင်းအိမ်မှာရှိမယ်မဟုတ်လား၊ ကြည်နိုင်''

''ငါက ခြေထောက်မှာဖွေပေါက်နေတဲ့ကောင်ပဲ ... ကျိန်းသေ ပြောလို့ ဘယ်ရမလဲ၊ ဘာကိစ္စရှိလို့လဲ မြသွေး''

''ဘာဖြစ်ဖြစ် မင်းခြေဖွေငြိမ်ဆေးထိုးပြီး ငြိမ်နေလိုက်ပါ ကြည်နိုင်ရာ ... ''

''ဘာကိစ္စရှိလို့လဲ''

''ငါ့မှာလုပ်စရာရှိလို့ပေါ့''

''အကျိုးအကြောင်း ပြောပြလို့မရဘူးလား''

''နှလုံးသားရေးရာပါ''

မြသွေး ရှက်ရဲရဲ၊ မူးတူးတူးနဲ့ ပြောသည့်စကားကို ကြည်နိုင် ခပ်ဟဟရယ်ခဲ့သည်။

''ငါ့ချစ်သူကောင်မလေးအကြောင်း မင်းကို ပြောပြီးပြီးသားပဲ''

''ဘာလဲ ပန်းရောင်းတဲ့ မိန်းမလျှာနွေဦးကို ပြောတာလား''



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မိန်းမလျှာလို့မပြောနဲ့ ကြည်နိုင် _ မင်းစကားပြောဆင်ခြင်၊ ငါ့လက်သီးက ချစ်သူ့အတွက်ဆိုရင် ဆွေမျိုးသော၊ သူငယ်ချင်းဖသော ဘာသော ညာသောမှ ရွေးမနေဘူး ..."

"ဟုတ်ပါပြီ ... မြသွေးရယ် ငါနောက်တာပါကွ၊ မင်းကောင်မလေးနဲ့မင်းနဲ့ကြိုက်တာ ငါက ဘာကိစ္စ ငါ့အိမ်မှာခြေချုပ်မိခံရမှာလဲ"

"ဒီလိုကွ ... တို့နှစ်ယောက်အကြောင်း နှစ်ဘက်မိဘတွေ သိသွားပြီး ဖျက်ကြတယ်၊ ငါကတော့ တုံးတိုက်တိုက် ကျားကိုက်ကိုက် နီးပြေးဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီ၊ နွေဦးကိုလည်း နားသွင်းပြီးပြီ"

"အဲဒီတော့ ..."

"ငါ မင်းတို့ရွာကို ဒီရက်ပိုင်းအတွင်း မိန်းမခိုးပြေးခဲ့မှာ၊ အစစအရာရာ မင်းကူညီရမယ် ကြည်နိုင် ..."

"ဩော် _ စောစောက ဒီလိုရှင်းရှင်းပြောလိုက်ပြီးရော မြသွေးရာ _ လာခဲ့စမ်းပါ ညောင်ပင်သာရွာကိုသာ အရောက်ခိုးခဲ့စေပါ၊ မင်းတို့လင်မယား လက်မှတ်ထိုးဖို့ကအစ ငါ့အိမ်မှာစတည်းချဖို့အဆုံး အားလုံး ငါတာဝန်ယူတယ် ... စိတ်ချလက်ချနဲ့သာ မင်းအကြိုကို အကောင်အထည်ဖော်ပေတော့ဟေ့ ..."

ပြီးခဲ့သည့်တစ်လက ပြောခဲ့သည့်စကားကို ပြန်လည် ကြားယောင်မိမှ ကြည်နိုင့်ခြေလှမ်းတွေ တက်သုတ်ရိုက် သွက်သွားတော့သည်။

အခုလောက်ရှိ ညောင်ပင်သာရွာမှာ သူ့ကိုမတွေ့သည်မို့ မြသွေး ဂနာမငြိမ်မင်္ဂလာစိန့်ဖြစ်နေလောက်ပြီ။

တွေ့ရင်တော့ အဆဲခံရမှာ သေချာပြီ။

အရက်တန်ခိုးနဲ့ ကြည်နိုင့်ခြေလှမ်းတွေ သွက်နေ၏။

---





ရွာသုံးရွာ၏ အလယ်လောက်မှာရှိသော ကျွန်းတော တောအုပ်ကိုရောက်ချိန်မှာ တန်ခူးလပြည့်ကျော်(၃)ရက် လသည်မှုန်းတည့်လို့နေပြီ။

လေပြည်တဖြူးဖြူးက စို့သောချွေးကို အေးစေတိတ်စေ၏။ သစ်ရွက်ခတ်သံ တဖျတ်ဖျတ်ကြားမှာ သူ့ခြေသံတွေက စည်းချက်မှန်မြန်ဆန်လျှက်ရှိသည်။

တောကအလယ်ပိုင်းလောက်မှာ ပို၍နက်လာသည်။ ကျွန်းပင်စိတ်စိတ်များ ပိုပြီးပိတ်သည်းလာ၍ သစ်ရွက်ကြိုကြားမှ လသည် ပေါ်တစ်ခါပျောက်တစ်လှည့်မှ ပေါ်တစ်ခါပျောက်နှစ်လှည့်ဖြစ်ကာ အရိပ်မည်းကြီးတွေသာထပ်၍ ထပ်၍သီးလာ၏။

ဒီတော _ ဒီအမှောင်ရိပ်တွေရဲ့ရာဇဝင်ကို သိထားရှုံသာမက ကိုယ်တွေ့ကြုံခဲ့ဖူးသူမို့ ကြည်နိုင်ကျောထဲစိမ့်ခနဲ _ စိမ့်ခနဲကြက်သီးမွေးညှင်းတွေတောင်ကာ ထသွားရသည်။

ဘေးဘီမကြည့်ရဲတော့ဘဲ ကြည်နိုင် ခေါင်းငိုက်စိုက်ချကာ လျှောက်လာမိသည်။

ရှေ့နားမှာဆို ကျွန်းပင်ခြောက်ကြီးကို ရောက်တော့မည်။ ရှောင်လွှဲစရာလမ်းမရှိလို့သာ သွားရမည်ဖြစ်ပေမယ့် ဖြစ်နိုင်လျှင် ဒီကျွန်းပင်ခြောက်ကြီးကိုမဖြတ်ဘဲ ကျော်သွားချင်သည်။ အကောင်းဆုံးကတော့ ဒီကျွန်းတောကြီးကို ကျော်လွန်ပြီး ရွာကိုရောက်ချင်လှပြီ။

လွန်ခဲ့သည့်ငါးနှစ်က သူ ကျွန်းပင်ခြောက်ကြီးအနီးရောက်ခဲ့သည့်ညတစ်ညကို သတိမရချင်ပါပဲ မေ့ပျောက်မရအောင် အမှတ်ရနေသင့်နေလေသည်။

ကျွန်းပင်ခြောက်ကြီးနဲ့ နီးလာလေလေ၊ ကြည်နိုင့်ခြေထောက်တွေအား ကမ္ဘာမြေ၏ဆွဲအားမြင့်လာလေလေ ဖြစ်လာသည်ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေက စိတ်သွားတိုင်းကိုယ်မပါတော့ဘဲ ထိတ်လန့်ဖွယ်ကောင်းအောင် စေးပျစ်လေးလံလို့လာသည်။

လူသွားလမ်းချိုးလေးကွေ့အပြီးမှာ ကျွန်းပင်ခြောက်ကြီးကို ဘွားခနဲတွေ့လိုက်ရ၏။ ရောမလူကြီးတစ်ယောက် ကိုယ်လုံးတီးချွတ်ကာ ရပ်နေသကဲ့သို့ သစ်ခေါက်တွေကွာနေသော အပင်ခြောက်ကြီးက ထီးထီးမားမားထိုးထိုးထောင်ထောင်နဲ့ ချောက်ချားစိတ်ကို မှောက်မှားစေပါသည်။

သူ့အာရုံသည် အနာဂတ်ခရီးသွားတစ်ယောက်လို လွန်ခဲ့သော ငါးနှစ်ကာလသို့ တစ်ရှူးထိုးပြေးလှည့်သွားရန် တာစူနေသည်။

ခြေတစ်လှမ်းထက်တစ်လှမ်း ထူးခြားစွာ လေးကန်ဖင်နွဲ့လို့လာ၏။

အရွက်အလက်ဆိတ်သုန်းသော အပင်ခြောက်ကြီးကလည်း ယခင်ကနည်းတူ ခြောက်သွေ့ချောက်ချားခြင်းတွေ တဖွားဖွားအန်ထုတ်နေသည့်နှယ်ခံစားရသည်။ အရွက်မရှိ အရိုးပြိုင်းပြိုင်းကြောင့် လရောင်သည် ကျွန်းပင်ပေါက်ကြီးအား အသက်ဝင် မကောင်းဆိုးဝါးအလားမီးမောင်းထိုးပြလို့နေ၏။

ကြည်နိုင့် ခြေအစုံ ကျွန်းပင်ခြေအရောက်မှာ တုံ့ခနဲရပ်တန့်သွားမိသည်။ မရပ်ချင်ပါပဲ ရပ်မိ၏။ ဆက်သွားချင်ပါလျက် ရှေ့တိုးမရအောင် ကြောက်စိတ်က ခြေအစုံကို ဆွဲချုပ်ဆုပ်ကိုင်လို့ထားတော့သည်။

ကြည်နိုင့်နားထဲသို့ လွန်ခဲ့သည့်ငါးနှစ်ဆီမှ အော်သံကိုပြတ်ပြတ်ထင်ထင်ကြားယောင်လိုက်လေပြီ။

"ဝုန်း ...

"ဘောင်း ... ဘောင်း ..."

"ဘောင်း ... ဘောင်း ..."





ကျွန်းပင်ခြောက်ကြီးအကွယ်မှ လူရိပ်တစ်ရိပ် သူ့ရှေ့သို့ အရုပ်ကြိုးပြတ်ခုန်ဝင်လာ၍ ကြည်နိုင် ထိတ်လန့်တကြားကြည့်နေမိစဉ် ... ထိုလူရိပ်သည် နွားသိုးကြိုးပြတ်နှယ် အဝေးသို့သွေးရူးသွေးတန်းထွက်ပြေးသွားတော့သည်။

"ကျုပ် ... ကျုပ်တောင်းပန်ပါတယ် ကိုရွှေထီးရယ်၊ ကျုပ်ကိုမသတ်ပါနဲ့တော် ..."

"နင် တောင်းပန်တိုင်း ကြေအေးရအောင် ငါအရူးမဟုတ်သေးဘူး ခင်လုံး ... တောင်းပန်ချင်သပဆိုရင် သရဲဖြစ်မှသာ လာတောင်းပန်ပေတော့၊ အခုတော့ ကြည်ကြည်ဖြူဖြူသာ လည်စင်းပေးတော့ ငါ့ဓားက သွေးဆာလှပြီ ... ပြောနေကြာပါတယ်၊ ကဲ ... သွားပေတော့ ... ရဲပြည်"

ကျွန်းပင်ခြောက်ကြီး၏ နောက်ကွယ်မှ စကားသံတွေကို ကြည်နိုင်အတိုင်းသားကြားလိုက်ရသည်။

လရောင်အောက်မှာ မြောက်တက်လင်းလက်သွားသော ဓာက်ကြီးတောင်ဓားရှည်၏အလင်းပြန်လင်းတန်းက ကြည်နိုင့်မျက်စိထဲ ဝင်းခနဲတိုးဝင်လာ၏။

ကြည်နိုင် ... နီးရာချုံပုတ်ထဲသို့ အလျင်အမြန်ဝမ်းလျားထိုးပြေးပုန်းလိုက်ရ၏။

"အား ... ဟင် ဒီဟာမ ငါ့ကိုပြန်လုပ်တယ် ... အား ..."

ဒဏ်ရာရ တောဝက်တစ်ကောင်လို ရှူးရှူးရဲရဲအော်ဟစ်ညည်းတွားနေသူသည် ကြောက်လန့်နေသော မိန်းမ မဟုတ်ဘဲ ဓားကိုင်ထားသူယောက်ျားကြီးဖြစ်နေ၏။

မိန်းမကြီးကြောက်ကန်ကန်ကာ တုံ့ပြန်လိုက်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှာ ဟက်တက်ကွဲဒဏ်ရာကြီးနဲ့ သွေးတွေပန်းထွက်နေသော လူထွား ကြီး၊ ဒေါသတကြီး အော်ဟစ်လျှက်ရှိသည်။ ဒဏ်ရာရ မြွေပွေးတစ်ကောင်လို သွေးသံရဲရဲမျက်နှာကြီးဖြင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေတော့သည်။

ဒေါ်ခင်လုံး ကြောက်အားကြီးစွာ ထွက်ပြေး၏။

သို့သော် ... နောက်တစ်ကြိမ် လက်သွားသော ငှက်ကြီးတောင် ဓားသွားက အလွတ်မပေးတော့ပေ။

"အား ..."

နက်ခြောက်ခြောက်အော်ဟစ်ညည်းတွားသံကြီး တောထဲသို့ ပဲ့တင်သံအထပ်ထပ်ပြန်ဆဲမှာပင်။

"ဘုန်း"

ဒေါ်ခင်လုံး၏ ခန္ဓာကိုယ်ကြီး ကျွန်းပင်ခြောက်ကြီး၏ ခြေရင်းမှာ ပြိုလဲကျသွားပါတော့သည်။

ကြောက်လွန်းလို့ ထ,ပြေးချင်စိတ်ပေါက်မိပေမယ့် လူဘီလူးကြီး၏လက်ထဲမှ ငှက်ကြီးတောင်ဓားကို ပိုကြောက်သောကြောင့် ကြည်နိုင် အသက်ကိုပင် ရဲရဲမရှူရဲတော့ပေ။

လူစိတ်ကင်းမဲ့သော လူ့ဘီလူးကြီး ဦးရွှေထီး၏ ခြေသံတွေကြားနေရသည်။ ပြီးတော့ သူ့မိန်းမ ဒေါ်ခင်လုံး၏ အသက်မဲ့ခန္ဓာကိုယ်ကြီးကို ဆွဲ့ခနဲ ပွေ့ထူ၏။ ပခုံးပေါ် ပစ်တင်လိုက်သည်။

"ဟီး ... ဟီး ... ဟီး ခင်လုံးက သေမှပိုလှလာတယ်နော်၊ သေပန်းပွင့်တယ်ဟေ့ ... လာလာ ခင်လုံး နင်ဘယ်လောက်လှလဲဆိုတာ တစ်ရွာလုံးသိအောင်ပြရအောင် – ဟား ဟား ဟား – ဟီးဟီး ဟီး ... "





ဒေါ်ခင်လုံး၏ ဆံပင်ရှည်များကို စုကိုင်ကာ ပခုံးပေါ်ပစ်တင်လျှက် လူ့ဘီလူးကြီးတရွေ့ရွေ့ပျောက်ကွယ်သွားတော့သည်။ စိတ်ဖောက်ပြန်သွားပြီလားမသိ။

သွေးပျက်ဖွယ်အတိတ်မြင်ကွင်းကား ကြည်နိုင့်အား ယခုတိုင်အောင် တုန်ယင်ထိတ်လန့်စေပါသည်။

ကြည်နိုင် ဒါကြောင့် ဒီကျွန်းတောကို ညဘက်ညဘက် တစ်ယောက်တည်းမဖြတ်လိုခြင်းဖြစ်၏။

အခုမဖြစ်မနေမို့ ဖြတ်မိတော့ ... ဒီကျွန်းပင်ခြောက်ကြီးနားအရောက်မှာ ရှေ့တိုးမရ၊ နောက်ဆုတ်မရတော့ဘဲ အကြောင်သားနဲ့ မတ်တတ်မေ့နေသည်။

ငိုရှိုက်ရယ်ရှိမရသော မျက်နှာနဲ့ကြည်နိုင် မတွေးနိုင်မအန်နိုင် ခံစားရင်း မကြားဝံ့မနာသာအသံ ကြားလိုက်ရလေသည်။ မဝံ့မရဲလှမ်းကြည့်လိုက်၏။

သမင်လည်ပြန် ...

ဘုံး ...

ဘုံး ...

ဘုံး ...

မျက်စိနဲ့မမြင်ရလျှင် လူတစ်ယောက် လမ်းလျှောက်လာသံဆိုတာ ဘယ်လိုနည်းနဲ့မျှ ယုံမိမှာမဟုတ်။

အခုတော့ သေချာသည်။ ဒါလမ်းလျှောက်သံအစစ်။

မြေအပြင်သည် တုန်ဟည်းနေပြီ။

လူခြေသံနဲ့မတူ မိစ္ဆာဆိုးကြီးတစ်ကောင် ဒေါသတကြီး လှမ်းလာသံနှင့်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



တောနက်နက်၊ ညနက်နက် လမွန်းတည့်ချိန်မှာ အနက်ရောင်မကောင်းဆိုးဝါးကြီးကား မီးခိုးလုံးကြီးလို တရွေ့ရွေ့နဲ့ သူရပ်နေရာဆီ နီး၍ နီး၍လာသည်။

ကြည်နိုင့်မှာကား နဂါးပွက်ရွှံ့အိုင်ကြီးထဲ ပြွတ်ကျသူလို ရှေ့တိုးဖို့ကြိုးစားလိုက်တိုင်း ခြေအစုံက မြေထဲနစ်နစ်ဝင်နေ၏။

ထိုစဉ် ...

ဘုတ် ...

ဘုတ် ...

ဘုတ် ...

အသံထွက်ပေါ်လာရာ ကျွန်းပင်ပေါက်ကြီးဆီသို့ ကြည်နိုင် အလန့်တကြားကြည့်လိုက်တော့ ...

"ဟင် ... ဘာကြီးပါလိမ့် ... "

အုန်းသီးကြီးလိုလို ဘောလုံးတစ်လုံးလိုလို အလုံးကြီးသည် ကြည်နိုင်ရပ်နေရာဆီသို့ ခုန်ဆွခုန်ဆွနဲ့ ခုန်၍ ခုန်၍ပြေးဝင်လာသည်။

ထိုအလုံးကြီးသည် ဘာဖြစ်မည်နည်း။

အုန်းပင်မရှိတဲ့တောမို့ အုန်းသီးမဖြစ်နိုင်။

လူသူကင်းဆိတ်သည့်တော၌ ဘောလုံးကန်သူ ဘော်လီဘောပုတ်သူ၊ ဘတ်စကတ်ဘောကစားသူမရှိ၍ ဘောလုံးလည်း လုံးဝမဖြစ်နိုင်။

ဒါဆို ... ဘာလဲ ... ? ? ?

သူအတွေးမှမဆုံးခင် ... ဘာရယ်မသိသော အလုံးကြီးက သူ့မျက်နှာနားအထိမြင့်ကာ မြောက်တက်လို့သွား၏။

ပြီးတော့ ... ဘုတ်ခနဲ ချကားရပ်နေမိသော သူ့ခြေထောက်နှစ်





ချောင်း၏ အလယ်ဗဟိုတည့်တည့်မြေပေါ်သို့ ထိုအလုံးကြီးပြွတ်ကျသွားတော့သည်။

ဘယ်ညာတစ်ဖက်တစ်ချက် လှုပ်ယမ်းနေသော ထိုလုံးလုံးကြီးကို သူငုံ့ကြည့်လိုက်၏။

"ဟင် ... "

ထိတ်ခနဲ ခံစားချက်နဲ့အတူ နောက်တစ်ကြိမ် စေ့စေ့စပ်စပ်ပြန်ကြည့်မိလေရာ ...

"ဟင် ... ခေါင်းပြတ်ကြီး"

ပြူးကြောင်ကြောင်မျက်လုံးကြီးတွေ ရှုထွက်လျှက် ခေါင်းရမ်းခါနေသော ဆံပင်တွေ ဖွာလန်ကြဲ ဒေါ်ခင်လုံး၏ ခေါင်းပြတ်ကြီးမှန်းသိသောအခါ ကြည်နိုင်အသံကုန် ဟစ်အော်ချလိုက်တော့သည်။

"ခေါင်း ... ပြတ် ... ကြီး"

ခေါင်းပြတ်ကြီးကတော့ မထိန်းနိုင်မသိမ်းနိုင် လျှာရှည်ရှည်ကြီးပြဲကားကားပါးစပ်ထဲမှထွက်ကျလို့ နေလေသည်။

ဘုံး ...

ဘုံး ...

ဘုံး ...

ပိုမိုဆူညံသော ခြေသံကြောင့် ကြည်နိုင်နောက်သို့လည်း ပြန်ကြည့်လိုက်၏။

"ဟင် ... သ ... သရဲ"

ခေါင်းမပါသော အဝတ်အစား ဗိုလ်ဖတ်သီနဲ့ မိန်းမ[illegible]ယောက်ကို အနီးကပ်တွေ့လိုက်ရသည်။

ကြောက်စိတ်က ခြအကောင်တစ်သန်း [illegible]ကိုယ်ပေါ် ရွစိတက်



www.burmeseclassic.com

www.burmeseclassic.com



တက်လာကြသလို ထိတ်လန့်ခြင်း၊ အတွတ်အထိပ်သို့ တွန်းတင်ပေးနေသည်။

ကြည်နိုင် မှုးမေ့ပစ်လဲကာသာ သေလိုက်ချင်၏။ သို့သော် မသေနိုင်ဘဲ ခေါင်းမပါတဲ့သရဲကိုသာ ထိတ်ထိတ်ပျာပျာ ကြည့်နေမိတော့သည်။

သူကြည့်နေစဉ် သရဲမကြီး၏ နက်ခြောက်ခြောက်လက်တံကြီး အဆမတန် ရှည်ဆန့်ကာ ကြည်နိုင်ဆီ လှစ်ခနဲတိုးဝင်လာ၏။

"အား ..."

ကြည်နိုင် သေမင်းငင်အော်သံက ကျွန်းတောကြီးအနှံ့ တရိပ်ရိပ် ပဲ့တင်ထပ်သွား၏။

သို့သော် သူကံကောင်းထောက်မစွာဟုပဲ ဆိုရမည်လားမသိ။

သရဲလက်တံရှည်ရှည်မည်းမည်းကြီးသည် သူ့ခန္ဓာကို မထိုးမဖောက်၊ မထိမဖတ်ဘဲ သူ့ခြေနှစ်ချောင်းကြားရှိ ခေါင်းပြတ်ကြီးကိုသာ ဖျတ်ခနဲဆွဲယူလိုက်တော့သည်။

လက်တံရှည်ကြီးရဲ့လက်ထဲမှ ခေါင်းပြတ်ကြီး၏ ရှည်လျားစွတ်စို လျှာကြီးက ကြည်နိုင်ခြေထောက်နှစ်ချောင်းကို တပြတ်ပြတ်နဲ့လျှက်သွားလေသည်။

"အ မ လေး ဗျ"

" ... "

ကြည်နိုင် အသံနက်ကြီးနဲ့ အသံကုန်ဟစ်အော်ချလိုက်တော့သည်။ မျက်စိတွေလည်း ပြာပြာဝေနေပြီ။

နားထဲမှာတော့ ...

ဘုတ် ... ဘုတ် ...





ဘုတ် ... ဘုတ် ...

ဘုတ် ... ဘုတ် ...

သရဲကြီးပြေးထွက်သွားသည်လော _

ခေါင်းပြတ်ကြီး ခုန်ဆွဆွ ခုန်ပြေးလေသည်လော _

လူခြေသံလော _

ဘာရယ်မကွဲပြားပါ။ ကြည်နိုင်ကတော့ လေလျော့သွားသည့် လေထိုးအရုပ်တစ်ရုပ်လို နေရာမှာတင် ခွေခနဲလဲကျသွား၏။ အခုတိုင်အောင် ခေါင်းပြတ်ကြီး လျှာနဲ့လျှက်သွားသည့် ခြေထောက်နှစ်ဖက်မှာ စိုစိစိစွတ်စိုအေးစက်နေတော့သည်။

ဘုတ် ... ဘုတ် ... ဘုတ် ...

"ထပ်မခြောက်ပါနဲ့တော့ဗျာ ... ကျုပ်ကြောက်လှပါပြီ ... "

"ကြည်နိုင်"

မောလျှလျှတုန်ခါခါအသံကြီးက မကြားချင်ပါဘဲ ကြားနေရသည်။

"ကြောက်ပါတယ် _ သွားပါတော့"

"ဟိတ်ကောင် ထစမ်း"

အသံက တင်းထောင်မာထန်သလို အေးစက်သန်မာသော လက်ကြီးနှစ်ဖက်က ကြည်နိုင့်ပါးပြင်နှစ်ဖက်ကို ဖျစ်ညှစ်ဖမ်းကိုင်ထားသည်။

"အား ... "

ကြည်နိုင်တစ်ယောက် ကူကယ်ရာမဲ့တစ်အော်တည်းအော်နေမိတော့သည်။

"ဟိတ်ကောင် ... ငါပါ ... မြသွေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူနားထဲမှာ မြသွေးအသံကို ပီသစွာကြားလိုက်ရ၏။

"ဟင် ... မင်း မင်း မြသွေး ဟုတ်ပါတယ်နော် ... ဟုတ်ဟုတ်လား ... "

"ဟုတ်တယ် ... မင်းဘာဖြစ်တာလဲ မြွေကိုက်လို့လား ကင်းကိုက်လို့လား"

"ဘာ ... ဘာမှမကိုက်ဘူး ... ဖို ... ဖို"

"ဘာမှမကိုက်တဲ့နဲ့ ဘာကိစ္စ သေမတတ်အော်နေရတာလဲ"

"သ ရဲ ခြောက်လို့ ... "

"တောက် ... တော်တော်ကြောင်တဲ့ကောင် ... "

"ငါအကြောင်ဘူး ငါ့ခြေထောက်ကိုတောင် ခေါင်းပြတ်သရဲကြီးက လျှာကြီးနဲ့ လျှက်သွားတာ အခုထိစိုနေသေး ... အမလေးဗျ ... သသရဲခေါင်းကြီး ... ရှိ ရှိသေးတယ်"

"ဟား ဟား ဟား ဟား ... လူကြောက် ... တော်တော်သွေးကြောင်တဲ့ကောင်ပါလားကွာ ... ဘယ်မှာလဲ သရဲ ခေါင်းပြတ်ကြီးဆိုတာ"

"ဒီ ... ဒီမှာလေကွာ"

ကြည်နိုင် သူ့ပေါင်ကြားမှ အလုံးကြီးကို လက်ညှိုးထိုးပြလိုက်၏။

"ဟုတ်လို့လား ... သေချာကိုင်ကြည့်ပါဦး"

"မကိုင်ရဲဘူး"

"မိန်းမလောက်တောင် သွေးမရဲတဲ့ကောင် ... နွေဦးရေ အဲဒီသရဲခေါင်းကြီးယူလိုက်စမ်းပါ့ဟာ ... အမောပြေစားလိုက်ရအောင်လို့"

"သွေးကလည်း ... မနောက်ပါနဲ့ ... ကိုကြည်နိုင်ကြီးသနား





ပါတယ် ... ကိုကြည်နိုင်ကြီး ... ဒါခေါင်းပြတ်ကြီးမဟုတ်ပါဘူး၊ ဖရဲသီးကြီးပါ"

"ဟေ ... ဖရဲသီး ... "

ကြည်နိုင် ကပျာကယာ စဉ်းစားလိုက်သည်။

"ဒီ ... ဒီ ဖရဲသီး ... သြော် ဟုတ်တာပေါ့ ... စံပေါပေးလိုက်တဲ့လက်ဆောင်ပဲ၊ အင်း ... ငါ့ခြေထောက်နှစ်ဖက်အခုထိ စိုရွှဲနေတာကလည်း ဒီဖရဲသီးကြောင့်ပဲ ... ဟဲ ... ဟဲ ... ဟဲ ငါ အကြောက်လွန်သွားတာ ... "

"ရှူးပါ့ကြည်နိုင်ရာ ... မင်းအရက်ကြောင်ကြောင်နေပြီ ဖြစ်တော့"

"သွေးကလည်း ... လူတစ်ဖက်သားကို ကြမ်းကြမ်းတမ်းတမ်းမပြောပါနဲ့ နွေဦးမကြိုက်ဘူးနော်"

"အေးပါ နွေဦးရယ် ... ငါ့သူငယ်ချင်းကိုကောင်းစေချင်တဲ့စေတနာနဲ့ပါ ... နွေဦးရယ်၊ ဘာပဲဖြစ်ဖြစ် မကြိုက်ဘူးဆိုတဲ့ စကားဘယ်တော့မှမပြောနဲ့ကွာ ... ကိုယ် နွေဦးကို ဒီသရဲခေါင်းကွဲလောက်ချစ်၊ အဲလေ ယောင်လို့ ... ဖရဲသီးကွဲလောက်ချစ်တာပါ"

"ဟား ... ဟား ... ဟား ... "

သူတို့ရယ်သံတွေက ခုတော့လည်း အပြစ်ကင်းစွာမြိန်လို့နေ သည်။

"မင်းတို့နှစ်ယောက်က ငါ့အိမ်ကိုအရောက်မသွားဘဲ ဘာကိစ္စဒီတောထဲမှာ ဟိတ်ကောင်မြသွေး ... တောစောင့်နတ်မကြိုက်ဘူးနော်"

"အို ... ကိုကြီးကလည်း"

နွေဦး ရွှဲပျစ်ပျစ် ရှက်ပြနေ၏။

"ဒီလို ကြည်နိုင်ရ ... အစောပိုင်းမင်းတို့ရွာလယ်ရင် လူမြင်



www.burmeseclassic.com

www.burmeseclassic.com



မှာကို နွေဦးရှက်လို့ ... ညဉ့်နက်မှဝင်ဖို့ ဒီတောထဲမှာပဲ''

''ဝင်လိုက်တယ်ဆိုပါတော့''

''ဟယ် ... ကိုကြည်နိုင်ကြီး ... အရမ်းနောက်တာပဲ''

မြသွေးကတော့ တဟီးဟီးနဲ့ ကျေနပ်မဆုံး တပြုံးပြုံး ဖရဲသီးကွဲကြီးကို ပါးဖြန့်နားဖြံ လွေးနေတော့သည်။



## အခန်း ( ၂ )

''သာဓုကွယ် ... သာဓု ... သာဓု မုန့်တွေရော ယောဂီထဘီရော ပိတ်စတွေရော ... ပိုက်ဆံတွေရောများလိုက်တာကွယ်၊ အမေစိမ်းအတွက် အဲဒါတွေမလိုပါဘူး၊ နို့ ... နေပါဦး မောင်ကြည်နိုင်ရယ်၊ မြသွေးက အမေ့ဆီကိုတောင် ပြန်မလာဘူး၊ နှစ်တစ်ပတ်တောင်လည်တော့မယ်၊ အိမ်ဘက်ကိုခြေဦးတစ်ခါမှ မလှည့်ဘူး ... အင်း ... သားသမီးများနေစိမ့်လိုက်တာ၊ အမေ့အိုကြီးကဖြင့် စားလည်းသူ့စိတ်၊ သွားလည်းသူ့စိတ်၊ ခက်ပါတယ်နော် ... အမေမျှော်တာ ငွေမဟုတ်ဘူး လူပါကွယ် ... ''

''သူလည်းလာချင်ပါတယ် အမေစိမ်းရယ် ... ဒါပေမဲ့ အလုပ်မအားတာကတစ်ကြောင်း နွေဦးမိဘတွေက မကြည်ဖြူသေးတာကတစ်ကြောင်း ... ပြီးတော့ ... ''

ကြည်နိုင် မြသွေးခိုင်းလိုက်သည့်အတိုင်း မြသွေးမိခင်ကြီး ဒေါ်မြစိမ်းကို ကန်တော့စရာ ပစ္စည်းအစုံအလင်နှင့်ကန်တော့သည် ဒေါ်မြစိမ်း



www.burmeseclassic.com

www.burmeseclassic.com



၏အလိုကိုသိတော့ ဘယ်လိုဖြေသိမ့်ရမှန်းမသိဖြစ်ရသည်။ တတ်စွမ်းသရွေ့တော့ အဆင်အပြေဆုံးဖြစ်အောင် ပြောလိုက်ရသည်။

"ပြီးတော့ ... ဘာ ... ဘာဖြစ်သလည်းကွဲ့ ... အမေ့သမီးလေးမြသွေး နေမှကောင်းရဲ့လားကွယ် ... အမေစိတ်ပူလိုက်တာ ပြောစမ်းပါ လူလေးရယ် ... "

"နေကောင်းပါတယ် အမေစိမ်းရယ် ... ဟိုလေ မြသွေးမှာ အခု မပေါ့မပါးကြီးနဲ့မို့၊ ကိုယ်ဝန်က နေ့စေ့လစေ့ကြီးဖြစ်နေပြီဆိုတော့ ခရီးသွားလို့ မကောင်းဘူးပေါ့ အမေစိမ်းရယ် ... "

"အင်း ... အင်း ကိုယ်ဝန်ကို ဂရုစိုက်လို့ပြောလိုက်ပါကွယ်၊ မင့်သူငယ်ချင်းက တဖွတ်ထိုးပေပေတေတေရယ်ကွဲ့သိလား ... "

"ဟုတ်တယ် အမေစိမ်း၊ အခုလည်း နေ့စေ့လစေ့ကိုယ်ဝန်ကြီးကားကားကားကားနဲ့ စက်လှေမောင်းတုန်း ... နွေဦးကို ရှာကျွေးတုန်းပဲ"

ဆိုသည့်စကားကို ပြောထွက်လုလုမှာ အတင်းမျိုချမျိုသိပ်လိုက်ရ၏။ လူတစ်ဖက်သားစိတ်ဆင်းရဲစေမည့်စကားကို ကြည်နိုင်ပြောမထွက်ပါ။

"ယောကျ်ားစိတ်ဘယ်လောက်ပဲပေါက်ပေါက် အိမ်ထောင်ကျလို့ ကိုယ်ဝန်ဆောင်ရပြီဆိုတော့ မိန်းကလေးဟာ မိန်းကလေးပါပဲလေ ... ဒါထဲက ဟို ... နွေဦးရဲ့မိဘများက အထာကျယ်,အကဲတန်နေကြသေးတော် အံ့ပါရဲ့ ... ငါးဖယ်ကပြောင်းပြန် ... "

အမေစိမ်း၏ဒေါသတွေ နွေဦးမိဘများဆီသို့ တစ်ဆစ်ချိုးကွေ့ရန် တာစူစဉ် ...





"သြော် ... ဒါနဲ့ အမေစိမ်း ဝမ်းသာစရာစကားပြောရဦးမယ်၊ အခု မြသွေးတို့ ကျွန်တော့်အိမ်မှာ မနေကြတော့ဘူးဗျ"

"ဟေ ... မင်းနဲ့မသင့်မြတ်ကြလို့လား မောင်ကြည်နိုင်ရယ်"

"မဟုတ်ပါဘူး အမေစိမ်းရယ် ... "

"အနို့ ... ဘာဖြစ်လို့ ... "

"မြသွေး အိမ်ဝယ်လိုက်ပြီဗျ ... အခု သူ့အိမ်သူ့ယာနဲ့ ကျွန်တော်တို့ ညောင်ပင်သာရွာသားအစစ်ဖြစ်သွားပြီဗျ၊ အမေစိမ်း ဝမ်းမသာဘူးလား"

"ဘယ့်နှယ့်ပြောပါလိမ့်ကွယ် ... အင်း ငါ့သမီးလေးက အလုပ်အကိုင်တော်သလောက် အစုအဆောင်းလည်းတတ်ရှာသကွဲ့ ... ဝမ်းသာပါရဲ့ကွယ် ... အမေ့သမီး သူတော်ကောင်းမလေး နတ်ကောင်းစောင်မပါစေတော် ... ကျန်းမာလို့ချမ်းသာပါစေ၊ ဘေးကင်းလို့ရန်ရှင်းပါစေ၊ အေးလေ မောင်ကြည်နိုင်လည်း ကျန်းမာချမ်းသာပါစေကွယ် ... သူတော်ကောင်းတရားတွေ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ပါစေ ... "

အမေစိမ်းကို ကန်တော့ပြီး သူထွက်လာသည်အထိ အမေစိမ်း၏ဆုတောင်းသံတွေ မစဲနိုင်သေးပေ။

အမေစိမ်းပြောသည့် သူတော်ကောင်းတရားကိုတော့ သူဘယ်တော့များမှ ကျင့်နိုင်ပါမည်မသိ။

တကယ်တော့ ကြည်နိုင်သည် ခွေးမြီးကောက်လို ကျည်တောက်ရှပ်တုန်းခဏပဲဖြောင့်သူပါ။

အမေစိမ်းရှေ့မှာတုန်းက စိတ်ရောကိုယ်ပါ သိမ်မွေ့ငြိမ်းချမ်းခဲ့သော်လည်း အပြင်ရောက်သည်နှင့် အပျော်ဖက်လာသည်။ အရက်သောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုလို ‗ ဖဲရိုက်ချင်သလိုလို ‗ ကြက်တိုက်ချင်သလိုလို သွေးကြွသွားပြန်၏။

သွေးကြွမယ်ဆိုလည်းကြွစရာ။ ပြီးခဲ့သည့်အပတ်က သီးနှံကုန်ကူးလို့ဖြစ်တဲ့အမြတ်လေးနဲ့ ထန်းပင်ကုန်းရွာကြက်ဝိုင်းမှာ သူမျက်မျက်စက်စက်လေးရခဲ့သည်ကို။

ထိုစဉ် …

လေပွေတစ်ခု ဝေ့ခနဲ တိုက်ခတ်သွား၍ ‗ မျက်စိထဲ ဖုန်တွေသဲတွေဝင်သွားသည်။

မျက်လုံးကိုပွတ်သပ်နေခိုက်မှာပင် တစ်စုံတစ်ယောက် သူ့ပခုံးကို ဆောင့်တိုက်ချသွား၍ သူယိုင်လဲမတတ်ဖြစ်သွား၏။

"ဘယ်သူလဲကွ … လူတစ်ယောက်လုံးရပ်နေတာမမြင်ဘူးလား … "

မျက်လုံးမဖွင့်ဘဲ ကြည်နိုင် ကျူးအော်လိုက်တော့။

"မြင်သားပဲ ‗ တမင်တိုက်တာ"

ထေ့တေ့တေ့ပြုံးဟဟနဲ့ပြောနေသူ မိန်းမတစ်ယောက်ကို သူ ဝိုးတဝါးတွေ့လိုက်၏။

သူကြည့်နေဆဲမှာပင် သူ့ကိုကျောခိုင်းသွားကာ တုန်ခါခါအသံကြီးနဲ့ပြောသွား၏။

"နင် ‗ ထန်းပင်ကုန်းရွာကိုသွား ‗ ဒီညနေ ကြက်ပွဲကောင်းတယ် ‗ စိန်တစ်လုံးဘက်ကလောင်းလိုက် … နိုင်ရင်သာ … ရှုံးတဲ့ကြက်ကိုလည်းလှီးပြီး ငါ့ကိုကျွေး ‗ "

"ခင်ဗျားက ဘယ်သူလဲ ‗ "

ရှိရင့်အောင်စာပေ



"သရဲမကြီး ဒေါ်ခင်လုံး"

"ဗျာ … "

သူကြက်သီးထစွာ ထ အော်လိုက်၏။

"သေချာမှတ်သွား၊ သရဲမကြီးဒေါ်ခင်လုံးကို ဒီကြက်သားကျွေးပါတယ်ပြော … နင်နိုင်မှာပါ နိုင်လျှက်နဲ့ မကျွေးရင်တော့ နင်မလွယ်ဘူးမှတ် … "

"မယုံဘူး … မယုံဘူး … "

ကြည်နိုင် ကျောပေးပြီး တရွေ့ရွေ့လျှောက်သွားသော မိန်းမကြီး ဆီပြေးလိုက်ရင်း အော်ဟစ်နေမိစဉ်မှာပဲ ထိုမိန်းမကြီးသည် လေပွေနဲ့အတူ ပျောက်ကွယ်သွားတော့သည်။

ကြည်နိုင်တစ်ယောက်သာ တုန်တိတုန်ခိုက်နဲ့ ကျန်နေရစ်ခဲ့လေ၏။ မျက်စိထဲဝင်တဲ့သဲတွေ ဖုန်တွေကမရှိတော့ပေ။ သို့ပေမယ့် မျက်စိထဲမှာတော့ စောစောကမိန်းမကြီး၏ပုံရိပ်သည် အထင်အရှားစွဲပြီး ထင်ကျန်ရစ်ခဲ့၏။ နားထဲမှာလည်း ထိုမိန်းမကြီး၏ စကားသံက ဝဲရစ်ဝဲဝဲ။

"ဘယ်သူက ဘာလုပ်သွားလို့ ဘာတွေဖြစ်ကျန်ခဲ့ပြီး ဘာတွေအော်နေတာလဲ ကြည်နိုင်ရယ် ‗ "

သူ့ရှေ့မှာရပ်နေသူ မောင်ဖိုး၊ ဆင်ပေါက်နှင့် ဖိုးထောင်တို့ သုံးယောက်ကို အကြောင်းသားငေးနေမိတော့သည်။

ဒီသုံးယောက်ကများ သူ့ကိုနောက်လိုက်တာလားဟု တွေးပေမယ့် သူတို့မျက်နှာတွေပေါ်မှာ နောက်ပြောင်ခဲ့သည့်အရိပ်အယောင်ကို မတွေ့ရပါ။

"မင်း ‗ မင်းတို့ လေပွေတိုက်တာတွေ့လိုက်လား"

ရှိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ စုမတ်တြာကျွန်းမှာလား ... ဘင်္ဂလားဒက်(ရှ်)မှာလား ... ဘောင်တရုတ်ပင်လယ်ကမ်းခြေမှာလား ... ငါတို့ အင်တာနက်သတင်းမကြည့်တာကြာပြီ ... ကြက်ပွဲကောင်းကောင်းပဲ လိုက်ကြည့်ဖြစ်တယ်"

ကမ္ဘာပေါ်မှာ မောင်ဖိုးက ကမ္ဘာနဲ့ချီတဲ့သတင်းတွေကို ဖောင်းပေးပြီးမေးနေ၍ စိတ်ညစ်ရသေးသည်။

"မဟုတ်ဘူး ... ဒီလမ်းပေါ်မှာ အခုလေးတင်လေပွေတိုက်တာ မင်းတို့ တကယ်မတွေ့လိုက်ဘူးလား"

"လာနောက်မနေနဲ့ ကြည်နိုင်ရာ ... ငါတို့မျက်စိထဲမှာတော့ လေပွေမပြောနဲ့ သက်ပြင်းချတဲ့လေပူကိုတောင် မမြင်လိုက်ဘူး"

"အေးလေကွာ၊ ကြည့်လည်းမကြည့်ချင်ပါဘူး၊ ငါတို့ကြည့်ချင်တာက ထန်းပင်ကုန်းရွာက ကြက်ပွဲပဲ ဘယ်လိုလဲ ဆန္ဒရှိရင် လိုက်ခဲ့လေ၊ လောင်းကြေးလက်ကြီးသမားတွေလာမှာ ..."

"ဟုတ်သားပဲ ... ကြည်နိုင်၊ မင်းကထန်းပင်ကုန်းကြက်ဝိုင်းနဲ့အကျိုးပေးသားပဲ ..."

"တွေဝေမနေနဲ့ကွာ၊ ဒီနေ့တည်မယ့်ကြက်နစ်ကောင်က တိုင်းကျော်ပြည်ကျော်တွေကွ ... ပြောင်ခေါင်းစိမ်းကလည်း ရှုံးပွဲမရှိ၊ ဗိုလ်ဖြစ်ခဲ့တဲ့ကောင် စိန်တစ်လုံးကလည်း ခွပ်တိုင်းနိုင်တဲ့ကောင် နယ်တကာရဲ့ခေါင် ..."

"ဘာ ဘာ ... ဘာ စိန်တစ်လုံး ဟုတ်လား"

"ဟုတ်တယ် ... သရက်သီးတော့မဟုတ်ဘူး၊ ကြက်သူကြီးကွ မလိုက်လည်းနေခဲ့ကွာ ... ဟော့ကောင်တွေ လစ်စို့ ..."





မောင်ဖိုး ဦးဆောင်တဲ့ သုံးယောက်အဖွဲ့ သူ့ကိုထားပြီးထွက်သွားသည်အထိ သူမှာအံ့ဩတုန်လှုပ်လို့ မဆုံးနိုင်သေးပေ။

"နင် ထန်းပင်ကုန်းရွာကိုသွား ... ဒီညနေ ကြက်ပွဲကောင်းတယ်၊ စိန်တစ်လုံးဘက်ကလောင်းလိုက် ... နိုင်ရင်သာ ရှုံးတဲ့ကြက်ကိုလည်လိမ်ပြီး ငါ့ကိုကျွေး ..."

ဆိုသည့် ပြာအက်အက်အသံကြီးက နားထဲမှမထွက်၊ ထူးဆန်းလွန်းလှသည်။ ဒီလိုတိုက်ဆိုင်မှုမျိုး သူတစ်သက်မကြုံဘူးခဲ့။

"ဟော့ကောင်တွေ နေကြဦးဟေ့ ... ငါလည်းလိုက်မယ်"

အရှေ့မှသွားနှင့်သူသုံးယောက်နောက်သို့ ကြည်နိုင် အလောသုံးဆယ်ပြေးလိုက်ခဲ့မိသည်။

"မင်း အဲဒီနှစ်ကောင့်ခြေမြင်ဖူးသလား မောင်ဖိုး"

"တွဲလျှက်တော့ ဘယ်လိုလုပ်တွေ့ဖူးမှာလဲ ... တစ်ခါမှမတည်ဘူးတာကြီးကို ... နှစ်ကောင်လုံးရဲ့ခြေကိုတော့ မြင်ဖူးတယ်၊ ဘယ်ကောင်သာတယ်မသာတယ်ဆိုတာ ချန်ပီယံလိဗ်၊ ဖိုင်နယ်တက်လာတဲ့အသင်းနှစ်သင်းလိုပဲ Forecast (ဖိုးကပ်စ်)လုပ်ဖို့ မလွယ်ဘူးကွ၊ ပြောင်ခေါင်းစိမ်းတစ်ချက်အပိုင်ခုန်လိုက်ရင် တစ်ဖက်ကြက် မျက်လုံးတစ်လုံးတော့ အသေအချာဖောက်ပြီးသားပဲ ... အေး စိန်တစ်လုံးတို့ လျှင်ပုံကလည်း မပြောနဲ့ တစ်ဖက်ကြက်ခုန်တဲ့အထိ ခပ်တည်တည်ပဲ၊ ဒါပေမဲ့ သူ့ခြေထောက်လှုပ်သွားတာသာမြင်လိုက်ရတယ်၊ ဘာလုပ်လိုက်မှန်းကိုမသိဘူး ... အဲဒါဆို ဆက်ကြည့်မနေနဲ့ ကျိန်းသေပြီ ... ရှုံးတဲ့ကြက်ဇက်ကျိုးပြီသာမှတ်"

"မင်းပြောပုံအတိုင်းဆိုရင် တကယ့်ပွဲကြီးမှကောင်းပဲကွနော်"

www.burmeseclassic.com



"ဘာမှကိုစဉ်းစားမနေနဲ့ လက်သင့်တဲ့ကောင်ဘက်ကနေသာ လောင်းလိုက်ကွာ _ ရှုံးဦးတော့ ထိုက်ထိုက်တန်တန်ပွဲကြည့်လိုက်ရလို့ ရှုံးရကျိုးနပ်တယ်၊ နိုင်ရင်လည်း ဟိုးလေးတကြော်ပွဲမှာအနိုင်ရဖူးတဲ့ သမိုင်းစာမျက်နှာထဲပါသွားမယ်"

"ကြက်သမိုင်းထဲတော့ မပါချင်ပါဘူး၊ မောင်ဖိုးရာ ... "

"ဘယ်သမိုင်းထဲမှာပဲဖြစ်ဖြစ် အရေးအကြီးဆုံးက ဘဝမှာ ထင်ပေါ်ကျော်ကြားဖို့ပဲဟေ့"

"ထင်ပေါ်တာတွေ ကျော်ကြားတာတွေနောက်ထား _ အစာလည်းကောက် _ လေသံလည်းနားထောင်ဦးဟေ့"

"ဘာဖြစ်လို့လဲ _ ရဲစားခံရမှာကြောက်လို့လား _ ဒီလိုပွဲကြီးမျိုးကတော့ ရဲကြေးရှင်းပြီးသားဖြစ်မှာပါ ပွဲတည်တဲ့လူက ဘယ်ပွဲပျက်ခံမလဲ ... "

"ငါပြောတာ အဲဒီပွဲတည်တဲ့လူပဲ"

"ဘာဖြစ်လို့လဲ ဆင်ပေါက်ရာ ... မင်းကနာမည်ကသာ ဆင်ပေါက် သတ္တိကျတော့ ကြွက်ပေါက်လောက်တောင်မရှိဘူးပဲ၊ ငါကတော့ ဘက်တူရင် တက်လူသော သဘာရင့်သော နားမလည်ဘူး"

"အေးပါ _ မကြိုသေးခင်တော့ ထောင်ဦးပေါ့ ဖိုးတောင်ရယ်"

"ဖိုးထောင်တို့က အဲဗားအီရက်(တ်) Ever Erect ပါကွာ၊ မင်းကောင်က ဘာကောင်မို့လဲ"

"မင်းလို အချိန်ပြည့်တော့မထောင်ဘူး _ သာမန်အချိန်ဆိုရင် မင်းဆဲလည်းခံ၊ ငါဆဲလည်းခံ၊ မင်းထိုးလည်းခံ၊ ငါထိုးလည်းခံတယ်၊ ဒါပေမဲ့ စိတ်ဖောက်လာလို့ကတော့ မင်းလိုကောင်မပြောနဲ့ ဟဲဗီးဝိတ်တန်းနဲ့လည်း



သေလွန်လေပြီးသောအခါ _

ယှဉ်ထိုးဖို့ဝန်မလေးဘူး _ ကြမ်းပိုးကို ဆယ်ပေါင်တူနဲ့ ထုဖို့လည်း ဝန်မလေးဘူး၊ နောက်ဆုံးပြောရရင် သူမိန်းမတောင် အိပ်ရင်းတန်းလန်းနဲ့ လည်ပင်းထ,ထညှစ်တဲ့လူကွ သိပြီလား ... "

"ဂေါက်သီးလား"

"စိတ်မှန်ရင် တောဂေါ်လီ _ စိတ်ဖောက်ရင် ဂေါက်သီး၊ မှန်တဲ့အချိန်မှာဖြစ်ဖြစ် ဖောက်တဲ့အချိန်မှာဖြစ်ဖြစ် ကျင်းစိမ်ဖို့အသင့်ဆိုတဲ့လူကွ၊ သူတို့က မျိုးနဲ့ရိုးနဲ့ကို စိတ်ရူးပေါက်တာနေ့်"

"မင်းပြောတာ ဘယ်သူလဲဆိုတာကို ငါမသိသေးဘူး"

"စိမ်းမောင်"

"ဟေ _ ကွမ်းတောင်ကိုင်ထွေးရီနဲ့ ရသွားတဲ့စိမ်းမောင်ပေါ့"

"ဟေ ... သူ့အမေက ဟိုသရဲမကြီး ဒေါ်ခင်လုံး ... "

"ဟုတ်တယ် ... ဒီကောင်ကလည်း သူ့အဖေလို စိတ်ကတစ်ချက်တစ်ချက် ထ,ထဖောက်လို့ ထွေးရီကလည်း သူနဲ့ကွဲချင်နေပုံရတယ်"

မောင်ဖိုးထောင်တို့သုံးယောက်ရဲ့စကားဝိုင်းထဲ သူမဝင်ပေမယ့် မောင်ဖိုးတို့စကားက သူ့ကိုကြီးမားစွာ စွဲဆောင်ဆွဲငင်လို့ထားသည်။

သရဲမကြီး ဒေါ်ခင်လုံးက သူနှင့် ရေစက်နီးလွန်းလှသည်။

ဒေါ်ခင်လုံး အသတ်ခံရခြင်း။

သရဲကြီး ဒေါ်ခင်လုံး လေမွေနဲ့အတူ သူ့အားဝင်တိုက်ပြီး ထန်းပင်ကုန်းရွာကြက်ဝိုင်းသို့ သွားဖို့လမ်းညွှန်ခြင်း။

လမ်းညွှန်သည့်အိမ်က ဒေါ်ခင်လုံးသားစိမ်းမောင်နေထိုင်ရာ ဒေါ်ခင်လုံး၏ အိမ်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



စသည် စသည်တို့သည် မယုံနိုင်ဖွယ်တိုက်ဆိုင်မှုများသာလျှင် ဖြစ်တော့သည်။

''ကြည်နိုင် _ ဘယ်ဘက်ကလောင်းကြေးထည့်မှာလဲ၊ ပွဲက စလွှတ်တော့မယ်''

''အေးလေ _ ကြွေတစ်လက်၊ ကြက်တစ်ခုန်တဲ့၊ ပွဲကတာစ ထွက်ထွက်ချင်း သိမ်းသွားနိုင်တယ်နော် ... သိပ်တွေဝေမနေနဲ့၊ ပြီးမှ နောင်တရတာ _ ယောက်ျားကောင်းတို့ အစဉ်အလာ မဟုတ်ဘူးကွ''

''ငါကတော့ ပြောင်ခေါင်းစိမ်းဘက်ကို တင်လောင်းထားတယ်''

''မင်းဆုံးဖြတ်ချက်မှန်တယ် ဖိုးထောင် ဒီကြက်နှစ်ကောင်မှာ ခွပ်လက်၊ တိုက်ခိုက်စွမ်းရည်ချင်းတူတယ်ထားဦးတော့ _ ပြောင်ခေါင်း စိမ်းက အလုံးအထည်လည်းပိုပြည့်တယ် ဒေါက်လည်းမြင့်တယ်''

''ငါတော့ စိန်တစ်လုံးဘက်ကပဲ လောင်းလိုက်ပြီကွာ ... ဘာလို့လဲဆိုတော့ ဒီကောင်ကပိုပြီးကျစ်တယ် ပိုပြီးလည်းမျက်စိရှင်တယ်၊ ခြေကြွခြေချအားလုံးကို ခြုံငုံကြည့်ရတာ သတိပိုကောင်းတာ ပေါ်လွင်နေ တယ်ကွ၊ မင်းတို့နှစ်ယောက် ပြောင်ခေါင်းစိမ်းဘက်ကပြန်ခွာပြီး စိန် တစ်လုံးဘက်ပြောင်းထိုင်ရင် အချိန်မီသေးတယ်နော်''

''ဟုတ်တယ် မောင်ဖိုးပြောတာတွေကို ငါကကြက်သမားဝါရင့် မဟုတ်လို့မသိနိုင်ပေမယ့် ဒီပွဲမှာ စိန်တစ်လုံးနိုင်မှာသေချာတယ်''

ကြည်နိုင်ပြောလည်းပြော အိတ်ထဲပါသည့် ငွေကိုလည်း တစ်ကျပ် မချန်ထုတ်ယူကာ ရေတွက်ပြီးလျှင် တစ်ဝက်ကိုအိတ်ထဲပြန်ထည့်ပြီး–

''စိန်တစ်လုံးဘက်ကထိုင်တယ်ဟေ့ ... တစ်ပုံးခွဲကွာ ...''

''ဆုံးဖြတ်ပြီးပြီလား ကြည်နိုင် _ ပြင်ဆင်ချိန်မပေးတော့ဘူး





နော်၊ ဟိုတစ်ခါလို အပီနိုင်မယ်တော့မထင်နဲ့၊ ပြောင်ခေါင်းစိမ်းက ကမ္ဘာ ရှားနော် ...''

''ဘာလဲ ... မင်းတို့ငါ့လောင်းကြေးကို လန့်လို့လှန်တာလား''

''လုံးဝမလှန်ဘူး၊ မင်းအိမ်ပေါင်ပြီးထပ်တင်ချင်ရင် တင်လိုက် အပယ်မရှိဘူးဟေ့ကောင်ရေ ...''

ပြောင်ခေါင်းစိမ်းဘက်မှ အုပ်စုက ပို၍တောင့်သည်။ လောင်း ကြေးငွေကလည်း ပိုနိုင်သည်။

''ငါတို့နှစ်ယောက်လည်း စိန်တစ်လုံးဘက်ကိုပြောင်းထိုးတယ် ဟေ့''

ဖိုးထောင်နှင့်ဆင်ပေါက်သည်း ဘက်ပြောင်းနေလိုက်ကြသည်။

ကြည်နိုင် စိန်တစ်လုံးကြက်ပိုင်ရှင် အနီးတိုးကပ်ပြီးပြောလိုက် ၏။ စိန်တစ်လုံးပိုင်ရှင်မျက်နှာဝင်းလက်သွားကာ ခေါင်းတညိတ်ညိတ်လုပ် နေသည်။ ပြီးတော့ ကွမ်းတံတွေးတစ်ချက်ထွေးပြီး ကြည်နိုင့်ဆီမှ တစ် သိန်းခွဲကိုကိုင်ကာ သူ့အိတ်ထဲမှ ငွေတစ်သိန်းနှင့်ပေါင်းလိုက်၏။

''ဒီပွဲမှာ အားလုံးသိထားတဲ့အတိုင်း ရေမကူကြေး၊ မကိုင်ကြေး မကောက်ကြေး ... သေရှုံး၊ ပြေးရှုံး၊ စည်းထွက်ရှုံးပဲနော်''

''သိပြီးသားဟေ့ကောင် ... အာပလာပိုင်းမဟုတ်ဘူး ဒီစည်း မျဉ်းတွေကို အားလုံးအလွတ်ရပြီးသား''

''အေး ... ဒါဆို ငါထပ်ပြောမယ်၊ ဟော့ဒီမှာ ငွေနှစ်သိန်းခွဲ ဒါ ကြက်ဖိုးလောင်းကြေးပဲ၊ ငါ့ကြက်စိန်တစ်လုံးရှုံးခဲ့ရင် ဒီနှစ်သိန်းခွဲကိုရော စိန်တစ်လုံးကိုရော မင်းတို့ပိုင်သွားပြီး သတ်လိုသတ်၊ ခုတ်လိုခုတ်၊ လုပ်ချင် ရာလုပ်၊ ငါအေးအေးဆေးဆေးပြန်ရုံပဲ၊ မင်းတို့ကြက်ပြောင်ခေါင်းစိမ်းရှုံးရင်လည်း''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် _ ဒီမှာကြက်ဖိုးနှစ်သိန်းခွဲ _ ငါတို့ကြက်ရှုံးရင် ငွေရောကြက်ရော ထားခဲ့မယ်"

"ကဲ _ ကဲ ကြေးတိုက်ပြီးကြရင် _ စမယ်ဟေ့၊ တစ်ဘက်ကိုနှစ်သောင်းခွဲ အကောက်လာထည့်ကြမယ်"

အကောက်ဒိုင် ပွဲတည်သူ စိမ်းမောင်အသံအဆုံးမှာ ကြည်နိုင်က အကောက်ငွေနှစ်သောင်းခွဲကို စိန်တစ်လုံးကြက်ပိုင်ရှင်ထံပေးလိုက်၏။ ပိုင်ရှင်က နှစ်သောင်းပဲယူသည်။ ငါးထောင်ပြန်ပေး၏။

"ရော့ နှစ်သောင်းခွဲ"

"ရော့ နှစ်သောင်းခွဲ"

အကောက်ကိစ္စ၊ စည်းမျဉ်းစည်းကမ်းထပ်မံရွတ်ဆိုခြင်းကိစ္စ။ လောင်းကြေး ကြေးတိုက်အလျော်အစားကိစ္စတွေပြီးသွားသည်။

ဒီပွဲမှာ ထူးခြားတာက နှစ်လေးတစ်လေးကိစ္စ၊ သုံးလေးတစ်လေးကိစ္စ စသည့်အလေးကိစ္စတွေ မပါပါ။

ကြက်နှစ်ကောင်လုံးက တိုင်းလုံးပြည်လုံးကျော်တွေမို့ နိမ့်ကြေးတင်ကြေးစသည့်တင်ကြေးတွေ မသတ်မှတ်ရဲကြခြင်းဖြစ်သည်။

ပွဲစခါနီးလာလေလေ ကြွက်စိကြွက်စိအသံတွေ မြည်လာလေလေဖြစ်လာ၏။

"ဆူတယ်ဟေ့ ... အားလုံးတိတ်ကြပါ၊ ဒါကလေးကလားဝိုင်းမဟုတ်ဘူး ... ကြိုပြောထားမယ် ဒီမှာ စည်းသုံးထပ်တားထားတယ် ... အလယ်စည်းဝိုင်းအတွင်းမှာ ကြက်နှစ်ကောင်တည်မယ်၊ ဒုတိယစည်းထဲမှာ ကြက်ပိုင်ရှင်နှစ်ယောက်နေမယ်၊ တတိယစည်းဝိုင်းထဲမှာ ငါနေမယ်၊ လောင်းတဲ့လူ ကြည့်တဲ့လူတွေအားလုံးက စည်းတွေရဲ့





အပြင်မှာပဲနေရမယ်၊ ပွဲပျက်အောင် အော်ဟစ်ဆူညံသူပဲဖြစ်ဖြစ် ခဲနဲ့ပေါက် တုတ်နဲ့ပေါက် ကိုယ်ထိလက်ရောက်နှောင့်ယှက်သူပဲဖြစ်ဖြစ် ဟော့ဒီ ငှက်ကြီးတောင်နဲ့ပဲ စကားပြောမယ်ဟေ့ _ ပွဲပျက်ကြေးအဖြစ် ဆယ်သိန်းအလျော်ရှိတယ် _ ဆယ်သိန်းလည်းကုန် ဓားခုတ်လည်းခံရမယ့်အလုပ်မလုပ်ကြပါနဲ့၊ ကဲ ပိုင်ရှင်နှစ်ယောက် ကိုယ့်ကြက်ကိုပွေ့ပြီး ဒုတိယစည်းဝိုင်းထဲဝင်လို့ရပါပြီ ... "

သူကိုယ်သူ ဟဲဗီးစိတ်ကြီးဝိုင်းဒိုင် လူးဝစ်(စ်)ဖီလာအလား စိမ်းမောင်တစ်ယောက်ပွဲထွက်ခရာ မှုတ်လိုက်ချိန်မှာ လူအားလုံး၏အသံတွေ အပ်ကျသံကြားရမတတ် တိတ်ဆိတ်သွားကြသည်။

ကိုယ့်ကြက်ကို ကိုယ်စီကိုယ်ငပွေ့လျက် ကြက်ပိုင်ရှင်နှစ်ဦး ဒုတိယစည်းဝိုင်းထဲမှာ မျက်နှာချင်းဆိုင်ထိုင်နေလျက် ကြက်နှစ်ကောင်မြေချပေးလိုက်ကြလေသည်။

ပြောင်ခေါင်းစိမ်းက ဟဲဗီးမက်တယ် (Heavy Metal) အဆိုတော်တစ်ယောက် တက္ကနိုကကွက်ကို ပါဖောင်းမန့်လုပ်နေဟန် အချိုးအဆစ်ကြမ်းကြမ်းခြေလှမ်းများနဲ့ ရှေ့တိုးလာ၏။

စိန်တစ်လုံးကမူ သူ၏စူးလက်လက်မျက်ဝန်းတွေနဲ့ (Hip Hopper) အဆိုတော်တစ်ယောက်လို ခန့်မှန်းရခက်သော ခြေလှမ်းများနဲ့ ပေါ့ပါးစွာ လျှောက်လှမ်းနေသည်။

ပြောင်ခေါင်းစိမ်းက တိုက်ခိုက်ရည်ပြည့် ဂလေဒီယေတာတစ်ယောက်အသွင် ...

စိန်တစ်လုံးက တိုင်းပြည်ပျက်ချိန်မှာတောင် တယောသံမပျက်သည့် နီရိုးဘုရင်ပမာ ...



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ခေါင်းစိမ်းက အတောင်ပံကြွ၏
စိန်တစ်လုံးက အတောင်ပံချ၏။
ပြောင်ခေါင်းစိမ်းက ခွပ်ဒေါင်း
စိန်တစ်လုံးက ကဒေါင်း
ပြောင်ခေါင်းစိမ်းက စွန်ရဲ
စိန်တစ်လုံးက ကြောင်လက်သည်း
ပြောင်ခေါင်းစိမ်းက စစ်မျက်နှာဖွင့်၏။
စိန်တစ်လုံးက တပ်ဖျောက်၏။
ပြောင်ခေါင်းစိမ်းက တိုက်ပွဲဝင်စစ်သူကြီး
စိန်တစ်လုံးက ကွန်မန်ဒိုပြောက်ကျား
ပြောင်ခေါင်းစိမ်းက ပရိသတ်ကို ဂရုထား၏။
စိန်တစ်လုံးက ပြောင်ခေါင်းစိမ်းကိုသာ ဂရုထားသည်။
ပြောင်ခေါင်းစိမ်းက သွေးရဲသည်။
စိန်တစ်လုံးက သွေးအေး၏။
ပြောင်ခေါင်းစိမ်းက ပူပူဆူဆူ
စိန်တစ်လုံးက အေးအေးငြိမ်းငြိမ်း။
ပြောင်ခေါင်းစိမ်းက မီးလိုနေလိုအလျှံဝေဝေ
စိန်တစ်လုံးက ရေလိုနှင်းလိုပျောင်းနွဲ့နွဲ့။

ဆန့်ကျင်ဘက်နှစ်ခု၏ ဆုံမှတ်လို့ပြောရမလား ... ယှဉ်သတ္တိ ယန်သတ္တိ OVER LAP ဖြစ်ခြင်းပဲဆိုရမလား။

တိုက်ပွဲကတော့ မတိုက်သေးတဲ့ကို ကြည့်ကောင်းလွန်းလှသည်။ ရင်ခုန်ဖွယ်ကောင်း၏။ ဇာတ်သိမ်းကိုပင် မသိချင်လောက်အောင် နှစ်ကောင်





သား ဒီလိုကိုယ်ပိုင်ဟန်တွေ ခင်းကျင်းနေတာကိုသာ တစ်နေကုန်ထိုင်ကြည့်ချင်တော့သည်။

လောင်းကြေးတွေကို မေ့သွားသည်။
အရက်သောက်ချင်စိတ်ကို မေ့သွားသည်။
ညာသံပေးအားပေးသံတွေကို မေ့သွားသည်။
မောင်ဖိုးတို့သူငယ်ချင်းသုံးယောက်ကိုမေ့သွားသည်။
စံပေါ်အရက်ဖိုကို မေ့သွားသည်။
ကျွန်းတောကြီးကို မေ့သွားသည်။
ကျွန်းပင်ခြောက်ကြီးကို မေ့သွားသည်။
ဒေါ်ခင်လုံး ခေါင်းပြတ်ကြီးကို မေ့သွားသည်။
မြေးသွေးနှင့်နွေဦးကို မေ့သွားသည်။
မြေးသွေးရဲ့ ဗိုက်ကြီးကိုမေ့သွားသည်။
မြေးသွေးအမေ ဒေါ်မြစိမ်းကိုမေ့သွားသည်။ နောက်ဆုံး ...
ကိုယ့်ကိုယ်ကိုယ် မေ့သွားသည်။

Contemporary (ခေတ်ပြိုင်)ဖြစ်သော ပြောင်ခေါင်းစိမ်းနှင့် စိန်တစ်လုံးကိုသာ မျက်စိကျွတ်ကျမတတ်ငေးကြည့်နေမိ၏။

ဆန့်ကျင်ဘက် ဝိရောဓိသဘွေကိုယ်စီနဲ့ ပြောင်ခေါင်းစိမ်းနှင့် စိန်တစ်လုံးကိုသာ မျက်ခြည်မပြတ် ငေးကြည့်နေမိပါတော့သည်။

တိုက်ပွဲက အေးစက်စွာသွေးဆူစေသည်။

နှစ်ကောင်စလုံး အားအင်ကို အပိုအလေအလွင့်ခံသုံးစွဲလိုပုံမရ။ သူ့ငေးကြည့်နေဆဲမှာပင် ...

ပြောင်ခေါင်းစိမ်းသည် ပါဝါပြည့်အာဂျင်တီးနားလာယ်ရှုးစင်



www.burmeseclassic.com

www.burmeseclassic.com



ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအလား ...

"ဝုန်း"

ခနဲ ခြေကုန်သုတ်ခုန်လိုက်သည်။

"ဖောင်း"

ခနဲ ခြေရိုက်ချက်နဲ့အတူ စိန်တစ်လုံး၏ ရင်ဘက်မွေးတွေ တဖွားဖွား ပြုတ်ကျလွင့်စဉ်သွားလေသည်။

စိန်တစ်လုံးနောက်သို့ ခြေသုံးလှမ်းမျှဆုတ်ကာ ဟန်ချက်ကို ခနော်နီခနော်နဲ့ ပြန်ထိန်းလိုက်ရ၏။

အတောင်ပံတွေက မြေကြီးထိအောင် ကျသွားသည်။

"ဟေး — ပြောင်ခေါင်းစိမ်းကွ — ဆော်ထည့်လိုက်တော့လေကွာ၊ ကြာလို့ — စိန်တစ်လုံး မျက်လုံးတွေ ဖောက်ထုတ်ပစ်လိုက်တော့ဟေ့"

တခဲနက်အားပေးသံတွေ လွင့်ခနဲ စီခနဲ ဝေါခနဲ ညံနေ၏။ လူသံတွေဆီသို့ ပြောင်ခေါင်းစိမ်း အာရုံရောက်သွားစဉ် — စိန်တစ်လုံး လှစ်ခနဲ ရှေ့တိုးလိုက်သည်။

သို့သော် ပြောင်ခေါင်းစိမ်းကလည်း သတိပြန်ကပ်ကာ ခေါင်းထိုးဝင်လာသော စိန်တစ်လုံး၏လည်ကုပ်ကို နှုတ်သီးနဲ့ ဖမ်းဆိတ်လျက် ပိုင်ပိုင်နိုင်နိုင် ခြေရိုက်ချက်ထွက်သွား၏။

စိန်တစ်လုံး မျက်နှာချက်ချင်းပင့်လိုက်၍ ပြောင်ခေါင်းစိမ်းခြေထောက်တွေ ဖလာချိုမြောက်တက်သွားလေသည်။

ပြောင်ခေါင်းစိမ်းခြေထောက်တွေ မြေမကျမီ စိန်တစ်လုံး စိန်တစ်ပွင့်လက်သကဲ့သို့ လျှင်မြန်သော အဟုန်ဖြင့် တရှူးထိုးတိုးဝင်လိုက်





၏။ အိကျနေသော တောင်ပံအုပ်အုပ်များထဲမှာ ပြောင်ခေါင်းစိမ်းမျက်နှာ ပျောက်ကွယ်သွားခိုက်၊ စိန်တစ်လုံး၏ ခြေအစုံ ဖျတ်ခနဲကြွတက်သွားတာတွေ့လိုက်ရသည်။

"ဒုတ်"

"က ရော့"

တစ်ခုန်ဆိုမှ တစ်ခုန်တည်း ထိုတစ်ခုန်နဲ့ပဲ ပွဲသိမ်းလိုက်ပါတော့သည်။

"ဖလောင်း ... ဖလောင်း ... "

လည်ပင်းမှသွေးတွေ ဝေါက်ခနဲ ဝေါက်ခနဲ ပန်းထွက်ရင်း ဝရုန်းသုန်းကား အတောင်ပံတွေခတ်ရင်း — တဆတ်ဆတ်အကြောဆွဲကာ ပြောင်ခေါင်းစိမ်း ငြိမ်ကျသွားတော့သည်။

အောက်

အီ

အီး

အွတ်

စိန်တစ်လုံး၏ အောင်ပွဲရကြိမ်းဝါးသံက ခန့်ငြားစွာ ထွက်ပေါ်လာလေပြီ။

ဝေး

ဟေး

ဟေး

ဟေး

"စိန်တစ်လုံးတဲ့ဟေ့ — စိန်တစ်လုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



ဂန္ထာရုံပြ

စိန်တစ်လုံးအတွက် အောင်ပွဲကြိုတံပိုးခရာသံများ ကြွက်ကြွက်ညံ‌ေဖြာသွားပါပြီ။

စိန်တစ်လုံးပိုင်ရှင်က စိန်တစ်လုံးကိုပွေ့ဖက်နမ်းရှိုက်လိုက်ချိန်မှာ ကြည်နိုင်ကတော့ အသက်မရှိတော့တဲ့ ပြောင်ခေါင်းစိမ်းကို ခြေနှစ်ချောင်းဆွဲယူလိုက်ပါသည်။

နိုင်သူတွေကကြွားကြွား ကြွားကြွား

ရှုံးသူတွေက ဖားဖား ဖားဖား။

ရှုံးသူတွေက အရက်ဖိုးတောင်းကြ။

နိုင်သူတွေက အရက်ဖိုးပေးကြ။

တစ်စတစ်စ လူကွဲသွားပြီး နေဝင်ပြီ။

အိမ်ထဲမှာတော့ စိန်တစ်လုံးကြက်ပိုင်ရှင်တည်ခင်းသော အောင်သေအောင်သားစားပွဲကျင်းပလို့နေ၏။

မောင်ဖိုး ဖိုးထောင်နဲ့ဆင်ပေါက်တို့လည်း အရက်မြည်းအတွက် ကြက်နိုင်ငွေထဲမှ တဖွားဖွားထုတ်ကာ စေတနာတွေရေစီးကမ်းပြိုလိုက်လျက်ရှိသည်။

ထွေးရီနဲ့ စိမ်းမောင်တို့လင်မယားလည်း အမဲခြောက်ဖုတ်ရ လက်ဖက်သုပ်ရ၊ ပဲခြမ်းထုပ်ပြေးဝယ်ရ၊ ဈေးသည်မဒေါ်အိမ်မှ ငါးသေတ္တာကြော်ရ၊ ကြက်ခြံမှကြက်ဝယ်ပြီး ကာလသားချက်ချက်ရနဲ့ တာဟီရတွေ ထူပျောကာ ပျော်တပြုံးပြုံးရှိနေကြ၏။

"(Graeat) ဂရိတ်ပဲဗျာ _ ကမ္ဘာပေါ်မှာ စိန်တစ်လုံးတိုက်ကွက်ကတော့ တကယ့်စံနမူနာပဲ ... တစ်ချက်မှ ထွက်မတိုက်ဘူး အငြိမ်အေး ... တိုက်ပြီဆိုတာနဲ့ လှည့်ကြည့်စရာမလိုဘူး ... ကမ္ဘာပေါ်မှာ





လှည့်ကြည့်စရာကိုမလိုဘူးဗျာ _ တစ်ဖက်ကြက်အသက်ထွက်ပြီ သေချာတယ်၊ ကမ္ဘာပေါ်မှာသေချာတယ်ဗျာ _ ကမ္ဘာပေါ်မှာ ဂင်းနစ်စံတော်ချိန်ဝင်သင့်တယ် ဂရိတ်ပဲဗျ ... ကမ္ဘာပေါ်မှာ ဂရိတ်ပဲ"

ကမ္ဘာပေါ်မှာ မောင်ဖိုးကတော့ ငွေစနဲ့အတူ အူပါရှင်နေ၏။

"သောက်လေကွာ၊ ကြည်နိုင် ဒီလောက်နိုင်ထားတာ ဘာကိစ္စမျောက်သေမျက်နှာနဲ့ မှိုင်နေတာလဲ"

"ဟုတ်တယ် ... ကြည်နိုင် သုံးပုံးနိုင်သွားပြီ ဒီလောက်နိုင်မှဖြင့် ကြည်ကြည်လေးနေပါ ကြည်နိုင်ရယ် ... "

"မင်းလက်ထဲက ပြောင်ခေါင်းစိမ်း ရေနွေးဖျောတော့ကွာ၊ ဒါမှ အောင်သေအောင်သားစားတာ စစ်သွားမယ် ... "

ဆင်ပေါက်အပြောကြောင့် သူတွန့်ခနဲဖြစ်သွား။

"မလုပ်နဲ့ဆင်ပေါက် ... ငါ ငါ လုပ်စရာရှိသေးတယ်"

ပြောပြောဆိုဆို ကြည်နိုင် ကြက်ပိုင်းမြေရှာ ဘုံးထဲပြေးထွက်ခဲ့တော့ ... အရက်ဝိုင်းမှလူတွေ သူ့ကို အရူးလိုပိုင်းကြည့်နေကြ၏။

သူတို့ဘာသာ ဘယ်လိုပဲမြင်မြင် ဘယ်လိုပဲထင်ထင် ကြည်နိုင်ဂရုမစိုက်ပါ။ ခါးကြားမှာဆောင်ထားသော ဓားမြှောင်လေးကို ထုတ်ကာ ပြောင် ခေါင်းစိမ်း၏လည်ပင်းကို လှီးဖြတ်ရန် ပြင်လိုက်စဉ် ...

"ဟာ _ လှီးစရာမလိုတော့ပါဘူ ပြောင်ခေါင်းစိမ်း လည်ပင်းကို စိန်တစ်လုံးဖြတ်ပြီးသားပဲ ... ကဲ ဒီတော့ ... "

ကြည်နိုင် ဓားကို ခါးကြားပြန်သွင်းလိုက်၏။

ပြီးတော့ ပြောင်ခေါင်းစိမ်း၏ခြေထောက်နှစ်ချောင်းကို ဆွဲမြှောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ — ဗျို့ ခင်ဗျားစားချင်တဲ့ကြက်သား စားလို့ရပြီ သရဲမကြီး ဒေါ်ခင်လုံးရေ … မတိမ်းမစောင်းနဲ့ ဗိန်းမောင်းတီးပြီးသာ ပြေးခဲ့ပေတော့ဗျို့ — ကြိုက်သလောက်စားတော်ခေါ်၊ ဖော့်ဖော့်ကြီးသာ စားလှည့်ပါဗျို့ … သရဲမဒေါ်ခင်လုံး ကြက်သား စားလှည့်ပါဗျို့ … "

"ဟာ — ကြည်နိုင် ဘာတွေထပေါက်သွားတာလဲ"

"မသိဘူး — ဒီကောင် မလုပ်ကောင်းတာတွေ လျှောက်လုပ်နေပြီ"

ထိုစဉ် …

အနောက်ဘက်ခြံစည်းရိုးမှ တကျိုးကျိုး တဂျွန်းဂျွန်းသံတွေကြားလိုက်ရသည်။

"ကြားလား အသံတွေကြားလား အနောက်ဘက်ခြံစည်းရိုးက အသံတွေကြားကြလား"

"အေး တိတ်တိတ်နေ ဖိုးထောင် … သရဲမကြီး ဒေါ်ခင်လုံး တကယ်လာပြီနဲ့တူတယ်"

"ထွီ … "

"ဟာ နံတယ်ဟေ့ … "

"ထွမ် … ပုတ်ဟောင်နေတာပဲ … "

မောင်ဖိုးတို့အဖွဲ့ ၄င်းလက်စအရက်ပုလင်းကို ဘေးမှာချကာ ဝါးလက်တွေအထပ်ထပ်ထူပိန်းအောင်ကာရံထားသည့် အနောက်ဘက်ခြံစည်းရိုးတန်းဆီသို့သာ တမေ့တမော ငေးနေကြ၏။

"အနံ့ကြီးက ပိုစူးလာသလိုပဲ … "

"အေး ညှီပုပ်ပုပ်ကြီး … "





ပုဆိုးခါးပုံစတွေနဲ့ နှာခေါင်းတွေကိုပိတ်ကာ မမြင်ရသော ဝိုးတဝါး အမှောင်ထဲသို့ အာရုံစိုက်ကြည့်နေကြစဉ် …

"ဘုံး … "

ခြံစည်းရိုးထဲမှ လွှားခနဲ ခုန်ထွက်လာသော အရိပ်မည်းကြီး သူတို့မျက်စိတည့်ရာသို့ အရှိန်ပြင်းစွာ ပြုတ်ကျလာသည်။

"ဘာ ကြီး တုန်း"

"မသိဘူး … မည်းမည်းကြီးပဲ … "

"သေချာကြည့်ပါဟ … "

"ဟာ … ကျားကျားကြီး … ကျားသစ်နက်ကြီး … "

"မဟုတ်ဘူး — ခွေးကြီး ခွေးနက်ကြီး"

"ခွေးနက်ကြီး … ကြီးလှပါလားဟ … "

ကြောက်စရာ ရောမခွေးနက်ကြီးသည်

အီ

အီ

အော်ညည်းရာမှ လူးလဲထပြီးလျှင် …

အူ

အူ

အူ

အူး …

ဆွဲဆွဲငင်ငင် ထိတ်လန့်ဖွယ် အူလိုက်ပါတော့သည်။ ပြီးတော့ သူတို့အရက်ဝိုင်းရှိရာသို့ တရွေ့ရွေ့လှမ်းလာသည်။

မှောင်ရီဝေဝါးမှာ ခွေးနက်ကြီး၏ စိမ်းဖန့်ဖန့်တောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှစ်လုံး၏ အရောင်တွေက တဖျတ်ဖျတ်လက်နေ၏။

ခွေးနက်ကြီး နီးသထက်နီးလာချိန်မှာ မောင်ဖိုးတို့အုပ်စု အမြီးကုတ်ငြိမ်ကျသွား၏။

ထွက်ပြေးစရာလည်းအပေါက်မရှိ။ တစ်ပေါက်တည်းသော အိမ်ပေါက်ဝမှာ ခွေးနက်ကြီးက ပိတ်ရပ်ထားသည်။

မီးဖိုချောင်ထဲမှထွက်လာသော စိမ်းမောင်နှင့်ထွေးရီတို့ကလည်း ထိတ်ထိတ်လန့်လန့်ဖြင့်ပင် မောင်ဖိုးတို့အရက်ဝိုင်းနားတိုးကပ်လာကာ ကြောက်စရာခွေးနက်ကြီးကိုသာ ပြူးပြူးကြီးကြည့်နေမိကြသည်။

"သွား … သွား … ငါတို့ခေါ်တာမဟုတ်ဘူး … လူမှားမယ် နင့်ကိုခေါ်တာ ကြည်နိုင် သွား … ကြည်နိုင့်ဆီသွား … "

ဖိုးထောင်က ခွေးစကားပြောတတ်တာမဟုတ်ပေမယ့် သူတတ်တဲ့လူစကားနဲ့ခွေးနက်ကြီး သဘောပေါက်အောင် သွေးရှူးသွေးတန်းရှင်းပြနေ၏။

"ကိုစိမ်းမောင် အဲဒီခွေးနက်ကြီးက တော့်အမေလား … "

"ဘာ … နင်ဘာစကားပြောတာလဲ … ကဲကွာ"

"အမလေး ကယ်ပါဦး … ကိုစိမ်းမောင် ကျွန်မလည်မျိုညှစ်နေပါတယ်တော့ … "

"ဟော့လူ … မလုပ်နဲ့ … မလုပ်ပါနဲ့ဗျာ"

စိမ်းမောင်နှင့်ထွေးရီတို့ လင်မယားရန်ပွဲကို ဖြေရှင်းနေခိုက်မှာ ခွေးနက်ကြီးသည် ဒေါသချောင်းချောင်းထထွက်နေသော စိမ်းမောင်ကို တွေတွေကြီးငေးကြည့်နေသည်။

ပြီးမှ တွဲလောင်းကျလျှာကြီးကို သိမ်းလိုက် မနိုင်မနင်းနဲ့ တစ်





ထွာလောက်ထွက်ထွက်ကျလိုက်နဲ့ ဖြစ်နေရာမှ ခေါင်းငိုက်စိုက်ချပြီး လှည့်ထွက်သွားတော့သည်။

ခွေးနက်ကြီး၏ ခြေလှမ်းတွေ ကြက်ကွင်းလယ်မှာရှိသော ကြည်နိုင့်ထံသို့ တန်းတန်းမတ်မတ် …

မောင်ဖိုးတို့အုပ်စုကတော့ ရန်းရင်းဆန်ခတ်ရန်ပွဲကို ကူညီဖျန်ဖြေလို့မပြီးနိုင် မစီးနိုင်သေးပါ။

ကြည်နိုင်တစ်ယောက်သာ … ခါးစောင်းလောက်မြင့်သော ခွေးနက်ကြီးကိုကြည့်ကာ ကြောင်အအန့်ကြက်သေသေပြီး ကျီးကန်းတောင်းမှောက်မျက်လုံးတွေ ပြူးလည်နေရပါတော့သည်။

သူခေါ်သည်က သရဲမကြီးဒေါ်ခင်လုံး

သူ့ထံရောက်လာသည်က ခွေးနက်ကြီး …

လက်ထဲကကြက်ကို ချကွေးရကောင်းနိုးနိုး ကိုင်ထားရကောင်းနိုးနိုးဖြစ်နေစဉ် …

"ပေးစမ်းဟာ ငါစိတ်မရှည်ရင် နင့်လည်ပင်းပါ ကိုက်ချလိုက်မယ် … ဘာ အောက်မေ့လဲ"

မယုံနိုင်ဖွယ်ရာကောင်းအောင်ပင် ခွေးနက်ကြီးပါးစပ်က လူစကားထွက်နေသည်။

ကြည်နိုင် … တစ်ကိုယ်လုံးသံဘရပ်(ရှ်)နဲ့ ဆွဲခြစ်လိုက်သလို ထွန့်ထွန့်လူး ထိတ်လန့်သွားမိသည်။

ခွေးနက်ကြီး မတ်တတ်ရပ်ကာ ရှေ့လက်နှစ်ဖက်က ကြည်နိုင့်လက်ထဲမှ ကြက်အသေကောင်ဆီ လှမ်းနေ၏။

အရပ်ကြီးက ကြည်နိုင့်အရပ်လောက်အထိမြင့်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တွဲလောင်းကျလျှာကြီးက သွားရည်တမျှားမျှား ...

သွားစွယ်ချွန်ချွန်ကျဲကျဲများက ဖွေးရှရှ ...

ကြည်နိုင်ငေးပိုင်နေဆဲ သူ့လက်ထဲမှ ကြက်အသေသည် ခွေးနက်ကြီး၏ လက်နှင့်ဆွဲလိုက်သည်ထင်၏။

ဖျတ်ခနဲ ပါသွားပြီ။ ခွေးနက်ကြီး၏ ပါးစပ်ထဲငုံကာ ခဲထားတာ တွေ့လိုက်ရသည်။

အမှောင်က ပိုမည်းပိုနက်လာ၍လောမသိ။ ခွေးနက်ကြီး၏ ခန္ဓာကိုအနက်ကြီးကိုမမြင်ရတော့ပေ။ သို့မဟုတ် ဘာကြောင့်မသိ။

သူမြင်လိုက်ရသည်က သူ့ကိုပြူးပြူးကြီးပြူးကြည့်နေသော ဒေါ်ခင်လှုံး၏ ဆံပင်ရှည်မည်းမည်းများ ဖရိုဖရဲဖုံးနေသော လျှာတွဲလောင်း မျက်နှာကြီးသာ ဖြစ်တော့သည်။

ကြည်နိုင် အသံကုန်အော်ချလိုက်တော့သည်။

"အား ..."

အဲဒီနောက်မှာတော့ ကြည်နိုင် ခွေခနဲ လဲကျကာ သတိလစ်မေ့မျောသွားလေ၏။

⁂ ◆ ⁂



## အခန်း ( ၃ )

တပို့တွဲလပြည့် ပြည့်ဝန်းဝန်းကြီးက ညောင်ပင်သာ သချိုင်းကုန်းပေါ် ထိန်ထိန်လင်းလင်းသာနေသည်။

အမှောင်ရိပ်ကျရာ ညောင်မှတ်ဆိတ်ပင်ကြီးအောက်မှာ ကြည်နိုင်တစ်ယောက် ခေါင်းငိုက်စိုက်ချထိုင်ရင်း သက်ပြင်းရှည်ကြီးချလိုက်၏။

ဂီး

ဂစ်

ဂစ်

ဂီး ...

သူ့သက်ပြင်းချသံကို ငှက်ဆိုးထိုးသံက ကြောက်မက်ဖွယ်ဖုံးလွှမ်းသွားလေသည်။

သူ့တစ်ကိုယ်လုံးကြက်သီးတွေ ဖျန်းဖျန်းထသွား၏။ အရိုးခိုက်အောင်အေးသော အချမ်းဓာတ်ကြောင့်လား — ခေါင်းကြီးလောက်အောင် ချောက်ချားသော ငှက်ဆိုးသံကြောင့်လားတော့မသိနိုင်။ သူ့ပခုံးအစုံ ဆတ်ခနဲ ဆတ်ခနဲတွန့်ကာ တုန်ခါထိတ်ပျာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟွိုးဗိုးပုရစ်မြည်သံတွေကလည်း ကြောက်လန့်မှုကို မြှောက်ထိုးပင့်ကော...ပုပ်နေ၏။

အုတ်ဂူဖွေးဖွေး ...မြုပ်မှိုမှိုတွေဆီ ငေးကြည့်ရင်း ကျောကို ...မ့်လာ၍ ပင့်သက်တစ်လုံးကို အားပါးတရ ရှူရှိုက်လိုက်စဉ် ...

မြောက်ပြန်လေအေးရှရှထဲမှာ မျောပါလာသော လူသေကောင်နံ့ကြီးကြောင့် ကြည့်နိုင် အသက်ရှူရပ်မတတ်။ ကြောက်လန့်စိတ်ကြီး ဆို့တက်လာတော့သည်။

ဦးခေါင်းခွံ၊ လက်ဖျံရိုးများထိုးထိုးထောင်ထောင် ပြန့်ကြဲနေသည့် အလယ်မှာ သူသည် အထီးတည်းအထီးကျန်ထိတ်လန့်နေမိ၏။

လပြည့်ဝိုင်းဝိုင်းကြီးအပေါ် တိမ်မည်းတစ်အုပ် ရုတ်ခနဲ ပိတ်ဖုံးချလိုက်တော့ လူရိုးစုတွေ သူ့ထံပြေးဝင်လာသည်ထင်ရသည်။

သူကြောက်လွန်း၍ မလှမ်းမကမ်းမှ ဇရပ်ကြီးဆီပြေးဖို့ စိတ်ကူးလိုက်သည်။ သို့သော် ချက်ချင်းပင် သူ့စိတ်ကူးသူပြန်ဖျက်လိုက်၏။

ထိုဇရပ်ကြီးထဲမှာက အစိမ်းဂေါင်းကြီးရှိသည်။ လူဟုဆိုသော်လည်း လူမျက်နှာနဲ့မတူ တွန့်တွတွမျက်နှာကြီးထက်မှာ အရိုးဖွေးဖွေးများ ပေါ်နေသည့်နှယ် ကန့်လန့်ဖြတ်ဒဏ်ရာကြီးနဲ့လူကြီးသည် သုဘရာဇာဖြစ်သည်။ သရဲထက်ပင်ကြောက်စရာ ထိုမျက်နှာကြီးနဲ့ သုဘရာဇာအစိမ်းဂေါင်းကို သူနေ့ခင်းကြောင်တောင်မှာတောင် ရဲရဲမကြည့်ရဲပါ။

ရင်မဆိုင်ချင်လို့လည်းဖြစ်သည်။ ရွာထဲမှ လူတွေက အဘအစိမ်းဂေါင်းဟုခေါ်သော ထိုသုဘရာဇာကြီးကလည်း ဘယ်သောအခါမှ ရွာထဲသို့အဝင်အထွက်မပြုတတ်ပါ။

သူ့အလုပ်က မသာကျင်းတူးမယ်။ လူသေကောင်တွေ မြေမြှုပ်ပေးမယ်။ လူသေကောင်တွေ မီးရှို့ပေးမယ်။ အုတ်ဂူအပေါက်အပြဲတွေကို





ဖာထေးပေးမယ်၊ ဒါသူ့အသက်မွေးဝမ်းကျောင်းဆိုတော့လည်း ရွာထဲကို သူဝင်စရာမလို။ စားစရာသောက်စရာ ဈေးဝယ်စရာရှိရင်လည်း ရွာ အနောက် တံခါးကြီးနားက အိမ်ဆိုင်မှာသာ ဝယ်လေ့ရှိသည်။

သရဲထက်ကြောက်စရာကောင်းတဲ့ သုဘရာဇာအစိမ်းဂေါင်းကြီးကို ကြောက်တော့လည်း သရဲကြောက်ကြောက်နဲ့ပဲ ညောင်မုတ်ဆိတ်ပင်ခြေသို့တိုး၍ တိုး၍ကပ်နေလိုက်ရသည်။

"မြင်တဲ့မျက်စိကြောင် ကြောက်ရတော့လည်း မကြည့်ဘဲ နေလိုက်ရုံပဲပေါ့ ..."

သူမျက်စိစုံမှိတ်လိုက်၏။ သို့သော် နားမပိတ်မိသောကြောင့်။

ရှပ်

ရှပ်

ရှပ်

ခြေသံကြား၍ သူမျက်စိပြူးပြဲကြည့်မိသောအခါ ...

အုတ်ဂူတွေအကြား လှစ်ခနဲ လှစ်ခနဲ ပြေးလွှားလာနေသော အရိပ်မည်းမည်းသည် လူလော ... လူမဟုတ်သော တစ်ခုခုတစ်ကောင်ကောင်လေလော ...

သူ ခေါင်းခါရမ်းလိုက်၏။ မျက်စိကို ပွတ်သပ်ကြည့်နေစဉ်မှာပဲ ထိုအရိပ်မည်းမည်းသည် အုတ်ဂူတစ်လုံးအကွယ်မှာ အသာအယာထကာ သူရှိရာ ညောင်မုတ်ဆိတ်ပင်ကြီးဆီသို့ ခပ်သွက်သွက်ပြေးကပ်လာတော့သည်။

"ဟင် ... မြသွေး ... "

ဝိုက်ကြီးတစ်ခွဲသားနဲ့ မြသွေးက သူခေါ်ပေမယ့်သူ့ကိုပြန်မထူးပါ။ မျက်ရည်တွေအရွှဲသားနဲ့ ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ အကူအညီတောင်းခံလိုဟန်ပေါ်သည်။

ပါးစပ်မှ တလှုပ်လှုပ်နဲ့ စကားတစ်ခွန်းကို ထပ်ခါတလဲလဲပြော နေဟန်တူ၏။

"မြသွေး ... မြသွေး မင်းဘာဖြစ်လာတာလဲ"

ကြည်နိုင် ဝုန်းခနဲထရပ်ရင်း မြသွေးမျက်နှာကို လက်နဲ့စမ်းကိုင်လိုက်၏။ မြသွေးမျက်နှာသည် ချက်ချင်းရုပ်လုံးပျောက်သွားကာ စကျင်ကျောက်တုံးတစ်တုံးလို ပြောင်ချောအေးစက်သွား၏။

သူ့သွေးပျက်မတတ် ထိတ်လန့်သွားစွာ လန့်အော်မိပေမယ့် သူ့အသံတွေက လည်ချောင်းထဲမှာ တစ်ဆို့နေသည်။

မြသွေးက သူ့ဗိုက်ကြီးကို ပုတ်ပြကာ တအိအိရှိုက်ငိုသည်။

"မင်း ... မင်း ဗိုက်ဘာဖြစ်လို့လဲ"

သူ့အသက်ထွက်လုအောင် မေးတဲ့စကားကလည်း ထွက်မလာ။ မြသွေး ဗိုက်ကြီး သူ့မျက်နှာပေါ် ဖိကျလာသည်။

သူ့အသက်ရှူမဝတော့ပေ။ မောဟိုက်မွန်းကျပ်ကာ မြသွေး ဗိုက်ကြီးကို ဆောင့်တွန်းချလိုက်ပါတော့သည်။

"ဝုန်း"

အို ... ကိုကြည်နိုင် ဘာလို့သန့်ကို ဆောင့်တွန်းတာလဲ။

"သန့် ... သန့် ဗိုက်ကြီးနေတာလား"

"ဘာတွေလျှောက်ပြောနေတာလဲ စောင်ကြီးမှန်းသိရဲ့သားနဲ့ နေဦး ... ပြောဦး ဘာကိစ္စ သန့်ကိုဆောင့်တွန်းရတာလဲ ... "

"ငါ အိပ်မက်မက်နေတာ သန့်ကိုစောင့်ရင်း အိပ်ပျော်သွားတာ ဟာ ... အိပ်မက်က ကြောက်စရာကြီးဟာ"

"သချိုင်းကုန်းလာပြီး အိပ်ငိုက်နေမှတော့ အိမ်မက်ဆိုးမက်တာ





မဆန်းပါဘူး ဘာအိပ်မက်မို့လဲ ... "

"ငါ့အိပ်မက်ထဲမှာ မြသွေးဗိုက်ကြီးကြီးနဲ့ ငါ့ဆီရောက်လာတယ်၊ မျက်ရည်တွေနဲ့မို့ ငါမြသွေးမျက်နှာကြီးကိုငုံကြည့်လိုက်တော့ မျက်နှာကြီးက မျက်လုံးမပါ၊ နှာခေါင်းမပါ၊ ပါးစပ်မပါတော့ဘူး ... စကျင်ကျောက်တုံးကြီးလို အေးအေးစက်စက်မာမာတောင့်တောင့်ကြီးဟ မြသွေး ဗိုက်ကြီးက တဖြည်းဖြည်းကြီးကြီးလာပြီး ငါ့မျက်နှာကို ဖိချလိုက်တာ အသက်ရှူပိတ်ပြီးသေတော့မလို့ တော်သေးတယ် အိပ်မက်က လန့်နိုးလာလို့ပေါ့ဟာ မဟုတ်ရင် မလွယ်ဘူး"

သူ အမောတကော ရှင်းပြနေပေမယ့် သန့်တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ တုန်ရီထိတ်လန့်နေသည်။

"ဘာဖြစ်လို့လဲ ... သန့် ... သန့် ... "

သူ့အလန့်တကြား လှုပ်မေးလိုက်မှ သန့်သည် သတိပြန်ကပ်လာသူလို ...

"မြ ... မြသွေးကို အိပ်မက်မက်တယ် ဟုတ် ... ဟုတ်လား"

"အေးလေ ... ဘာဖြစ်လို့လဲ"

"မြ ... မြသွေးက ... "

"မြသွေးက ငါ့သူငယ်ချင်းအရင်းမှန်း သန့်လည်းသိသားနဲ့သဝန်တိုတာလား ... "

"မဟုတ်ဘူး ... မြ ... မြသွေး"

"မြသွေး ဘာဖြစ်လဲ ... "

"မြသွေး သေပြီ"

"ဟင်"

"ဟုတ်တယ် ... ညနေကပဲ မြသွေး သေသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သန့် _ မင်းတကယ်ပြောတာလား"

"အို _ သန့်ဘယ်တုန်းက ညာပြောဖူးလို့လဲ မြသွေးကလေး မမွေးနိုင်လို့သေသွားပြီ"

"ဟာ ... အဖြစ်ဆိုးလှချည်လားမြသွေးရာ ... သူငယ်ချင်း မင်း တော်တော် ကံဆိုးပါလားကွာ _ "

"လူဆိုတာသေမျိုးပဲ ကိုကြည်နိုင်ရယ် _ စိတ်ဖြေလိုက်ပါ၊ သူ ရှိနေတုန်းက ကိုကြည်နိုင် သူငယ်ချင်းကောင်းပီပီ အစစအရာရာ အကူ အညီပေးခဲ့ပြီပဲ၊ အခုသေပြီဆိုတော့လည်း ကောင်းရာသုကတိလားနိုင်ဖို့ ကုသိုလ်ပြု အမျှအတမ်းပေးဝေကြတာပေါ့နော် _ "

"ကိုယ်မရှိတဲ့ရက်မှာမှ ဖြစ်သွားတာ ကိုယ်တော်တော်ယူကျုံးမရ ဖြစ်မိတယ် သန့်ရယ်"

"ကိုယ် ... ကျွန်မကို သခွပ်ပင်က မီးတကျီကျီလုပ်တယ် မထင်ပါနဲ့နော် ... အလုပ်အကိုင် အဆင်ပြေခဲ့လားဟင် ... အဖေနဲ့ အမေတို့ကျေနပ်အောင်တော့ တင့်တင့်တယ်တယ်လာတောင်းမှဖြစ်မယ် သိလား၊ မဟုတ်ရင် အဖေတို့အမေတို့က သဘောတူမှာမဟုတ်ဘူး _ အခုလို ခိုးခိုးတွေ့နေရတာသာကြည့်တော့ _ လူကြီးတွေသိမှာစိုးလို့ လူ သူမရှိတဲ့သချိုင်းမှာ လာလာချိန်းတွေ့နေရတာ သန့်လည်းကြောက်တယ် ကိုကြည်နိုင့်ကို ချစ်လို့သာစွန့်စားပြီးလာရတာ သိလား _ "

"သိပါတယ်သန့်ရယ် ... မကြာခင်မှာ ကိုယ်မင်းကို လာ တောင်းနိုင်တော့မှာပါနော် _ သန့်"

"အင်းပါ သန့်ကငွေမမက်ပါဘူး _ အဖေက သူကြီးဆိုတော့ အဖေမျက်နှာပန်းလှရုံလောက်တော့ ကိုကြည်နိုင့်ဘက်က လုပ်ပေးစေချင် လို့ပါ"





"အေးပါကွာ ... ဖြစ်မှာပါ ... "

ဟုသာ ပြောလိုက်ရပေမယ့် သူ့စိတ်ထဲလေးလံသွားသည်။ ဒီတစ်ခေါက် သီးနှံကူးလို့မြတ်တဲ့ငွေလေးတွေ ကနစိုရွာဖဲဝိုင်းမှာ ရှုံးလို့ တက်တက်ပြောင်ခဲ့ပြီ။

ချစ်သူသန့်နဲ့ချိန်းထားသည့်နေ့မို့သာ သူမဖြစ်မနေပြန်လာခဲ့ရ သော်လည်း လက်ထဲမှာငွေကမပါ။ ပျက်ခဲ့သည့်အိပ်ရေးတွေက ဆက်နေ တော့ သချိုင်းကုန်းမှာတောင်လာပြီး အိပ်ငိုက်သွားခဲ့သည်။

"ပြန်ကြစို့သန့်ရယ်"

"ဟင် _ မြန်လိုက်တာ အခုမှတွေ့ခါစရှိသေး ဘာဖြစ်လို့လဲ ကိုကြည်နိုင် အချိုးတွေပြောင်းနေပြီနော်၊ ဘာလဲ နောက်တစ်ယောက် တွေ့နေပြီမဟုတ်လား"

"ပေါက်ကရတွေကွာ _ သန့်ကလွဲရင် ကိုယ်ဘယ်မိန်းမကိုမှ မချစ်နိုင်ဘူး _ မာနတ်မင်းရဲ့သမီးတော်လည်း မမက်ဘူး"

"တကယ်လား"

"တကယ်ပေါ့ သူတို့ကမှ ကိုယ့်လိုအရက်သမားကို မမြင်နိုင်တာ ကိုး ... "

"သွား သိပ်နောက်တာပဲ"

"တကယ်ပါ ဒေါ်လာတစ်သောင်းတန် ခွေးမလေးနဲ့အမြီးဖြတ်ပေး စားမယ်ဆိုရင်လည်း _ "

"ဟုတ်တာပေါ့ _ ခွေးမကိုတော့ ဘယ်သူယူမလဲ"

"ယူမှာ ကိုယ်ယူမှာ _ "

"ဟယ် ... "

"ဟုတ်တယ် _ အမြီးလည်းအဖြတ်မခံဘူး ဈေးကောင်းမရ



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့ ... ပြီးရင် ရောင်းစားမယ် သူကြီးဆီမှာ သမီးတောင်းလိုက်မယ်၊ ဒေါ်လာတစ်သောင်းမျက်နှာနဲ့သာဆိုရင် သူကြီးလည်း အမြီးနှံ့လာမှာ''

''အိုး ... ကိုကြည်နိုင်နော် အဖေ့ကို ငဲ့ကြီးတော့မှာပဲ''

''မဟုတ်ဘူး ဒေါ်လာမျက်နှာနဲ့ဆိုရင် သူကြီးကိုယ်တိုင် သူ့သမက် ကြည်နိုင် အရက်သောက်ဖို့ အမြည်းလုပ်ပေးမယ်ထင်တယ်လို့ပြောတာပါ သန့်ရယ် ... ''

''အရက်မဖြတ်သေးဘူးလား''

''သန့်ကလည်း အရက်ကိုတော့ ဖြတ်စေချင်တယ် ... ဟိုဥစ္စာကိုတော့ မဖြတ်စေချင်ဘူး မဟုတ်လား''

''အို ... သိပ်ယုတ်မာတာပဲ''

''ဘာပြောလို့လဲ ... ဖဲကိုပြောတာ''

''ဟင်း ဖဲကိုလည်း ဖြတ်စေချင်ပါ့''

''ဖဲကိုတော့ ဖြတ်စေချင်တယ်၊ ဟိုဥစ္စာကိုတော့ မဖြတ်စေချင်ဘူး မဟုတ်လား ... ''

''လုပ်ပြန်ပြီ ... ကိုကြည်နိုင်ကြီးနော်''

''ကဲပါကွာ ... ကိုယ်မေးတာကိုမှန်မှန်ဖြေနော်''

''ကောင်းကောင်းမှမမေးတာ''

''မေးမှာပါကွ''

''မေး ... ''

''ကိုယ့်မှာစွဲနေတာ နှစ်ခုရှိတယ် အရက်နဲ့ကြက် ... အဲဒီနှစ်ခု ထဲက တစ်ခုခုဖြတ်ရမယ်ကွ၊ နှစ်ခုလုံးကြီးကျတော့ ငွေထွက်ပေါက်ကြီး တယ်၊ ဒီတော့ ကိုယ် ဘယ်ဟာကိုဖြတ်စေချင်လဲ သန့် ... ''

''အင်း ... အမြဲတမ်း အရှုံးဘက်မှာရှိတာက ဒ ဲ ာ်၊ ကြက်





ဆိုတာ အနိုင်ရှိတဲ့အခါရှိ၊ အရှုံးရှိတဲ့အခါရှိ အရက် ... အရက်ကိုဖြတ်''

''သေချာလို့လား''

''သေချာတယ်''

''ကိုယ်ကြိုက်တဲ့ကြက်က အမျိုးမျိုးရှိတယ်နော် ... တချို့ ကြက်က တောင့်တောင့်တင်းတင်း လုလုပပနဲ့ ကြေးကြီးတယ် ... ''

''ရတယ် ကြေးကြီးတော့မဝယ်နဲ့ပေါ့ ... ''

''အေးပါ တချို့ကြက်ကျတော့ ဈေးမကြီးပေမယ့် ကိုင်လို့တွယ် လို့ကောင်းတယ်''

''အဲဒီကြက်မျိုးပဲဝယ်ပေါ့''

''သန့်က သဘောထားပြည့်တယ်နော်၊ ရှိသေးတယ် တချို့ကြက် ကျတော့ ငယ်ဂုဏ်လေးရှိတာပေါ့ကွာ ... တင်းတင်းရင်းရင်းတစ်တစ်ရစ် ရစ်နဲ့ ဈေးတော့မသေးလှဘူး ဟို ... သန့်လိုပေါ့''

''အိုး ... ဟယ် ပြောရက်လိုက်တာ ကြည့်စမ်း သန့်ကိုများ ချိုးချိုးဖွဲ့ဖွဲ့ပြောချင်ဦး ... ကဲ ... ကဲ''

သန့်လက်သီးဆုပ်နုနုလေးတွေ သူ့ရင်အုံပေါ် တဖျောဖျောစုန် ဆင်းချိန်မှာ သူ့အနမ်းချိုချိုတွေက သန့်နဖူး၊ ပါးပြင်၊ နှုတ်ခမ်း၊ လည်တိုင်။

ထိုမှ ... ထိုမှ ...

''အိုး ... တော်ပြီကွာ သန့် ... သန့်ကြောက်တယ်''

''မကြောက်ပါနဲ့ သန့်ရယ်''

သန့်အသက်ရှူသံတွေမြန်လာ၏။ ပြီးတော့ သူ့ကိုအောင်းဖက် လိုက်ကာ ...

''ကိုကြည်နိုင် ... သန့် ... သန့်ကြောက်တယ်''

''မကြောက်နဲ့သန့် ... ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကြောက် ... ကြောက်တယ်"

"ဘာကိုကြောက်တာလဲကွာ ကိုယ်တို့နှစ်ယောက်က မကြာခင် လက်ထပ် ... "

"မဟုတ်ဘူး ... ကိုကြည်နိုင် သန့်ကြောက်တာ မြွေ မြွေ"

"ဟေ ... ဘယ်မှာလဲဟ"

"ကိုကြည်နိုင့်နောက်မှာရပ်နေတယ်"

သန့်ပြောမှ ကြည်နိုင်လှည့်ကြည့်လိုက်ရာ မြွေသည် မိုက်ကြီး တလှုပ်လှုပ်ဖြစ်အောင် ရယ်မောလို့နေလေသည်။

"မြွေ ... သွား ... သွား ... အမျှ ... အမျှ အမျှပါ မြွေ ရယ်"

ကြည်နိုင်နှင့် သူကြီးသမီးသန့်တို့ ငယ်သံပါအောင်အော်ပြီး ပြေးမိပြေးရာ ရောက်ခဲ့သည်က မီးရောင်တွေ ထိန်ထိန်ဝင်းနေတဲ့အိမ် မြွေတို့အိမ် ...

မြွေအလောင်းအနီးမှာရော ခြံဝင်းထဲမှာပါ မီးချောင်းတွေ ထွန်းထား၏။

သူတို့နှစ်ယောက် ကံဆိုးသည်ဆိုရမလား ကံကောင်းသည်ဆိုရ မလား မဆိုနိုင်။

လက်ချင်းတွဲပြီးပြေးဝင်လာချိန်မှာမှ သူကြီးနှင့်သူကြီးကတော်တို့ မင့်မင့်ကြီးထိုင်နေကြတာကို ပက်ပင်းမှကို တွေ့လိုက်ရပါသည်။

"ဟင် ... သမီး"

သူကြီးလင်မယား အော်လိုက်သံကို သရဲခြောက်ခံရသည်ထက်ပင် ပိုမိုလန့်သွားကြရသည်။

တွဲလက်ကို ပိုမိုမြဲမြံစွာ ဆုပ်ကိုင်ထားမိကြ၏။

ဧရင့်အောင်စာဝေ



"သမီး ... နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ခုချက်ချင်းလက်တွဲ ဖြုတ်ကြစမ်း ... "

"သမီးတို့ သရဲခြောက်ခံရလို့ပါ အဖေ"

"ဘယ်သွားလို့ခြောက်တာလဲ၊ ကြည်နိုင်နဲ့နင်အတူရှိနေတုန်းမှ သရဲကခြောက်ရသလား ... "

"ဟုတ်ပါ့သူကြီးရယ် ... ကျွန်တော်တို့မှ ဇာတ်လမ်း ကောင်း ခန်းရောက်ပြီး ကြည်နူးနေတုန်းဗျာ ... "

"ဘာကွ"

"ဟို ... ဟို ဒီလိုပါ အဖေ ... သမီးက အဖေနဲ့အမေပျောက် လို့ လိုက်ရှာ ... ကိုကြည်နိုင်ကလည်း မြွေအိမ်အလာ လမ်းမှာတွေ့ ပြီး သရဲဇာတ်လမ်းပြောပြနေတုန်း ... ဝုန်းဆို မြွေ ... မြွေရောက် လာလို့ ပြေးလာကြတာပါ"

"ဟေ ... ဟ မြွေက ခြောက်တယ် ... "

"ဟုတ်ပါတယ်သူကြီးရယ် အဲဒါကြောင့်ပါ တစ်မျိုးတစ်မည် အထင်မများပါနဲ့ဗျာ ... ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်းအတွက် အရမ်းစိတ်မကောင်းဖြစ်နေတယ်ဗျာ ... အော်လားငေါက်လားတွေ မကြားပါရစေနဲ့"

"အောင်မာဗျာ ... တော်တော်ကြီးကျယ်တဲ့ကောင် သူကြီး သမီးလက်ကိုလည်းဆွဲသေး ... သူကြီးက သူ့ကိုထိုင်ရှိခိုးစေချင်နေသလား များ မသိဘူး ... အေးသွယ် နင့်သမီးခေါ်လိုက်စမ်း ... အခုထိ လက်တွဲ မဖြုတ်ကြသေးဘူး ငါ့မျက်စိနောက်လာပြီ ... "

သူကြီးက အခုချိန်ထိ မကျေနိုင်မချမ်းနိုင်ပြောနေဆဲပင် ရှိသေး သည်။

ဧရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ်နဲ့ကိုယ့်ကိုလည်း ကြည်နိုင် မပြောသာပါ။ မဟုတ်ရင်တော့ သူကြီးကို သူဘယ်တော့မှ ငုံ့မခံတတ်ပါ။

"သူကြီးတို့ အခုလို လိုလေသေးမရှိ ထောက်စေအောင်လုပ်ပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ ... နွေဦးရော ဘယ်မှာလဲ မတွေ့မိပါလား"

"သူ့မိဘများလာခေါ်သွားတယ်ကွဲ့"

သူကြီးတို့ လက်ဖက်ရည်ဝိုင်းမှ အဘိုးတစ်ယောက်ဝင်ပြော၏။

သူကြီးကတော့ သူ့ကိုစကားပြောဖို့ ရှိုးတိုးရှန့်တန့်ဖြစ်နေသည်။

"ကလေးမမွေးနိုင်လို့ဆိုရအောင် ဆရာသွားမပင့်ကြကြဘူးလား"

"ဆရာမပင့်ခင် မောင့်သူငယ်ချင်းက မွေးတာကွဲ့၊ အရပ်လက်သယ်ဒေါ်ရွှေထိုက်ကြီးတောင် မရောက်လာသေးဘူး၊ မင့်သူငယ်ချင်းကလေး မွေးပြီးသွားပြီ"

"ကလေးတောင် သူ့အစွမ်းနဲ့သူမွေးထုတ်နိုင်ပြီးမှ ဘယ်လိုဖြစ်လို့ သေရတာလဲဗျ"

သူတကယ်လည်း နားမလည်နိုင်တော့ပါ။

"ကျွန်တော်တော့ လုံးဝကိုနားမလည်တော့ဘူးဗျာ — ပြောပြကြပါဦးဗျ"

"ငါပြောပြမယ် ကြည်နိုင် ... ကမ္ဘာပေါ်မှာ မောင်ဖိုးပြောပြမယ် ဒီကိုလာခဲ့ပါ"

မြသွေးအလောင်းစင်နားမှ ပေါ်ကာဝိုင်းတစ်ဝိုင်း (ဖဲဝိုင်း)ထဲမှ ခေါင်းထောင်ထလာသူ မောင်ဖိုးကို တွေ့လိုက်ရသည်။

"မောင်ဖိုးတို့အဖွဲ့တောင် ဒီရောက်နေကြပြီကိုး"





"ဟုတ်တယ်ကြည်နိုင် — ကမ္ဘာပေါ်မှာ မောင်ဖိုးပြောပြမယ်၊ မြသွေး ကလေးမမွေးနိုင်လို့ သေတာမဟုတ်ဘူး — ကမ္ဘာပေါ်မှာ မြသွေး ကလေးမမွေးနိုင်လို့ သေတာဟုတ်ကိုမဟုတ်ဘူး"

"ဟော ... "

ကြည်နိုင်သာမက သူကြီးတို့စားပွဲတစ်ဝိုင်းလုံး၏အကြည့်များ အံ့သြသံနှင့်အတူ မောင်ဖိုးဆီ အစုလိုက်အပြုံလိုက် ဆိုက်ကပ်ရောက်ရှိသွားတော့သည်။

"ဒီကိုလာပါ ငါပြမယ် ကြည်နိုင် — ကမ္ဘာပေါ်မှာ မောင်ဖိုးပြမယ်ကွ — မြသွေး မျက်နှာကြီးကို မင်းလာကြည့်ပါ၊ ဘာလို့ပြာနှမ်းနေလဲသိလား"

ကြည်နိုင် အလောင်းစင်ရှိရာ အပြေးသွားတော့ ... သူကြီး၊ သူကြီးကတော်နဲ့ သန့်တို့လည်းပြေးလိုက်လာကြသည်။

ဟုတ်သည်။ မြသွေးမျက်နှာပြာနှမ်းရုံမက အမ်းတမ်းတမ်းဖြစ်နေသည်။

"တွေ့ပြီလား ... တွေ့ကြပြီလား ... ကမ္ဘာပေါ်မှာ အားလုံးတွေ့ကြပြီလား — ဒီမှာသေချာကြည့် မြသွေးညာဘက်ခြေညှိုးမှာသေချာကြည့် ... "

"ဟင် — အညိုအမည်းကွက်ကြီးစွဲနေပါလား"

"ဟုတ်တယ် — အဲဒီအညိုအမည်းကွက်ကြီးထဲက အနီစက်လေးနှစ်စက်ကိုတွေ့မှာပေါ့"

"တွေ့ပြီ ... တွေ့ပြီ ကိုကြည်နိုင် ဒီမှာ ... "

"ဟုတ်လား သန့် — ဘယ်မှာလဲ အင်း — ဟုတ်တယ် ဒါ မြွေမြွေကိုက်တာများလား — "

www.burmeseclassic.com



"မှန်တယ် ... ကမ္ဘာပေါ်မှာ ကြည်နိုင်ပြောတာအမှန်ဆုံးပဲ၊ မြသွေးသေတာ မြွေကိုက်ခံရလို့ သေခဲ့တာပဲ _ ကိုက်တဲ့မြွေက မြွေပွေးပဲ၊ ကိုယ်ဝန်ကြီးက အရမ်းနာကျင်နေတဲ့အချိန်မှာ မြွေပွေးကိုက်သွားတ. ဟာ ဘာမှပြောပလောက်အောင်မနာကျင်ဘူး ... အပ်ဖျားရှူးသလောက် မြက်ရှ၊ ကိုင်းရှ၊ ကြိုးရှသလောက်ပဲ မျက်ခနဲနာလိမ့်မယ်၊ အဲဒီအချိန်မှာ ကိုယ်ဝန်ဆိပ်တက်နေလို့ မြွေဆိပ်မတက်ဘူး၊ သာမန်အချိန်မှာဆို သာမန်လူအတွက်သာဆိုရင်တော့ ဒီမြွေဆိပ်ဟာ အလွန်မှကိုပြင်းထန်မယ်၊ သိပ်နာတယ်၊ ကမ္ဘာပေါ်မှာ ကျန်းမာရေးဗဟုသုတမရှိတာ သိပ်ကိုနာတယ်၊ မြွေကိုက်ခံရလို့ မြွေကိုက်ခံရမှန်း ရောဂါလက္ခဏာမသိ၊ ဗဟုသုတခေါင်းပါးတာသိပ်နာတာပဲ၊ ကြည်နိုင် _ တကယ်ဆို"

အရေးထဲမှာမှ ကမ္ဘာပေါ်မှာ မောင်ဖိုးက တံတွေးမျိုချနေလိုက်သေး၏။

စကားကိုစိတ်ဝင်စားနေ၍ တံတွေးမျိုချိန်ခဏကိုပင် အကြာကြီးထင်မိသည်။

"မြွေကိုက်ခံရမှန်းသိရင် ဆေးရုံသွားရမယ်၊ မြွေကိုက်ခံရသူကို ဦးစွာပထမ ရှေးဦးသူနာပြုစုနည်းနဲ့ပြုစုရမယ် ဒဏ်ရာကိုဓားနဲ့ချဲ့ကာ မြွေဆိပ်စုတ်ထုတ် ဒဏ်ရာရဲ့အထက်ဘက်မှာ ကြိုးချည်၊ ပြီးမှ ဆေးရုံကိုအမြန်သွား၊ ဒီလိုလုပ်ရမှာ ... ဒါမှမဟုတ် ..."

"လုပ်ပြန်ပြီ မောင်ဖိုးရာ ကမ္ဘာပေါ်မှာ မောင်ဖိုးကတော့ ကမ္ဘာပေါ်မှာ ပညာသားအပြနိုင်ဆုံးပဲ၊ တကယ်ပဲ ကောင်းခန်းရောက်ရင် ကြော်ငြာကောက်ကောက်ဝင်တာကိုး၊ ပြောပါဟ ပြောစကားကို _ "

သူစိတ်မရှည်စွာနဲ့ ထအော်မှ မောင်ဖိုး ခပ်ဖွဖွပြုံးလျက်။

"ဒါမှမဟုတ်၊ အဲဒီအချိန်မှာ မြသွေးကလေးမွေးပြီး သွန်ချထား





တဲ့သွေးနည်းနည်းလောက်ကိုယူပြီး မြသွေးကို ပြန်တိုက်လိုက်ရမှာ _ "

မောင်ဖိုးပြောတော့ ကြည်နိုင် ဖျံ့တက်လာသည်။ သန့်လည်း ပခုံးနှစ်ဖက် ဆတ်ခနဲ တွန့်လိုက်၏။

သန့်အလှကို ငေးကြည့်နေမိလို့ သူကြီးမျက်စောင်းကြီး ဒိုင်းခနဲကို သူပြုံးပြုံးကြီးရရှိခဲ့သည်။

"ရွှံ့စရာကြီး မောင်ဖိုးရာ"

သူကြီးကိုကြည့်လျက်ပြောပြီးမှ မောင်ဖိုးထံမျက်နှာလှည့်လိုက်ခြင်းဖြစ်၏။

"ဟုတ်ပ ရွံ့စရာကြီး"

သန့်ကလည်း သူ့နောက်မှထပ်ချပ်မကွာ သံယောင်လိုက်လာခဲ့သည်။

"နင်ဘာမှနားမလည်ဘဲနဲ့ ဝင်ဝင်မပြောစမ်းနဲ့ ငြိမ်ငြိမ်နေစမ်းမိသန့်"

"သူကြီးကတော့ သိတယ်ပေါ့"

"သိတယ် ဟေ့ကောင် _ ငါအားလုံးသိတယ် _ မပြောချင်လို့ မကောင်းတတ်လို့မပြောတာ"

"ဟာဗျာ _ အသက်တစ်ချောင်းအတွက်ပဲဗျာ၊ သူကြီးဒီဆေးနည်းသိရင် တိုက်ခဲ့ဖို့ကောင်းတာပေါ့"

သူကြီးပြောသော အဓိပ္ပါယ်ကို သူလမ်းကြောင်းလွှဲကာပြောတော့ သူကြီးအား လူတွေအားလုံးကဝိုင်းကြည့်၏။ သူကြီးကတော်ကပင်လျှင်

"ဟုတ်ပါရဲ့ တော်ကလည်း သိတာဖြင့် စောစောကတည်းက ပြောတာမဟုတ်ဘူး"

"ဒါကတော့ ငါက အခုမှသိတာကိုး _ အရေးကြီးကတည်း



www.burmeseclassic.com

www.burmeseclassic.com



က သိရင်တော့ ... ဟင်း ... ခင်းမလွယ်ဘူး"

"ဟောတော် _ သေတဲ့လူကိုများ သူကကြိမ်းလားမောင်းလား နဲ့"

"သေတဲ့လူကိုပြောတာမဟုတ်ဘူးဟေ့ ကိုက်တဲ့မြွေကိုပြောတာ ဟ _ ကိုက်တဲ့မြွေကိုပြောတာ၊ စောစောကသိရင် ရိုက်သတ်နိုင်းမှာလို့ ပြောတာပါ ငါ့မိန်းမရယ်"

"တော်ကလည်းတော် _ သူကြီးဖြစ်မှ စကားကိုပို့ရှုပ်သထက် ရှုပ်အောင်ပြောတတ်လာတယ် _ "

"တော်တော်ထူ _ တော်တော်ဒုန်းဝေးတဲ့မိန်းမ ပြန် _ ပြန် တော့ နင့်သမီးခေါ်ပြီးပြန်တော့ ... "

"တော်သာဒုန်းနီးပါတော် ကျုပ်တို့ကတော့ဝေးမှာပဲ _ ရှင်ပြန် နိုင်းတိုင်းပြန်ရအောင် ကျုပ်ကရှင့်တပည့်လက်ပါးစေ _ နာခံတော် မင်း တလျှင် မဟုတ်ဘူး ... မှတ်ထားလိုက်ပါ သူကြီးမင်း ဒီညကျုပ်ရော ကျုပ်သမီးလေးသန့်ရော ဒီအိမ်မှာ ညလုံးပေါက်နေမှာပဲ"

"အေး _ အဲဒါကြောင့် ဝေးတယ်ပြောတာပေါ့"

"ဝေးလေကောင်းလေပဲ ... "

သူကြီးနဲ့သူ့အရိပ်အခြေကို မသိရှာသော သူကြီးကတော်ကို ကြည့်ကာ သူနှစ်နှစ်ကာကာပြုံးလိုက်သည်။ ပြုံးတာကတော့ သူကြီးသမီး သန့်ကိုဆိုတာရှင်းပြဖို့မလိုဘူးထင်ပါသည်။

"ကောင်းတယ်၊ သူကြီးကတော် သူကြီးကတော်ရောသန့်ရော ဒီမှာမရှိလို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲကွဲ့ မောင်ကြည်နိုင်ရဲ့"

"ဩော် _ ဒီလိုပါ ရက်လည်မှာ ရွာကျွေးဖို့ ဘုန်းကြီးလှူရန်





ဒီရက်ပိုင်းအတွင်းလာတဲ့ဧည့်သည်တွေကို ဧည့်ခံဖို့ဝယ်ရခြမ်းရမယ့် ပစ္စည်းပစ္စယစာရင်းလေးလုပ်ကြမယ်လေဗျာ ... သူကြီးကတော်ကို အားကိုးပါတယ်"

"မင်းနှယ်ကွယ် ... ဒီလောက်ကတော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ မင်းနဲ့သမီးပဲလုပ်ကြပါ ... သမီးက အစစအရာရာ ငါ့ထက်ပိုပြီးစာရင်း ဖယားပိုင်တယ်ကွဲ့ ... စေ့လည်းစေ့စပ်တယ်"

"ဒါဆို ... သန့်နဲ့ကျွန်တော်စာရင်းလုပ်လိုက်ဦးမယ်နော် ... အေးအေးဆေးဆေး အိမ်ရှေ့ထွက်ထိုင်နေလိုက်ပေါ့ သူကြီးကတော်၊ နား နားနေနေ နေပါဗျာ"

"ကောင်းပါလေ့ကွယ် _ ကောင်းပါလေ့ ကောင်းပါလေ့တော်"

"ကောင်း _ ကောင်း နင့်သမီးက နင့်ထက်ကောင်းသွားမယ် မှတ်ပါ ... ဟူး ... စိတ်မောပေါ့"

သူကြီး သက်ပြင်းချနေ၏။

"သူကြီး သိပ်ပင်ပန်းနေပုံရတယ်၊ အိမ်ပြန်နားချင်ရင်နားပါလား"

"ဟုတ်ပါပြီ မောင်ကြည်နိုင်ရယ် _ မောင်ရင့်အလိုကျ ကျုပ် အိမ်ပြန်ပါ့မယ်လို့ ပြောမယ်များထင်နေသလား ဝေးသေးတယ်"

"သူကြီး _ လာပါဗျာ _ ဘာဖြစ်လို့ ဒေါသတွေကြီးနေရတာ လဲ _ ဒေါသတွေကို မျိုချလိုက် ကမ္ဘာပေါ်မှာ ဒေါသတွေကို အပြီးတိုင် မျိုချပြီး ပေါက်ကာဒေါင်းကြရအောင်ဗျာ ... ကမ္ဘာပေါ်မှာ မောင်ဖိုးဟာ ညောင်ပင်သာရွာရဲ့ ဥသျှောင်သူကြီးနဲ့အတူတူ ပေါက်ကာဒေါင်းဖူးတဲ့ ကမ္ဗည်း မော်ကွန်းတစ်ခုထိုးလိုက်ချင်တယ်၊ ကမ္ဘာပေါ်မှာ ထိုးလိုက်ချင်တယ်ဗျာ"

"ကောင်းသားပဲ _ ကျုပ်ကလည်း ကမ္ဘာပေါ်မှာ အဲဒါတ်ထိုး ချင်နေတာ ကမ္ဘာပေါ်မှာ မောင်ဖိုးရေ _ လက်ကိုယားနေတာပဲ ကမ္ဘာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ မောင်ဖိုးရ ... ''

ကြည်နိုင် သူကြီးကို စိတ်ဆိုးအောင်စရတာ စိတ်ထဲမှာ ပျော်မွေ့လို့နေ၏။

''လာပါ သန့်ရယ် – ဒီနားက ဖဲသမားတွေနဲ့ လူရှုပ်ပါတယ်၊ အိမ်နောက်ဖေးသွားရအောင်နော်''

တမင်တကာ သူကြီးမြင်သာရုံ သန့်လက်လေးကို ခိုးကြောင်ခိုး ဝှက်ဟန်နဲ့ဖမ်းကိုင်တော့ ...

''ဟေ့ကောင်''

သူကြီး မျက်လုံးပြူးနဲ့မာန်၏။

ဒါကို ကမ္ဘာပေါ်မှာ မောင်ဖိုးကဝင်၍ ...

''ဘာလဲ သူကြီး – ကျူပ်တွတ်အပျက်ခံပြီး သူကြီးကိုပေးဝင်တာနော် – ကျူပ်ကိုမကြည့်တဲ့အထာမလုပ်နဲ့ဗျာ''

''အင်း ... ခက်ပါတယ်ကွာ''

''ဘယ်သူ့ဖဲမှ ပိုမခက်ဘူး၊ အားလုံးတစ်ယောက်ဆယ့်သုံးချပ်စီ အညီအမျှဝေထားတာ''

ထိုအချိန်မှာ နောက်ဖေးမီးဖိုချောင်ထဲ၌ ...

''အမျှဝေလိုက်မှာပေါ့ သန့်ရယ် ... မကြောက်ပါနဲ့ ကိုယ်ရှိပါတယ်''

''ကိုကြည်နိုင်ရှိလို့ကို ပိုကြောက်တာပေါ့၊ မြသွေးက ကိုကြည်နိုင်ကိုအရမ်းခင်တာဆိုတော့ ကိုကြည်နိုင့်နားမှာရှိကို ရှိနေမှာထင်တယ်''

ထိုစဉ် ...

''အင့်''

ခနဲ ငိုရှိုက်သံတစ်သံ အနီးကပ်ကြားလိုက်ရ၍ ကြည့်မိရာ သူတို့





နှစ်ယောက်၏နောက်ကျောဖက်၌ မိုက်ကြီးသယ်မြသွေးတအီအီငိုရှိုက်နေသည်။

''အမေ့''

သန့်က ကြောက်အားလန့်အားနဲ့ပင် ကြောက်လန့်နေသော သူ့ရင်ခွင်ထဲ ဝုန်းခနဲ တိုးဝင်၏။

''မြသွေး ... နင် ငါ့နောက်လိုက်ခဲ့ရမယ်''

''တုန်ချိချိအဘွားအိုကြီးတစ်ယောက် – နောက်ဖေးရေကပြင်မှ ပေါ်လာကာ ခေါ်တော့ မြသွေး ပေတိပေကပ်လုပ်နေသေးသည်။

''လာစမ်းဟဲ့ ... အချိန်မရဘူး''

အဘွားအိုကြီးက အရိုးပေါ်အရေတင်လက်တံရှည်ကြီးနဲ့ လှမ်းကာ မြသွေးကို ဖွတ်အတင်းဆွဲခေါ်သွားကော့သည်။

မြသွေးနိုးရာ နိုးရာကို ကုတ်ဖွဲ့ဖမ်းကိုင်ရင်းက ပန်းကန်စင်ပေါ်ရှိ အထပ်လိုက် ဒန်အိုးတွေကိုကိုင်မိရာ ...

''ဂလွမ်

လွမ်

လွမ်''

''အမလေး ... အမေ ... ''

''ဘာ ... ဖြစ်တာလဲ ဟေ့ ... ဘာဖြစ်တာလဲ ... ''

သူကြီးစိတ်ပူပန်လွန်းစွာ မီးဖိုချောင်ထဲ ပြေးဝင်လာတော့ သူပဲ မျက်နှာပူသွားသည်။

ကြည်နိုင်ရင်ခွင်ထဲ ပြားကပ်နေသည့် သမီးကိုမကြည့်ရဲတော့ပေ။

''သူကြီး – ဘာတွေ့လိုက်သလဲဗျ''

''ဖဲဝိုင်းမှလူများ ထ,လာတော့မည်ကြောင့် သူကြီးတပဲ ဖာဖာ ထေးထေးနဲ့ ... ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူးကွာ ... ကြောင်ခုန်ဆင်းတာပါ"

မျက်မှောင်တွန့်ချိုးလျက် အသာအယာပင် မီးဖိုချောင်ထဲမှ ပြန်ထွက်ခဲ့သည်ကို ကြည်နိုင်ရော သန့်ပါ လှည့်မကြည့်ဖြစ်ကြတော့ပါ။

သရဲကြောက်လို့လား။

သူကြီးကြောက်လို့လား။

သူတို့ချင်းဖက်ထားတာ လွတ်ထွက်သွားမှာကြောက်လို့လား။

ဘယ်လိုကြောင့်လဲတော့မသိ။

တွဲဆက်ဖက်လက်တွေကဖြင့် တင်းသထက်တင်း ကျစ်သထက်ကျစ်ကာ တင်းတင်းကြီးကို တင်းကျစ်နေကြသည်။

⁂◆⁂



BURMESE CLASSIC .com

## အခန်း ( ၄ )

ဒုန်း

ဒုန်း

ဒုန်း

ကြမ်းတုန်အောင်မြည်ဟည်းသော ခြေသံကြမ်းကြမ်းကြီးကြောင့် ကြည်နိုင်နှင့်သန့်တို့ လူချင်းခွာကာ ကြည့်လိုက်သည်။

"ဟာ ... သူကြီး"

"ဟယ် ... အဖေမြင်သွားပြီ"

လှုပ်ပဲ့ လှုပ်ပဲ့ခန္ဓာကိုယ်ကြီးနဲ့ သူကြီး သူတို့နှစ်ယောက်ကို ကျော်နိုင်းသွားသည်။ ဒေါသတွေ ခြေဖဝါးနှစ်ဖက်ထဲထည့်ထားပုံရသည်။

ကြည်နိုင် သူကြီး၏နောက်ပိုင်းကို လှမ်းကြည့်ကာ အကြီးအကျယ် စိုးရိမ်ထိတ်လန့်မိသည်။ သရဲမ မြသွေးကို တွေ့ရသည်ထက်ပို၍ ကြောက်နေ၏။

"ဘယ်လိုလုပ်ကြမလဲ ကိုကြည်နိုင်ရယ် အဖေသိသွားပြီ၊ သန့် အရမ်းကြောက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုးပြေးကြမယ် သန့်ရာ"

"အို ... ဘယ်ဖြစ်မလဲ ဘယ်လိုလုပ်သင့်တော်မှာလဲ၊ မြွေသွေး အသုဘကြီးတန်းလန်းနဲ့ မြွေသွေး အသုဘကိစ္စအဝဝကို ကျွန်မတို့ရွာက ရွာကြီးသားပီပီ ပြီးဆုံးတဲ့အထိ လုပ်ပေးကြမယ်လို့ အဖေက တစ်ရွာလုံး ကိုပြောခဲ့တာ၊ အခု အဖေကိုယ်တိုင် မအိပ်မနေလာနေတာ၊ သမီးလုပ်တဲ့ သန့်က ချစ်သူနဲ့နိုးရာလိုက်ပြေးတယ်ဆိုရင် လူတွေကဲ့ရဲ့ကုန်ကြမှာပေါ့၊ ပြီးတော့ မြွေသွေးဆိုတာလည်း ကိုကြည်နိုင့်သူငယ်ချင်းအရင်းကြီး"

"အဲဒီတော့ တို့တွေ ဘာလုပ်ကြမလဲသန့် ... ကိုယ် သန့်နဲ့ခွဲ ရမှာကြောက်တယ်"

"သန့်လည်း အတူတူပါပဲရှင်"

သန့်နဲ့သူတစ်ယောက် မျက်ဝန်းတစ်ယောက်ကြည့်ကြ၏။ အဖြေ ရှာသည်။ အဖြေကားမတွေ့။ သက်ပြင်းပြိုင်တူချကြသည်။

"ဒီညတော့ သူကြီးဘယ်လောက်ပဲဒေါသထွက်နေနေ လူအများ ရှေ့မှာ ဘာမှပြောမှာမဟုတ်ပါဘူး ... ကိုယ် သူကြီးကို ရှေ့မျက်နှာ နောက်ထားပြီး ဖဲဝိုင်းအတူထိုင်နေလိုက်မယ် သန့်လည်း သန့်အမေနဲ့ခြံ ထဲမှာလုပ်စရာရှိတာ ကူညီညာလုပ်ရင်း ဟန်မပျက်နေလိုက်ဦး ..."

"အင်း ... အဲဒါပဲကောင်းပါတယ်"

သန့်စိတ်လေးစွာ ခေါင်းကိုလေးလေးကြီးညိတ်သည်။

"သွား ... သန့်အရင်သွားလိုက်နော်"

သန့် ခပ်သုတ်သုတ်လေးနဲ့ ဟန်မပျက်ထွက်သွားကာ ကိုကြည် နိုင် ဘုရား ဘုရားတရင်း ကျန်နေခဲ့သည်။

တော်သေးသည်။ ဖဲဝိုင်းအနီးမှ ရိုကျိုးစွာဖြတ်ကျော်သွားပေမယ့် သူကြီးရဲ့အာဃာတသံ ဟိန်းဟိန်းကိုမကြားရပါ။





ခဏကြာတော့ သူဟန်မပျက်ထွက်လာပြီး ဖဲဝိုင်းမှာဝင်ထိုင်လိုက် သည်။

"မောင်ဖိုးရေ ... အကောက်လေးလည်းစိုသွားအောင် ဖဲဝိုင်း လေးလည်းစည်သွားအောင် ဘူကြီးဝိုင်းလေးစလိုက်ကြရင်ကောင်းမယ်"

"မင်း ဒိုင်ခံမှာဆိုရင် ဒီတစ်ပွဲပြီးရင် ပေါ်ကာဝိုင်းဖျက်လိုက်မယ် လေ ... ကြိုက်ထိုးကြိုက်ခံ မဟုတ်လား"

"ကျွန်တော့်ထက် သူကြီးကပိုပြီး ပိုက်ဆံပေါတာပေါ့ဗျာ ... ကျွန်တော်တို့ရွာမှာ သူကြီးက အချမ်းသာဆုံးဗျ သူကြီးခံလိမ့်မယ်"

"ဟော့ကောင် ကြည်နိုင် အပိုတွေလာမဖားနဲ့ ပုံမှန်ဆက်ဆံ"

သူကြီးက စောစောကကိစ္စကို မကျေနပ်ဟန်ကို မမျိုသိပ်နိုင်စွာ ဘုကန့်လန့်စကားနဲ့ ဆောင့်ကြီးအောင့်ကြီးဆိုသည်။

"ကျွန်တော်က အားလုံးအဆင်ပြေဖို့ပြောတာပါဗျာ ... သူကြီး မခံချင်ရင်လည်း ကျွန်တော်ကတော့ ကိုင်ရမှာပဲ"

"မင်းမှာ ငွေဘယ်လောက်ရှိလို့လဲ၊သူကြီးပဲ ကိုင်ပါစေ"

ဖိုးထောင်က စကားရောဖွဲ့ရော ဝင်ပြော၏။

"အထင်သေးတာ ဖိုးထောင်ရာ ... ကြည်နိုင်ကိုများဘာအောက် မေ့နေလို့လဲ ... ဒီကောင် မိန်းမယူဖို့ငွေစုနေတာကွ ... ဟိုတလောက ထန်းပင်ကုန်းရွာကြက်ဝိုင်းမှာ ငါးသိန်းနိုင်ထားတာ အရက်တစ်လုံးတောင် မတိုက်ဘူးဗျာ ... သီးနှံပွဲစားလုပ်လို့ရတဲ့အမြတ်တွေလည်း မနည်းတော့ ဘူး ... အရက်သောက်လည်း တဖြည်းဖြည်းလျှော့နေပြီ ဖြတ်တော့မလို့ တဲ့၊ ဒီကောက်နဲ့ရတဲ့မိန်းမတော့ ကံကောင်းပြီပေါ့ ... အရင်တုန်းက ကြည်နိုင်မဟုတ်တော့ဘူး"

အရောင်းထိုင်းကုန်ပစ္စည်း အစွဲထုပ်နေသော အင်္ကျီလို ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်၏ သာသာထိုးထိုးစကားကြောင့် သူရှက်ကိုးရှက်ကန်းနဲ့ ခေါင်းမော့ကြည့်တော့ ဆင်ပေါက်က မျက်ခုံးနှစ်ခုနှစ်ချက်ပင့်ပြသည်။ ပြီးတော့ သူကြီးတွေတွေကြီးခေါင်းငုံ့နေခိုက်မှာ သူကြီးကိုမေးတစ်ချက်ဆက်ပြ၏။ လက်မထောင်ပြီး မင့်မင့်ကြီးပြုံးသည်။ ချက်ချင်းပင် ထိုလက်မကို နှုတ်ခမ်းမှာတေ့လိုက်၏။

ကြည်နိုင်သဘောပေါက်သွားပြီ။ သူနှင့်သန့်ချစ်နေကြကြောင်း ဒီကောင်တွေကို ပြောပြခဲ့ဖူးသည်။ ယခု ယောက္ခမလောင်းဖြစ်သူ သူကြီးရှေ့မှာ သူ့ကိုအမွှမ်းတင်ပြောနေ၍ ထိုကျေးဇူးအတွက် သူတို့ကိုအရက်နဲ့ ပြုစုရမည်ဟု အမူအရာလုပ်ပြနေခြင်းသာဖြစ်သည်။

အရက်ကြိုက်သလောက် လူလည်ကျလွန်းသော ဒီသုံးယောက်ကို နာရင်းတစ်ချက်စီလောက် ထအုပ်ချင်စိတ်ကို မနည်းထိန်းထားရ၏။

"သူ့ကောင်မလေးက သန့်ဆိုကွ"

ကိုဖိုးက တုတ်ထိုးအိုးပေါက်ပြောတော့ သူကြီးခေါင်းက ပါးပျဉ်းထောင်မြွေဟောက်လို ရှုးခနဲထထောင်သည်။ သူလည်း မြွေအဆိပ်မိသည့် ဖားငယ်လို မျက်လုံးတွေပြာဝေပြီးကျယ်သွားရသည်။ သို့သော် တော်သေးသည်။

"တရားသဘောမသိလို့ သန့်တယ်လုတယ်ပြောတာပါကွာ၊ တကယ်တော့ ဘယ်လောက်ပဲလုလု သန့်သန့် အပုတ်ကောင်ရုပ်ဆောင်ထားတာပါပဲ"

မြွေအလမ္ပာယ်ဆရာလို စကားအဖွင့်အပိတ် အနှုတ်အသိမ်းကျွမ်းကျင်သော မောင်ဖိုးကြောင့် သူကြီးသည် ပါးပျဉ်းချမြွေတစ်ကောင်လို လည်ဂုတ်ကြီးစင်းကာ သူ့ဖဲချပ်တွေကိုသာ သဲသဲမဲမဲအာရုံပြုဟန်နေပြနေသည်။ သူ့မှာတော့ ညွတ်ကွင်းလွတ် ယုန်ဖြူတစ်ကောင်လို တဖွတ်ဖွတ်ခုန်





ရင်ခုန်သံတွေနဲ့ မနိုင်မနင်း ...

"ခေါင်းပြီ သူကြီးရေ _ ကျေးဇူးပါပဲဗျာ _ ဂျော်ကာထောက်ထားတဲ့ချောက်ထဲကို ကွက်တိချပေးတာကိုး _ ကျုပ်က သူကြီးမွေးထားတဲ့နှလုံးသားဘုရင်မ _ ဟတ်ကွင်းလေးကို ဘယ်တော့ပစ်ပေးမလဲ ပစ်ပေးပါ့မလဲလို့ ထိုင်မျှော်နေရတာကြာပြီဗျ _ ဂျော်ကာရောင်တူနဲ့ သုံးရာခေါင်း ခေါင်းတယ်နော် ... ဒီမှာ စိနီယာ ဂျက်ကွင်းကင်း ... သူကြီးကောင်းမှုကြောင့် ကမ္ဘာပေါ်မှာ မောင်ဖိုးခေါင်းဖူးသွားပြီ"

သူကြီးပစ်ဖဲ _ ဟတ်ကွင်းကြောင့် သူကြီးအောက်အိမ်ဖြစ်သော မောင်ဖိုး ခေါင်းကာထအော်သည်။

"ဟာဗျာ _ သူကြီးကလည်း _ ကိုယ်မွေးထားပြီး သူများချကျွေးလိုက်တာ အံ့ရောဗျာ ... တခြားလိုက်ဖဲတွေ အများကြီးရှိရဲ့နဲ့ ဖဲစိမ်းကိုမှ ပစ်တာဆိုးပါ့ဗျာ ... ပြ ပြ ပစ်ဖဲစစ်မယ်"

"သူကြီးရဲ့အပေါ်အိမ် ဆင်ပေါက်က တစ်ခနန်းထပြန်သည်။

"ဟုတ်တယ် _ အဲဒါဖြစ်သင့်တယ်"

ဖိုးထောင်ကလည်း ဖဲချပ်စစ်ဆေးကြည့်ဖို့အရေး အပြည့်အဝထောက်ခံ၏။

"ဒီ ညှင်းခြောက်ပစ်ရမှာလေဗျာ _ ဘာနဲ့မှလည်း ပယ်ယာ (Pare) မကပ်ဘူး ... ထွက်လည်းထွက်ဖဲ ဒီညှင်းခြောက်မပစ်ဘဲနဲ့ အန္တရာယ်မကင်းတဲ့ ဟတ်ကွင်းဖဲစိမ်းကိုပစ်တာ ကျုပ်တို့ခေါင်းကြေးကိုပါ သူကြီးလျော်ပေတော့၊ ဝိုင်းစကတည်း လျော်ကြေးဆော့မှာလို့ သူကြီးကိုယ်တိုင် ပြောထားတာ"

"သုံးလေးလီဆယ့်နှစ် ... ထောင့်နှစ်ရာ သူကြီးရှင်းလိုက်၊ အမှန်ဆိုရင် ကျုပ်ကိုပါ ထောင့်နှစ်ရာပေးသင့်တယ်၊ ဒီမှာလည်း ဂျော်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်တူကြီးနဲ့ ဘေဖဲစမ်းနေပြီ''

''မင်းမှလား ငါလည်းဆယ့်နှစ်လုံးပိတ်နေပြီ ... ခေါင်းလမ်းကလည်း ရှုယ်ကောင်းတာ _ ဘာလာလာ ခေါင်းတော့မှာ ငါ ခေါင်းရင်လေးရာခေါင်း ထောင့်ခြောက်ရာရမှာ ဆင်ပေါက်ရာ ... ကြည့်ဦးကွာ သူကြီးက လူနောက်ပဲ''

ဖိုးထောင်ကလည်း တက်မတတ် ချက်မတတ်ပြောနေသည်။

သူတို့ပြောပုံအရဆိုလျှင် သူကြီးခမျာ သုံးထောင့်ရှစ်ရာလျှော်ရမည့်အပေါက်မျိုးဖြစ်၏။

''မင်းတို့ကလည်းကွာ အပျင်းပြေကျော်ကာဝိုင်းပဲကို လျော်ကြေးမလုပ်ကြပါနဲ့ကွာ _ ငါကြားကနေ တောင်းပန်ပါတယ်''

သူကူညီညာဖြေရှင်းတော့ သူကြီးခမျာ မျက်နှာငယ်လေးနဲ့ သူ့ကိုအားကိုးစွာကြည့်နေရှာ၏။

''ကြည်နိုင် မင်းကိုခင်လို့ ယုံလို့ မြွေသွေးကလည်း ငါတို့ရွာသား ငါတို့သူငယ်ချင်းဖြစ်နေလို့ မင်းတို့ရွာကို လာတာနော် ... မင်းက ငါတို့မျက်နှာကိုမကြည့်ဘူး၊ ဒါစည်းကမ်းလေကွာ ... မင့်သူကြီးကိုယ်တိုင်သတ်မှတ်တာကွ''

''ဟုတ်ပါတယ် ဆင်ပေါက်ရာ ... စည်းကမ်းအတိုင်းကြီးက စိမ်းကားရာရောက်ပါတယ်၊ တစ်ခါ တစ်ခါ စည်းကမ်းဟာချိုးဖောက်ပစ်သင့်တဲ့ရေဆိုးအိုင်ကြီးပဲကွ''

''ဒီကောင် သူကြီးကို ဖားနေတာအကြောင်းရှိကိုရှိရမယ် ရှိုးကို မရှိဘူးကွာ''

''လျှို့ဝှက်ချက်ဆိုတာနေရာတကာမှာ ဖော်ထုတ်ကောင်းတဲ့ အရာမဟုတ်ဘူးကွ၊ အဲဒါသိဖို့ အရေးကြီးတယ်''





''အဲဒါသိဖို့ထက် သူကြီးလျှော်ဖို့က ပိုအရေးကြီးတယ် ဖိုးထောင်''

ဆင်ပေါက်နှင့်ဖိုးထောင် အထောင်နှင့်အပေါက် အတိုင်အဖောက်ညီနေကြချိန်မှာ သူကြီးနှင့်သူကတော့ မျက်နှာတွေပူထူနေပြီ။

''တော်ကြတော့ ပေ့ာကောင်တွေရာ _ မင်းတို့စကားတွေ ငါ့နားထဲလျှံနေပြီ၊ ငါ ကြည်နိုင့်စကားကိုကြိုက်သွားပြီ၊ ဟုတ်တယ်ကွ၊ စည်းကမ်းဟာ စိမ်းကားရာရောက်တယ် _ တစ်ခါတစ်ခါ စည်းကမ်းဟာ ချိုးဖောက်ပစ်သင့်တဲ့ ရေဆိုးအိုင်ကြီးဆိုတဲ့စကားသိပ်လှတယ် _ ငါတော့ လက်ခံတယ် _ ဒီတော့ ငါခေါင်းကြေးလည်းမယူတော့ဘူး ... မင်းတို့လည်း လျော်ကြေးမပူကြနဲ့ အားလုံးလျှော်လိုက်ကြရအောင် _ ကဲ ကဲ ဘူကြီးဝိုင်းပဲစမယ် _ သူကြီး ဒိုင်ကိုင်မယ်နော်၊ ကိုင်မယ်မဟုတ်လား''

''ဘူကြီးဝိုင်းမှာ သူကြီးဖဲနိုင်အောင်ရိုက်ပေ့ါ ... ဘယ်လိုလဲ ကမ္ဘာပေါ်မှာ အဲဒါအကောင်းဆုံး''

မောင်ဖိုးက လူကြီးဆန်ဆန်ဝင်ရောက်ဖြေရှင်းနေ၏။ လူကြီးကို ချောမော့သိမ်းသွင်းနေ၏။ သူကြီးကတော့ ပေတေတေ ကပ်ကပ်တပ်လုပ်နေဆဲ _ ကြည်နိုင် သူကြီးကို အားမလိုအားမရကြည့်နေလျှက်ရှိဆဲမှာပင် ...

''ဝိုး''

ခနဲ အရိပ်မည်းကြီးတစ်ခု သူတို့များထက်သို့ ဖြတ်ပျံလာသည်။

ထို့နောက်မှာတော့ ...

လှစ်ခနဲ ... အဖြူရောင်အရိပ်ကြီးတစ်ခု ...

ဖလပ်

လပ်

လပ်



www.burmeseclassic.com

www.burmeseclassic.com



နွီး …

သူတို့အဖွဲ့ ဦးခေါင်းထက်မှာ ထိုအဖြူရိပ်နှင့်အမည်းရိပ်တို့ လုံးထွေးပျံသန်းရာမှ

ဘုတ်

နွီး

ဖလပ်

လပ်

လပ် …

သူကြီး၏ ဝအိုင့်အိုင်ရင်ခွင်ထဲသို့ ဖြူဖြူမည်းမည်းအလုံးကြီး ပြုတ်ကျသည်။

"မြသွေး … မြသွေး။ အဲဒါ မြသွေး … "

ဟု ဖိုးထောင်က ထောင်ခနဲ ထအော်လိုက်သောအခါ –

"အောင် မ လေး ဗျ … "

သူကြီး၏အော်သံနက်ကြီး အသုဘအိမ်မှာ အုန်း အုန်းထ, ထ မြည်သွားတော့သည်။

တစ်ဆက်တည်းပင် သူကြီးသည် သူ့ရင်ခွင်ထဲရှိအလုံးကြီးကို ခါထုတ်လိုက်၏။ ပြီးတော့ အိမ်အပြင်သို့ထွက်ပြေးသည်။

သူကြီးရင်ခွင်ထဲမှအလုံးကြီးက မောင်ဖိုးထံသို့ရောက်လာ မောင်ဖိုးလည်း အတင်းပုတ်ထုတ်တော့ ဖိုးထောင်ထံရောက်သွားသည်။

ဖိုးထောင် ပုတ်ထုတ်တော့ ဆင်ပေါက်ခန္ဓာကိုယ်ပေါ်ရောက်သွားသည်။ ဆင်ပေါက်ပုတ်ထုတ်၏။ နောက်ဆုံး – ကြည်နိုင်ထံသို့ ထိုဖြူဖြူမည်းမည်းအလုံးရောက်ရှိလို့လာလေပြီ။

အခန်းပေါ်မှာတော့ ကြည်နိုင်ရယ် ဖြူဖြူမည်းမည်းအလုံးကြီး





ရယ်သာ လုံးထွေးကျန်နေရစ်ခဲ့သည်။ ကျန်သူတွေအားလုံး ခြံဝင်းထဲဆင်း ပြေးသွားသည်။

ထိုဖြူမည်းလုံးလုံးကြီးကမူ ကြည်နိုင်ရင်ဘတ် ရင်ခွင်ထဲမှ တလှုပ်လှုပ်။

တလှုပ်လှုပ်ကို ကြည်နိုင်ထိလည်းမထိရဲ ကိုင်လည်းမကိုင်ရဲ။ တုန်လှုပ်နေဆဲမှာပင် ထိုအလုံးကြီး၏ လက်တံဖြူဖြူသေးသေးများမှ မှင်စာလက်သည်းများလို သူ့ရင်ဘတ်၊ သူ့လည်ပင်း၊ သူ့ပေါင်တွေကို ရှုးရှူးရှရှ ကုတ်ခြစ်ပါတော့သည်။

"အား … "

ကြည်နိုင်ငယ်သံပါအောင် အော်ချလျက် ထိုမှင်စာလုံးကြီးကို အိမ်နံရံဆီပစ်ပေါက်ချလိုက်၏။

"ဂုန်း … "

"ညောင် … "

"နွီး … "

နာကျင်ဒေါသအမျက်ခြောင်းခြောင်းထွက်နေသော ရေမကြောင်ဖြူကြီးတစ်ကောင်သည် အသက်ကင်းမဲ့နေပြီဖြစ်သော လင်းနို့မည်းမည်းကြီးတစ်ကောင်၏ ခန္ဓာကိုယ်အားချွန်မြမြလက်သည်းရှည်များဖြင့် ကုတ်ကာဖိထားသည်။

ကြောက်လန့်မိသော အဖြစ်အမှန်ကိုသိလိုက်ရသည်နှင့် ကြည်နိုင်ခြေပစ်လက်ပစ် ထိုင်ချလိုက်ရသည်။

သူထိုင်လိုက်သည်က သေသူ မြသွေး၏ပေါင်ပေါ် –

ရုတ်ချည်းပင်လျှင် မြသွေးသည် သေရာမှမျက်လုံးကြီးပြူးထွက်လာကာ ဂုန်းခနဲထထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေကြိုးလက်ကြိုးတွေ တုတ်ထားသည့်တို့ ပြုတ်ထွက်လျှက် ကြည်နိုင်အား တင်းကျပ်စွာ ဖက်လိုက်ပါတော့သည်။

"အား ... မြသွေး ... မလုပ်နဲ့ ... မလုပ်ပါနဲ့ ငါ့ကိုမဖက်ပါနဲ့"

မြသွေးသည် မသေခင်ကတည်းက သဗ္ဗာန်ခတ်အလုပ်ကြမ်း လုပ်လာခဲ့သူမို့ အရက်သောက်လိုက် ဖဲရိုက်လိုက် ကြက်တိုက်လိုက် လတ်လျားလတ်လျားပွဲစားလုပ်လိုက် လုပ်နေခဲ့သော ကြည်နိုင်ထက် များစွာ တောင့်တင်းသန်မာသည်။

အခု သေပြီး ထလာနိုင်သည်ဆိုတော့ ခွန်အားက ကြောက်မက်ဖွယ်ရာ အတိ။

ကြည်နိုင် ရုန်းပေမယ့် မလွတ်ပါ။

ခပ်ပြင်းပြင်းရုန်းလေ ပို၍တင်းတင်းဖက်လေ နောက်ဆုံး ကြည်နိုင် အသက်ပင်ရဲရဲမရှူရဲလောက်အောင် မွန်းကျပ်လာသည်မို့ တအော်တည်းသာအော်ဟစ်နေမိတော့သည်။ မျက်စိစုံမှိတ်ကာ အော်နေမိလေသည်။

"အီး ... မြသွေး ... ငါ့ကိုလွှတ်"

မြသွေးကား မလွှတ် ...

ထိုအချိန်မှာ တဝုန်းဝုန်းခြေသံနဲ့အတူ လူသေကောင်ပုတ်နံ့ကြီးက သူ့နှာခေါင်းထဲ လုံးဆောင့်ဝင်လာသည်။

ကြည်နိုင် ကြောက်လန့်စွာ မျက်လုံးဖွင့်ကြည့်သည်။

သူ့ကိုကြည့်နေသော မြသွေး၏ပြူးကျယ်ကျယ် မျက်လုံးနီစွေးစွေးကြီးနှစ်လုံးအကြားသို့ ထိုးနှိုက်နေသော တွန့်တွန့်တွတ်တွတ်မည်းနက်နက် သရဲလက်ချောင်းကြီးကို တွေ့လိုက်ရ၏။





ထိုလက်ချောင်းကြီးမှ အထက်သို့ မရဲတရဲဆန့်တက်ကြည့်မိသောအခါ ...

"သ ... ရဲ ... ကြီး ... အီး ... ဟီး"

အရိုးပေါ် အရေတင် မျက်နှာကြီးတစ်ခု ... နက်ရှိုင်းရှိုင်းချိုင့်ခွက်ခွက်မျက်အိမ်နှစ်ခုထဲမှ လှုပ်စိလှုပ်စိ စူးလက်လက်မျက်လုံးစိမ်းကြီးနှစ်လုံး ...

တီကောင်အတွေးကြီးခေါင်းပေါ်တင်ထားသည့်အလား အော်ဂလီဆန်ဖွယ် ဖိုရိုဖားရားဆံပင်အတွေးကြီးများဖြင့် သူ့ကို ထိုသရဲကြီးပြုံးပြသည်။

ဝါညစ်ညစ်သွားကြီးများ လှုပ်ပဲ့လှုပ်ပဲ့လေတိုးနေ၏။ သရဲအပြုံးက သားရဲကျားတစ်ကောင်သထက် ပိုမိုကြောက်ဖို့ကောင်းလှသည်။

သ

ရဲ

ကြီး ...

ကြည်နိုင် ... အသံကုန် ညှစ်အော်လိုက်၏။

"လူလေး ... မကြောက်ပါနဲ့ကွယ် ... သရဲမဟုတ်ပါဘူး၊ အစိမ်းဂေါင်းကြီးပါ"

" ... "

ကြည်နိုင် စကားဟဟပင်ပြန်မဆိုနိုင်။ အစိမ်းဂေါင်းဆိုသူ သရဲကြီးကသာ ဆက်၍

"အဘ အစိမ်းဂေါင်းကြီးပါ လူလေး ... သုဘရာဇာကြီး အစိမ်းဂေါင်းပါကွယ် ... "

ရုပ်ရော အသံကပါ ကြမ်းတမ်းပြီး သရဲဆိုးကြီးတစ်ကောင်ထက်ပင် ကြောက်စရာကောင်းလှသော်လည်း သရဲမဟုတ် လူဆိုတာသိရ၍



www.burmeseclassic.com

www.burmeseclassic.com



ကြည်နိုင်အကြောက်ပြေသွားသည်။ ယခင့် ယခင်က သုဘရာဇာကြီး အစိမ်းဝေါင်းရယ်လို့သာကြားဖူးသည်။ တစ်ခါမျှ မမြင်ဘူးမတွေ့ဘူးခဲ့ပါ။ ရုပ်ကြီးကကြောက်စရာကောင်းသည်ဟု အများသူငါပြောစကားကို သူဖာသိဖာသာနေခဲ့သည်။ ပြီးတော့ ဒီသုဘရာဇာကြီးသည် ဘယ်သော အခါမှ ရွာထဲသို့ ဝင်လေ့ထွက်လေ့မရှိပါ။ အခု မြသွေးအသုဘကျမှ ရောက်လာတာဖြစ်သည်။

"သ ... သရဲကြီးလုပ်ပါဦး ... ဖယ်ပေးပါဦး ... အစိမ်းဝေါင်း ကြီးရယ် ဖက်ထားတာသေ ... သေတော့မယ် မောလှပြီ"

"မကြောက်ပါနဲ့ လူလေးရယ်၊ သမီးလေး မြသွေးက သရဲဖြစ်ပြီး လူလေးကိုဖက်တာမဟုတ်သလို အပစီးပြီး ဖက်တာလည်း မဟုတ်ပါဘူး၊ သူ့ခန္ဓာကိုယ်ရဲ့ အကြောစုံနေရာကို တစ်ခုခုနဲ့ထိမိခိုက်မိသွားလို့ အကြော တွေ တွန့်ဆွဲလန့်ဖျတ်ပြီး လူကလေးကို ဖက်မိသလို ဖြစ်သွားတာပါ"

သုဘရာဇာ အစိမ်းဝေါင်းကြီးသည် ကြည်နိုင့်ကိုလည်း သဘော ပေါက်အောင်ရှင်းပြသည်။ လက်နှစ်ဖက်ကလည်း မြသွေး၏မျက်လုံးပြူး ကြီးနှစ်လုံးကြားရှိ နှာတံရင်းနေရာသို့၎င်း လည်တိုင်နှင့်ပခုံးအစပ် အခြေရှိ တန်းလျှက်အိုးဟုခေါ်သော နေရာသို့၎င်း နှိုက်ညှိုက်၊ နှိပ်လိုက်လုပ်နေ သည်။

"ညဘက်ရာသီအေးတဲ့အချိန်တွေမှာ သင်္ချိုင်းကုန်းတွေမှာ ပြီး လွယ်စီးလွယ်မြှုပ်ထားတဲ့လူသေကောင်တွေ ထ,ထ,ထိုင်လေ့ရှိတယ်ကွ၊ အဲဒါက ရာသီဥတုရဲ့ပယောဂကြောင့်ပဲ၊ အခု သမီးလေးမြသွေးထပြီး လူလေးကို ဖက်တာကတော့ လူလေးပယောဂကြောင့်ပဲဖြစ်ရမယ်၊ လူလေး သမီးလေး မြသွေးရဲ့ ခန္ဓာကိုယ်တစ်နေရာရာကို ထိုးမိ ဖိမိလို့ မဟုတ်လား"

ပြဿနာ၏အရင်းမြစ်ကို ခရေစေ့တွင်းကျရှင်းပြသည်။သုံးသပ်၏။





တကယ်ကား မြသွေးပေါ်ထိုင်မိတဲ့ သူ့အပြစ် ...

"အဲလို ... လူသေကောင်တွေ ကုန်းရုန်းမထနိုင်အောင် အဘ တို့လို သုဘရာဇာတွေက စနစ်တကျ မြေကျင်းတူးရ ... မြေဖို့ရတာပေါ့ ကွယ်"

သုဘရာဇာကြီးကပြောရင်း အကြောတစ်ခုကို ဒုတ်ခနဲဆွဲချလိုက် သောအခါ ...

"အား ... အဘ ... အဘ မြ ... မြသွေး ကျုပ်ကိုဖက်တယ်၊ တင်းလာပြီ ပိုတင်းလာပြီ၊ ဘယ်လိုလုပ်လိုက်တာလဲ အဘရယ်၊ အဘ လုပ်မှပိုဆိုးလာတယ်ဗျ ... မဟုတ်ဘူးထင်တယ် မြ ... မြသွေး တကယ် ကို အပစီးပြီဗျ ... ကျုပ် ... ကျုပ်သေတော့မယ်၊ မွန်းလှပြီ ... အစ် အစ် ... အ ... "

မြသွေး၏ လက်များ သူ့ကိုပိုမိုတင်းကျစ်စွာ ဖက်လိုက်သလို မြသွေး၏ မေးစေ့က သူ့လည်စလုတ်ကို ဖိကပ်သွားသည်မို့ သူ့အသက်ရှူ မေ့မတတ် မူးဝေသွား၏။ မျက်လုံးတွေပြူးလာ၏၊ နားတွေအူပင်းပိတ်ဆို့ နေသည်။

အမြင်တွေ အကြားတွေ လွန်းထိုးယှက်တင်ရှုပ်ယှက်ခတ်သွား လေပြီ ...

"အားလုံးပြီးတော့မှာပါကွယ် ... ဟဲ ... ဟဲ ... ဟဲ"

တုန်ခါခါနက်တက်တက် သုဘရာဇာကြီး၏ အသံက သူ့နားထဲ မှာ ပြတ်တောင်းပြတ်တောင်းဝင်လာသည်။

"ကိုကြည်နိုင် ... "

ချစ်သူ သန့်၏ အငိုစွက်စွက်အသံလေးကို နောက်ဆုံးကြားလိုက် ရသည်ထင်၏။ ထို့နောက်မှာတော့ ကြည်နိုင် ဘာကိုမှ မမြင်မကြားတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ — လူမိုက်တစ်ယောက်လို နှင်းတောထူထူကြီးထဲ တိုးဝင်ပြေးလွှားနေမိသည်။

တစ်စုံတစ်ရာ လွတ်လမ်းအတွက်ပြေးနေသည်။

သို့တိုင်အောင် ... သူမှာ ဖန်လှောင်အိမ်ထဲမှ ကြွက်ဖြူလေးတစ်ကောင်လို ပြေးကားပြေး၏။ မလွတ်နိုင်။

တစ်ကိုယ်လုံး နှင်းတွေသီးထပ်စို့ရွှဲလျှက်ရှိသည်။ လည်ချောင်းကြီးကတော့ မီးကျီခဲမျိုချထားသူနှယ်။ ခြစ်ခြစ်တောက်ပူလောင်မှုဖြင့် နာကျင်လွန်းလှသည်။

ဟိုးရှေ့မှ မှောင်သထက်မှောင်သော မှောင်ပိန်းပိန်းထဲ တိုးလိုက်လျှင်တော့ သူ့လည်ချောင်းအပူသည် ပျောက်လိမ့်နိုးထင်၏။

ထို့ကြောင့် သူအမှောင်ကြီးထဲ တစ်ဟုန်ထိုးပြေးသွားသည်။

⁂◆⁂



အခန်း ( ၅ )

အေးစက်မှောင်မည်းချောက်ကမ်းပါးကြီးထဲ သူခုန်ဆင်းချလိုက်သည်။

လွင့်ခနဲ ငြိမ့်ခနဲရင်ကဲမှာ အေးကျင်ကျင်ခဲတက်လာ၏။

"ကြည်နိုင်ရေ ... ဝေး ... ကြည်နိုင် ... "

ခပ်ပျှပျှအော်သံက သူ့နောက်သို့ လေခွဲမြားတစ်စင်းလို တရွှီးရွှီးပြေးလိုက်လာသည်။

အသံလာရာသို့ သူလှည့်ကြည့်ပေမယ့် နိုက်နိုက်တုန်ချမ်းစီးသော နှင်းငွေ့နှင်းစက် နှင်းပွင့် နှင်းခဲများသာ အလျှင်းမဲ့ အလျှင်နှုန်းနဲ့ပြေးလွှားသံတွေ ထွက်ပေါ်နေ၏။

ကြည်နိုင်ခန္ဓာကိုယ်တစ်နံ့တစ်လျားဝယ် ခွေးဘီလူးတွေ [illegible]ကောင် ပြီးတစ်ကောင် လျှာနဲ့ဝိုင်းလျှက်နေသကဲ့သို့ စိုစိစိထိတ်လ[illegible]ကြီးက မနိုင်ရင်ကာ ထွားကြိုင်းလျှက်ရှိသည်။

စောစောကအသံသည် သူ့အတွက်တော့ အမှော်ဖြစ်သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ရေတွင်းနက်နက်ကြီးထဲ ဆွဲခေါ်သည့် အဖော်လား အမှောင်ကမ္ဘာ ရှိုင်းရှိုင်းကြီးထဲမှ ဆွဲထုတ်မည့်အဖော်လားတော့မကွဲပြားပေ။

တကယ်တော့ ကြည်နိုင့်ထံသို့ ထိုအော်ခေါ်သံကြီးပြေးလိုက်လာခြင်းမဟုတ်ပါ။ ကြည်နိုင် ကိုယ်တိုင်ကသာ ထို — တုန်ယင်တိုးလျှ သေအုံ့မှုန်မှုန်းအသံရှိရာသို့ အရှိန်ပြင်းပြင်း ပြေးလွှားနေခြင်းဖြစ်သည်။

ကြည်နိုင့်လည်ချောင်းတစ်ခုလုံးကတော့ ရှားမီးကျီးခဲရဲရဲတွေ ပတ်ချာလည်အုံထားမြှိုက်ထားသလို ပူလှသည်။ သက်သာလာလိုလာငြား သူ့ဝမ်းတွင်းမှအပူတွေ လည်ချောင်းတစ်လျှောက် မှုတ်ထုတ်တော့ စကားသံအချို့ဖြစ်တည်သွား၏။

"မြသွေး … သူငယ်ချင်း မင်းဘယ်မှာလဲ … "

ပြေးသည့်အရှိန်နှုန်း ထပ်မြှင့်သလိုအော်သံပါမြှင့်၏။

"မြသွေးရေ … ငါကိုစောင့်ဦးဟေ့ … "

စောစောက အော်သံသည် မြသွေးအသံဖြစ်သည်ကို သူ့ မသိစိတ်က အလိုလိုသိနေကြောင်း သူ့သိစိတ်ကအများကြီး နောက်ကျလေမှသိသည်။

စွပ်ဖားဆွဲ နှင်းခွေဦးဆောင်ဆွဲခေါ်ရာနောက်သို့ ဒရွတ်တိုက်စွပ်ဖားလှည်းတစ်စီးလိုက်နေသကဲ့သို့ မသိစိတ်နောက် သိစိတ်က ပင်ပန်းကြီးစွာလိုက်နေရ၏။

သူဖြတ်တိုးနေမိသော လေပြင်းပြင်းသည် အပ်သွားအစင်းပေါင်းများစွာဖြင့်ပြီးသော မိစ္ဆာရှိုင်းတပ်သွေး မုန်တိုင်းတစ်ခုဖြစ်နေသည့်ဘင်၏။ ခန္ဓာကိုယ်အရေပြားအနှံ့ — နေရာလပ်မကျန်အောင် ချွန်စူးစူးအပ်တွေပြေးဝင်ထိုးစိုက်လာသည်မှတ်ရ၏။ နာကျင်ခံခက်မှုကား ဆိုဖွယ်ရာမရှိ။

ရောက်သည့်နေရာမှာ ထိုးလုံချချင်လောက်အောင် အားအင်ရှိ





သမျှ ချိန်ခွဲခမ်းခြောက်သွားလေပြီ။

"ဝေး … ကြည်နိုင် …

ကြည်နိုင်ရေ … "

ပီပီသသ မြသွေးအသံကြားလိုက်ရချိန်မှာတော့ သူဟာ ဟပ်ထိုးလဲ လဲကျသွားတော့သည်။

သူအသက်ကိုပင်ပန်းတကြီး ရှိုက်သွင်းရှူသွင်းနေရသည်။ သို့ပေမယ့် အသက်ရှူလို့မဝပါ။ အောက်ဆီဂျင်ပါးရှားသော ဝေရတ်တောင်ထိပ်ရောက်နေသူလို အသက်သာရှူနေ၏။ ရှူမိသမျှလေတွေက အသက်ဓာတ်ဖြစ်မလာပေ။

သူ့နှာခေါင်းပေါက် ပါးစပ်ပေါက်တွေ အစွမ်းကုန်ဖွင့်ကာ အသက်ရှူသည်။ ရေနည်းငါး ကမ်းတက်ငါး။

သေလုမျှောပါးငါးတစ်ကောင် ဖွင့်ချည်ပိတ်ချည် မြန်ဆန်ပါးဟပ်များဖြင့် အသက်ရှူနေသည့်နှယ်။ အသက်ကို ကြိုးစားပန်းလိုက်စွာ ရှူသွင်းနေရသည်။ သို့သော် နှာခေါင်းပေါက် ပါးစပ်ပေါက်တို့ထဲသို့ တိုးဝင်လာသည်က အသက်ဓာတ်မဟုတ်တဲ့ လူသေလောင်းအနံ့များ။ မီးသင်္ဂြိုဟ်စက်ခေါင်းမှ လူသေညှော်နံ့များ လူသေကောင်ပုပ်ပွပွအနံ့များ — လတ်တလော လူသေ၏ ညှီစို့စို့သွေးနံ့များ စသည့်နံ့ဟောင်ထန်ပြင်းသော သေခြင်းအနံ့များသာ လုံးကာဆောင့်ကာတိုးဝင်လာသည်။

ကြောက်မက်ဖွယ်အနံ့ဆိုးကြီးများ ပိတ်ဆီးမွန်းကျပ်နေပေမယ့် သူ လုပ်ခနဲ ဝမ်းသာသွား၏။ သူမျက်စိတွေသည် ကြောင်တစ်ကောင် ကျားရဲတစ်ကောင် … လို့ အမှောင်ထုထဲမှ မြင်ကွင်းတွေကို ခပ်ပျပျမှ ထင်ထင်ရှားရှားအထိ တွေ့မြင်လိုက်ရ၍ပါ။ သို့သော် — ထိုသို့ဝမ်းသာဖွယ်ရာမြင်တွေ့နိုင်သော ကြောင့်ပင် ချုံးပွဲချထိုင်ငိုချင်စိတ်ပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ...

သူရောက်နေရာအရပ်သည် လှသူကင်းဆိတ်သော သုသာန်တစပြင်တစ်ခုဖြစ်၏။ အနီးအပါးမှ ထိုးထိုးထောင်ထောင်အရိုးစုများ လှသေကောင်မြုပ်နှံသည့် မြေပုံမို့မို့များ တဖောင်းပြသာဒ်ဆူးခတ်များ အုပ်ထားသည့်လှသေကောင်ထည့်အခေါင်းများ ပုတ်ဆွေးရိဖတ်အလောင်းကောင်များ အုတ်ဂူဖွေးဖွေး အုတ်ဂူမွဲမွဲတွေ စီရရီထချို့ ပဲ့ပြိုတချို့များဖြင့်အတိပြီးသော သင်္ချိုင်းကုန်းတစ်ခုပေါ် သူရောက်နေသည်။

သူလဲကျနေသောနေရာသည်ပင် မြေစာခဲအသစ်တွေ ပြီးလွယ်စီးလွယ်ဖို့ထားသော လောလောလတ်လတ်လှသေအလောင်းမြှုပ်ထားသည့် မြေပုံသစ်တစ်ခုဖြစ်နေသည်။

"ကြည်နိုင်ရေ ...
သူငယ်ချင်း ... "

သူ ကြက်သီးမွေးညှင်းတွေ ဖြင်းခနဲထသွား၏။

သူ့အနီးမြေပုံအသစ်ဆီမှ အော်သံသဲ့သဲ့သည် မြသွေးအသံဖြစ်နေသည်။

"မြ ... သွေး ... "

သူ့နှုတ်မှ ကြောက်လန့်ခြင်းအပြည့်လွှမ်းသော အသံတုန်အက်အက်ထွက်အကျမှာ မြေပုံမှ မြေစာခဲများ ဖွားခနဲ ကွဲတက်လာ၏။

ကြည်နိုင် မှင်တက်မိစွာ ထိတ်ထိတ်ပျာပျာကြည့်လိုက်တော့ ဆံပင်ဖားလျားကျ မြသွေးသည် သူ့အနီးမှာ မြေစာခဲများအောက်မှ ဘွားခနဲငုတ်တုတ်ထထိုင်နေတာကို တွေ့လိုက်ရသည်။

"အား ... "

သူ့အသံပြာအောင် အော်လျက် ထွက်ပြေးရန်ကုန်းအထ။ မြသွေး





၏လက်က သူ့ခြေကျင်းဝတ်ကို ဆတ်ခနဲ ဖမ်းကိုင်လိုက်သည်။

"မြသွေး _ ငါ _ ငါ့ကိုချမ်းသာပေးပါကွာ ငါ _ ငါ တအားကြောက်လို့ပါ ... "

သူ ပျာပျာသလဲ တောင်းပန်တုန်လှုပ်နေ၏။

"မကြောက်ပါနဲ့ သူငယ်ချင်းရယ် ... ငါမင်းကို ဘယ်လိုမှ မလုပ်ပါဘူး ... မင်းငါ့ကို အကူအညီပေးပါဦး သူငယ်ချင်းရာ ... "

မျက်ရည်လည်ရွဲနဲ့ မြသွေးပြောတော့ သူငယ်ချင်းသံယောဇဉ်ကြောင့် သူ့ကြောက်ရဖို့ထက် သနားစိတ်ကပိုသွားသည်။ မြသွေး ဘာအကူညီများလိုလို့ပါလိမ့်ဟု စဉ်းစားနေမိသည်။

"ငါ ကလေးမွေးချင်တာ မွေးမရလို့ပါ ကြည်နိုင်ရယ်"

"မင်း _ ကလေးမွေးပြီးပြီလေ မွေးပြီးလို့မှ မင်းသားလေးကို မင့်မိန်းမ _ အဲလေ မင့်ယောကျ်ားနွေဦးနဲ့အတူ နွေဦးမိဘတွေ လာခေါ်သွားပြီး အခုမင်းတို့ ကနစိုရွာကို ရောက်သွားကြပြီ ... "

"မင်းပြောတာ ဟုတ်ပါတယ် _ ဒါပေမဲ့ ငါ့ဗိုက်ထဲမှာ ကလေးတစ်ယောက်ရှိနေသေးတယ် _ အဲဒီကလေးကို လာမွေးပေးကြပါကွာ၊ မင်းတို့ရွာသူကြီးနဲ့ ရွာသားတွေက ငါ့ကိုချက်ချင်း ညတွင်းချင်း မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြပြီ၊ ငါသေတာအကြောင်းမဟုတ်ပေမယ့် ငါ့ ဗိုက်ထဲကရင်သွေးလေး လူ့လောကထဲရောက်စေချင်တယ် ကြည်နိုင်ရာ၊ အခုငါအရမ်းခံစားနေရတယ်ကွာ ... ငါ့ကိုတကယ်ခင်ရင် ဒီတစ်ခုတော့ နောက်ဆုံးအနေနဲ့ကူညီပါ သူငယ်ချင်းရာနော်၊ ဝမ်းဆွဲသည် ခေါ်ပြီး ဒီညတွင်းချင်းပဲ ငါ့အလောင်းကိုပြန်ဖော်ပြီး၊ ကလေးမွေးပေးပါ သူငယ်ချင်းရယ် ... "

မြသွေး၏မျက်ရည်စီးကြောင်းများ၏အစ မျက်လုံးသေကြီးနှစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုမမှိတ်မသုန် စိုက်ကြည့်နေ၏။ အံ့သြလွန်းရသည်။

သူ့ကျောမြောင်းရိုးတစ်လျှောက် ကင်းခြေများတက်သလို တွန့်တွန့်လူး တွန့်သွားလေသည်။ မယုံနိုင်ခြင်းနှင့် ထိတ်လန့်ခြင်းတို့ကို မထိန်းနိုင်။

"အမြန်ကူညီပါ ကြည့်နိုင်ရာ _ အခုဆို ကလေးကထွက်ချင်လှပြီ ငါ့မှာလည်း မွေးချင်လျက်နဲ့မွေးမရတော့ နင့်ဆို့ဆို့ကြီးမို့ပါကွာ၊ မဟုတ်ရင် ငါဘယ်တော့မှ မကျွတ်မလွတ်တော့တဲ့ မိုက်ကြီးသည် သရဲဖြစ်ရလိမ့်မယ် ... ကူညီမယ်မဟုတ်လား သူငယ်ချင်းရယ် ... "

တစ်ခါမှ ချိုချိုသာသာမတောင်းဆိုတတ်သော မြသွေးသူ့ကို ခခယယတောင်းဆိုနေရှာသည်။ ဒါအဖြစ်မှန်ဖြစ်မည်။

"စိတ်ချပါ ... ငါလုပ်ပေးပါ့မယ်"

"ဝမ်းသာလိုက်တာကွာ ... ကဲ ကဲ မင်းလည်း အချိန်မီပြန်တော့ တော်တော်နေ _ သူတို့နဲ့တွေ့သွားရင် _ မင်းလူ့ပြည်ပြန်မရောက်ဘဲ နေဦးမယ်"

မြသွေးစကား၏ အဓိပ္ပါယ်ကို သူနားမလည်လိုက်ပါ။

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ဘယ်တော့မှ မကျွတ်မလွတ်တဲ့ သရဲသဘက်ကြီးတွေ ... ဟော ... ပြောရင်းဆိုရင်း လာနေကြပြီ ပြေး ... ပြေး ကြည့်နိုင် ဒီလမ်းလေးအတိုင်းပြေး ... "

မြသွေးက သူ့ကို လမ်းကျဉ်းလေးထဲသို့ ဆောင့်တွန်းပို့လိုက်သည်။ မြသွေးကို ပြန်လည် လည်ပြန်ကြည့်တော့ မြသွေးသည် ကုန်းလိပ်ကြီးတစ်ကောင်လို့ မြေစာခဲတွေကြားထဲ ကျစ်၍ ကျစ်၍ပြန်ဝင်သွားတော့သည်။





ကတ်တီးလေးဆိုရုံလေးသာ လွတ်သွားသည်။ မြသွေးမြေကျင်းထဲ နစ်မြုပ်သွားချိန်မှာပင် သရဲကြီးနှစ်ကောင် မြသွေးမြေပုံအနီးရောက်လာကြတော့သည်။

တစ်ကောင်က အရေခွံ ကုပ်ဖြဲခွာချထားခံရသော ဆူမိုဂျပန် ပန်းသမားကြီးလို သွေးချင်းချင်းနီကိုယ်လုံးတီး ခန္ဓာကိုယ်ထွားထွားကြီးနဲ့ဖြစ်ပြီး ...

ကျန်တစ်ကောင်ကတော့ ဆန့်ကျင်ဘက်ဖြစ်သည်။ ပိန်လိန်ချုံ့နေသော ခြေလှမ်းများဖြင့် တုန်ချိချိ အိုကြီးအိုမအဘွားအိုကြီးတစ်ယောက်။

သူတို့နှစ်ယောက် ခေါ်မလား။ နှစ်ကောင်ခေါ်မလား။ သရဲနှစ်ဖော်သည် မြသွေး၏မြေပုံကို မသက်သာသလိုစိုက်ကြည့်နေသည်မှာ အကြာကြီးဆိုမှ အကြာကြီး။ ထို့နောက် _ သူ့ထံသို့ ပြိုင်တူလှမ်းကြည့်ကြ၏။

"ဟာ ... "

အေးစက်စက်အကြည့်များထဲမှ သွေးပျက်ဖွယ်ချောက်ချားမှုတွေ ပြည့်ကားလျှံကျနေသည်။

သူ ... တစ်ချိုးတည်းသုတ်သည်။

ဝှစ်ခနဲ လေတိုးသံနှင့်အတူ ညာဘက်မှာ ကွမ်းသီးပင်လုံးပတ်ခန့် သွေးချင်းချင်းရဲရဲတွတ် သန်မာလက်တံရှည်ကြီး ... ဘယ်ဘက်မှာ မြွေပွေးတစ်ကောင်လို တွန့်ကွေးနက်ပြောင်လက်တံရှည်ကြီး _ ထိုလက်တံရှည်ကြီးနှစ်ဖက်သည် မယုံနိုင်သော အလျင်နှုန်းနဲ့ရှည်လျားဆန့်တန်းကာ သူ့ကျောပြင်ဆီသို့ တစ်ဟုန်ထိုးတိုးဝင်လာ၏။

သူ ကျော့ကော့ပြီးပြေးသည်။

"ဖြိ ... "

လက်တံရှည်ကြီးနှစ်ချောင်း ဖမ်းဆုပ်မှုကြောင့် သူ့အကျီကျော



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြင်လုံး စုတ်ပြဲသွားသည်။

"အား ... "

အသံကုန်အော်လျက် အသားကုန်ထိတ်လန့်မှုဖြင့် အသက်လုပြေးချလိုက်၏။ ဒီအချိန်မှာ ကမ္ဘာ့အမြန်ဆုံးလူသား၏ ခြေထောက်သည်ပင် ကြည့်နိုင် ခြေကိုတော့မီမည်မထင်။

လက်တံရှည်တွေ လေမှာရမ်းသည့်အသံတွေ တိုး၍တိုး၍ ဝေးကွာကျန်ခဲ့သည်။

နှလုံးခုန်သံတွေက ကိုဆိုပိုအရေးအခင်း ပုံးသံများနှင့်မခြား မနားတမ်းပြေးနေသည်။ ရင်နှင့်ခန္ဓာကိုယ်တွင်းပိုင်းတစ်ခုလုံး ဟုန်းဟုန်းထပူလောင်လျက်ရှိသည်။ ခန္ဓာကိုယ်တွင်းရေတွေကြီးစွာ ဆူပွက်ကာ ချွေးသီးချွေးပေါက်များအဖြစ် မွေးညှင်းပေါက်အားလုံးမှ စိမ့်ထွက်သီးထသွားသည်။

သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုကာ ခိုက်ခိုက်တုန်လာ၏။ နဖူးပြင်တစ်ပြင်လုံးအေးစက်မှုကြီး လောင်မြိုက်နေသည်။

နဖူးမှ ချွေးစက်တွေကို သူလက်နှံကြမ်းတမ်းစွာသပ်ချလိုက်သည်။ ချွေးပင်လယ်ထဲကူးရသူလို မောမူးမွန်းလှသည်။ အေးလှ၏။

"မောတယ် ... ဖယ် ... ဖယ်ပါ မွန်းတယ် ... "

သူ ဂယောင်ကတမ်းအော်ရင်း ရှန်းရင်းဆန်ခတ်ထထိုင်လိုက်သည်။

နားထဲမှာ ဝီခနဲအသံကြီးစတင်ကြားလိုက်ရ၏။ မြင်ကွင်းတွေက တံလျှပ်ဖြူဖြူများလို တရိပ်ရိပ် ...

"ကို ... ကို သတိရလာပြီလား"

ချိုသာယဉ်ပါးသောအသံတစ်သံ _ ဒါ _ ဒါ မလွဲမှားနိုင်သော





သူ့ရဲ့ရှားပါးပစ္စည်းတစ်ခုတည်းသော အမွန်အမြတ်။

"သန့်"

ထိတ်ထိတ်ပျာပျာဝမ်းသာရှာသော သန့်၏ညိုညက်ညက်မျက်ဝန်းတွေက မြို့ထည်တစ်ခုလို မထူပါဘဲ မြို့ထည်တစ်ရာထက်နွေးထွေးစေသည်။ သူသန့်ကိုသာ မထိန်းနိုင်မယိမ်းနိုင် ငေးနေမိတော့သည်။

"လောင်းလောင်း _ ကောင်လေးတွေ အဲဒီကောင့်မျက်ခွက်ကို ရေတစ်ပုံးလောက်ထပ်လောင်းလိုက်ဦး _ ဒီကောင် သတိကောင်းကောင်းလည်သေးပုံမရဘူး ... လောင်းကြပါဟ"

သူကြီးရဲ့နာလိုခံခက်အသံနဲ့ အရှက်တွေထူအမ်းအမ်းမျက်နှာကြီး ... ရေအပြည့်ဆယ်ဝင်ပုံးကိုမကာ သူ့မျက်နှာပေါ်လောင်းချရန် ချိန်ရွယ်လိုက်သည့် ဖိုးထောင်၏ချိုပြုံးပြုံးပေမယ့် တကယ်လုပ်မည့်မျက်နှာပေါက်ကိုကြည့်ကာ ချမ်းချမ်းတုန်အောင်ချမ်းနေပြီဖြစ်သည့် ကြည်နိုင်အနီးဆုံးရှိ သန့်ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်၏။

"မ ... မလောင်းကြပါနဲ့တော့ရှင် ... ကို သတိရလာပါပြီ ကိုကိုမလုပ်ကြပါနဲ့ ... ကို"

"ဟဲ့ကောင်မလေး ... ဟာ ဘာတွေလျှောက်အော်နေ ... တောက် ... ခက်တာဟာ ... ဒီကလေးမတော့ ကြိမ်စော်နံနေပြီ"

"မလုပ်ပါနဲ့ အဖေရယ် ... သမီးကို ကိုကို ... "

"နာမည်ခေါ်စမ်း အမျိုးယုတ်သမီး ... "

"အဖေ့သမီး ... အမျိုးယုတ်မလေးကို သနားပါအဖေရယ် သမီး ... ကိုနဲ့ ... ကိုကြည်နိုင်နဲ့မခွဲပါရစေနဲ့နော် ... အဖေရှင်"

"ဟုတ်ပါတယ် သူကြီးရယ် _ သားနဲ့သမီး အဖေ့ကိုကန်တော့ပါတယ်၊ သန့် ... လာ လာ ... အဖေ့ကို ကန်တော့ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဟုတ် ... ဟုတ်သေးဘူးဟ"

သူကြီး ခပ်တွေတွေကြီးဖြစ်နေစဉ် သူကြီးခြေဖမိုးကို နဖူးကိုယ်စီနဲ့ထိကပ်ကာ ကြည်နိုင်နှင့်သန့် ကန်တော့လိုက်ကြသည်။

စိတ်မထင်ရင် ခြေထောက်နဲ့ဆောင့်ကန်မည်ကို စိုးသောကြောင့် သူကြီး၏ ခြေကျင်းဝတ်နှစ်ဖက်လုံးကို သန့်နှင့်ကြည်နိုင်တို့ မလွှတ်တမ်းဆုပ်ကိုင်ထားကြသည်။ သူကြီးမှာ မရုန်းရဲ၊ ရုန်းတာနဲ့ အုန်းခနဲလဲမည်။

"သူကြီး ... ဆုပေးလိုက်လေဗျာ ... သမီးလေးက ဒီလောက်ရည်မွန်ယဉ်ကျေးနေတာ ဆုလေးတောင်မပေးချင်ရင် သူကြီးက ကျေးရွာအုပ်ချုပ်လူကြီးလုပ်နေပြီး လူ့ရိုင်းကြီးဖြစ်သွားမှာပေါ့"

"ဟုတ်တယ် ... သူကြီး အမြန်ပေးလိုက်ပါဗျာ"

"ငါက ဘာပေးရမှာတုန်းဟ"

"သမီးပေးပြီးမှတော့ ဒီလင်ဒီမယား အိုအောင်မင်းအောင်ပေါင်းကြ ... ဘာညာ ဘာညာပေါ့ဗျာ လုပ် ... လုပ် မြန်မြန်"

"အေး ... အေး လုပ်လုပ် မြန်မြန်လုပ် သမီးပေးပြီးမှတော့ ဒီလင်ဒီမယား အိုအောင်မင်းအောင်လုပ် ဘာညာဘာညာလုပ်ကြ"

"သူကြီး ဂယောင်ချောက်ချားလျှောက်ပြီး ပေးမနေနဲ့ အဲဒီဆုတွေက မပေးဘဲလည်းပြည့်မှာပဲ"

"ဒါဆို ... အဖေ သမီးနဲ့ကိုကြည်နိုင့်ကို သဘောတူတယ်ပေါ့နော်"

"ဟာ ... ဒီကောင်မလေး ဆင်တစ်ကောင်လုံးတွေ့နေတာ ဆင်ချေးတုံးကြည့်ပြီး ဆင်အကြီးအသေးခန့်မှန်းနေရလားဟ ငါတို့လိုကမ္ဘာပေါ်မှာမောင်ဖိုး ... နယ်လေးရပ် ဥသျှောင် ဖိုးထောင် ... ရှာရိုးကိုးပေါက်၊ ကိုဆင်ပေါက်တို့ရှေ့မှာ ပြောတဲ့နှုတ်ထွက်စကားပြန်ရုပ်သိမ်းရဲ





ရုပ်သိမ်းကြည့်ပါလား၊ နင့်အဖေကို လေးစားနေတဲ့လူတွေကအစ (... သား)လို့ ထဆဲချင်အောင် ဖွပစ်လိုက်မှာပေါ့ဗျာ၊ ငါတို့သုံးယောက်က ဒီနယ်မှာ အရှိန်အဝါအကြီးဆုံးမီဒီယာတွေဟ၊ ဘာအောက်မေ့လို့လဲ"

"ဟုတ်တယ် ကမ္ဘာပေါ်မှာ သတင်းနည်းပညာက အရေးအပါဆုံးပဲဟ၊ ငါတို့သုံးယောက်က သတင်းဖြန့်ဖြူးမှု ဖြန့်ဝေမှု ဖြန့်ကားမှုအကြီးဆုံး မီဒီယာဆိုဖိုးပဲကောင်မလေးရေ ... ကမ္ဘာပေါ်မှာ နင့်အဖေသူကြီးလောက်ကိုထားလို့ ဘားရက်အိုဘားမားတောင် ငါတို့က ပစားပေးမှာမဟုတ်ဘူး ... သတင်းမြန်ဆန်မှန်ကန်ရေးသည် အဓိကပဲ ... ဘာမှစိတ်မပူနဲ့ နင်တို့ မင်္ဂလာသတင်း တနယ်လုံးနှံ့ပြီမှတ်"

"မှန်တယ် ... မှန်တယ် ဒီတစ်လအတွင်းမှာ နင့်အဖေကိုယ်တိုင် ... နင်တို့နှစ်ယောက်ကို အခမ်းနားဆုံးမင်္ဂလာပွဲလုပ်ပေးလိမ့်မယ်၊ အဲဒီအခါမှသာ ငါတို့သုံးယောက်ရဲ့နာယကဂုဏ်ကို မမေ့နဲ့ကြားလား ကောင်မလေး ... ဟိုကောင် ကြည်နိုင်ရော ငါပြောတာနားဝင်လား ... မထုံတက်သေးနဲ့ ဘာကောင်ပါလိမ့်ဗျာ"

"ဟုတ် ... ဟုတ် ကြား ... ကြားပါတယ် နာယကကြီး သုံးယောက်ရယ်"

"သူကြီးလည်း ကြားတယ်နော်"

"..."

သူကြီးကမဖြေသေးဘဲ ပေတီပေကပ်လုပ်နေသေး၏။

"ကျုပ်တို့စကားနားမထောင်ချင်ရင်လည်း သဘောပဲလေ"

ဆင်ပေါက်၏ ခြိမ်းခြောက်စကားမှမဆုံးသေး သူကြီးအသံကြီးဆောင့်ကြီးအောင့်ကြီးထွက်လာ၏။

"ကြားသားပဲလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပွဲဘယ်တော့လုပ်ပေးမှာလဲ ..."

"တစ်လအတွင်းဆိုလည်း တစ်လအတွင်းပေါ့"

"ဟေး ..."

ကြည်နိုင်နှင့်သန့် ပြိုင်တူအော်လျက် တစ်ယောက်နဲ့တစ်ယောက် ခပ်တင်းတင်းဖက်လိုက်ကြသည်။

"ဟော့ ... ဟော့ ... အဲလိုတော့ မလုပ်ကြနဲ့"

သူကြီးမျက်နှာပူစွာ မျက်နှာလွှဲတော့ ...

ရယ်သံတွေသောသောညံသွားသည်။

ဟား ဟား ဟား ဟား

ဟီး ... ဟီး ... အီး ... အီး ...

အိမ်ရှေ့ခန်းမှာ သူတို့အဖွဲ့ တဟားဟားပွဲကျလို့ကောင်းနေဆဲမှာ ခြံဝင်းထဲရှိ ရေနွေးကြမ်းဝိုင်းဆီမှ တအီးအီး ထ,ငိုလိုက်သံကြားလိုက်ရ၏။

သူတို့အဖွဲ့တွေ ရယ်လက်စကိုယ်ရှိန်တန့်သွားသည်။

"ဘယ်သူတုံးဟ ... ငိုနေတာ ..."

"နွေဦးပြန်လာပြီး ငိုနေတာများလား"

သူတို့အားလုံး ခြံဝင်းထဲပြေးဆင်းလာကြသောအခါ

"ဟောဗျာ ... မကြည်"

လူကြီး၏ ပြူးပြူးပျာပျာအသံနဲ့အတူ ...

"အမေ ..."

ဆိုတဲ့ သန့်၏အထိတ်တလန့်အသံနဲ့ မရှေးမနှောင်း။

"သူကြီးကတော် ..."

ဖိုးထောင်တို့သုံးယောက်နှင့်ကြည်နိုင် ပေါင်းလေးယောက်၏ တအံ့တသြရေရွတ်သံတွေ ဝုန်းခနဲထွက်ကျသွားတော့သည်။





သူကြီးကတော် ဒေါ်ကြည်ငိုကြီးချက်မနဲ့ ငိုနေသည်ကို ထူးဆန်းထွေလာမြင်တွေ့လိုက်ရသည်။

အီး ... ဟီး ... ဟီး ... အီး ...

"မကြည် ... နင်ဘာဖြစ်နေတာလဲ ... မကြီးမငယ်နဲ့"

သူကြီးက ခပ်ဟောက်ဟောက်လေးဆိုသည်ကို သူကြီးကတော် ခပ်ထန်ထန်ပြန်ကြည့်သည်။ ပြီးတော့ ...

"သူကြီး ... ကျုပ်ကိုလာပြီး ယီးတီးယားတားစကားတွေ လာမပြောနဲ့ ကျုပ်က နွေဦးကလွဲရင် ဘယ်သူနဲ့မှစိတ်နဲ့တောင် ဖောက်ပြန်တာမဟုတ်ဘူး"

သူကြီးကတော်အသံကြီးက ယောက်ျားသံကြီးလို ခပ်သြသြ ခပ်မာမာ ခပ်ပြတ်ပြတ် ...

"ဟာ ... ဒီမိန်းမ ဘာတွေစိတ်ရှုပ်ပေါက်နေတာတုံး မကြည်နင် ... ဘာသဘောတုန်း မကြည်"

"တော်စမ်းပါဗျာ ... ကျုပ် မကြည်မဟုတ်ဘူး"

"ဟော ... နင် မကြည် မဟုတ်လို့ ဘယ်သူလဲဟ"

"မြသွေးဗျ ... ကျုပ်မြသွေး ..."

"ဟာ ..."

တအံ့တသြ ရေရွတ်သံပြိုင်က အတော်ကြီးကိုကျယ်လောင်လို့သွားသည်။

"မြသွေး ပူးပြောနေတာ ... မြသွေးပူးပြောတာဗျ"

"ဟုတ်တယ် ... မြသွေး ဘာပြောချင်လို့လဲ မသိဘူး"

"သူကြီး"

မြသွေး ဝိညာဉ်ပူးကပ်နေသော သူကြီးကတော်က ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း"

သူကြီးအသံကြီးက ဆောင့်ကြီးအောင့်ကြီး _

"ကျုပ်ကို အကူအညီပေးပါဦး"

"ငါက ဘာအကူအညီပေးရမှာတုန်း မိကြည်ရ _ နင်နော်"

"ဟာ _ သူကြီး သူကိုသူကြီးမိန်းမအဖြစ်ကနေ ခဏလောက် အသိခွာပြီးဆက်ဆံပေးပါဗျာ ... မြသွေးဝင်ပူးတာသေချာတယ် ... ဒါမြသွေးလေသံ မြသွေးလေပေါက် အစစ်ပဲဗျ အလိုက်အထိုက်မေးကြည့် ပြောကြည့်ပါဗျာ _ "

ဖိုးထောင်က လေပြေဝင်ထိုးလေမှ သူကြီးလေသံပြောင်းသွား၏။

"ပြော _ မြသွေး ငါဘာလုပ်ပေးရမလဲ"

"ကျုပ်ကလေးမွေးချင်လို့ ဗိုက်နာလှပြီ"

ကြည်နိုင် မျက်လုံးတွေပြူးကျယ်သွား၏။ ဆံပင်မွေးအချောင်း ချောင်းတို့ လျှပ်စီးကူးသလို ခြောင်းခြောင်းထထောင်သွားရသည်။

ဒီစကားသည် စောစောက သူသတိလစ်နေတုန်းက မြသွေးပြော ခဲ့တဲ့စကားဖြစ်သည်။

"နင်ကလေးမွေးပြီးပြီလေ _ ကလေးအတွက်စိတ်ပူပြီး ဟိုလူ ပူးဒီလူပူးလုပ်မနေပါနဲ့တော့ မြသွေးရယ်၊ နင့်သားလေးကို နင့်ယောကျ်ား နွှေဦးခေါ်ပြီး သူ့မိဘတွေဆီပြန်သွားပြီ၊ အစွဲအလမ်းမထားပါနဲ့တော့ဟာ သံယောဇဉ်တွေဖြတ်လိုက်တော့ _ ဘဝခြင်းလည်းခြားသွားပြီ တို့အမှု ဝေမယ် ... နင် သာဓုခေါ်တော့ ... "

"မဟုတ်ဘူး သူကြီး ... သူကြီးပြောချင်တာတွေခဏထား ကျုပ်ပြောတာ သေသေချာချာနားထောင်ပါ၊ ကျုပ်ကလေးတစ်ယောက် မွေးပြီးပေမယ့် ကျုပ်ဗိုက်ထဲမှာ နောက်ထပ်ကလေးတစ်ယောက်ကျန်သေး





တယ်၊ အခုချက်ချင်းပဲ ဝမ်းဆွဲသည်ခေါ်ပြီး သန္ဓေကျန်းကို လာခဲ့တော့၊ ကျုပ်ပြောသလိုလုပ်ပေးပါ သူကြီးရယ် _ ဒီအကြောင်းကို စောစောက လေးတင် ကြည်နိုင်နဲ့အတန်တန်မှာလိုက်လျက်နဲ့ ဒီကောင့်နမူး နထူးနဲ့ မေ့နေလို့ _ ကျုပ် သူကြီးကတော်ကို ပူးပြီးဝင်ပြောရတာပါ _ "

"အခု ညတွင်းချင်းကြီးလား"

"ဟုတ်ပါတယ် သူကြီးရယ်"

"မနက်လင်းမှလာခဲ့မယ်ဟာ"

"မလုပ်ပါနဲ့သူကြီးရယ် _ အခုညမှ မမွေးနိုင်ရင် ဗိုက်ထဲက ကလေးသေပါလိမ့်မယ် အဲဒါအရေးကြီးလို့ လာပြောရတာပါ _ ဖြစ်နိုင် ရင် အခုပဲလာကြည့်ပါဗျာ _ ကျုပ် တောင်းပန်ပါတယ် _ မဖြစ်မနေ မိုလာပြီး အကူအညီတောင်းရပေမယ့် ရွာတော်ရှင်နဲ့အိမ်စောင့်နတ်က အချိန် စေ့လို့ နှင်နေပြီ _ "

"ရက်မလည်ခင်မှာ နင်တို့နေခွင့်ရှိတယ် မဟုတ်လား မြသွေး"

"နေခွင့်ဆိုတာကလည်း တကယ်နေရတာမဟုတ်ပါဘူး၊ ယာယီဝင်ထွက်ခွင့်ပဲရတာပါ သူကြီးရယ် _ သွားတော့မယ် အချိန်စေ့ ပြီ"

ပြောပြီး ဝါးခနဲသန်းကာ သူကြီးကတော်သည် အသက်ရှူပြင်း ထန်မောဟိုက်နေရှာသည်။

"မော ... မောတယ် _ ရေပေးပါ"

"နင် ဘယ်သူလဲ"

သူကြီးက သူ့မိန်းမကိုကြည့်ကာမေးတော့ သူကြီးကတော် ခေါ်ကြည့် ပြူးကြောင်ကြောင်နဲ့ နားမလည်နိုင်စွာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖော်တော် – ဘာစကားပြောတာလဲ မိကြည်ကိုများဆို ရှင်တစ်သက်လုံးအနိုင်ကျင့်လာတာ – ရှင်မကောင်းတာတွေမပြောချင်ဘူးနေ့ ၊ သမီးလေးမျက်နှာကြောင့် မကျေနပ်ပေမယ့် ငြိမ်နေခဲ့တာ သဘောပေါက်"

"အမေ … အမေ သတိရပြီလား"

"အင်း – သမီး အမေဘာဖြစ်လို့လဲ ရင်ထဲမှမောဟိုက်ဟိုက်ကြီးနဲ့အေ … "

"အမေ့ကို စောစောကမြသွေးဝင်ပူးပြီး စကားတွေပြောတယ် အမေ မသိတော့ဘူးလား"

"ဟောတော် – ဟုတ်လားဟဲ့ ကြောက်လိုက်တာသမီးရယ်"

"ဟုတ်တယ် … မကြည် … နင့်ကိုဝင်ပူးပြီး မြသွေးက သူ့ဗိုက်ထဲက ကလေးကိုလာမွေးပေးဖို့ အကူအညီလာတောင်းနေတာဟ"

"သြော်၊ ဟုတ်လား မြသွေးကို စောစောလေးက မောင်ကြည်နိုင် သတိလစ်လဲကျနေတုန်းကတင်ပဲ ရှင်တို့ သဂြိုဟ်ခဲ့ပြီးပြီမဟုတ်လား"

ကြည်နိုင် အံ့သြသွား၏။ သူကြီးကတော် ပြောလေမှ မြသွေးရဲ့ အလောင်းအိမ်မှ မရှိတော့တာကို သတိပြုမိတော့သည်။

"သန့်၊ မြသွေးကို ဘာလို့ညတွင်းချင်းသဂြိုဟ်လိုက်ကြတာလဲ"

"ဒီလိုကွ … မောင်ကြည်နိုင်ရ … မြသွေးအလောင်းကောင်ကြီးက မင်းကိုထ,ဖက်တာဟာ ဘယ်လိုနည်းနဲ့မှ သွေးရိုးသားရိုးကိစ္စမဟုတ်နိုင်ဘူး၊ ပြီးတော့ တစ်ခါမှ ရွာထဲမဝင်ဘူးတဲ့ သုဘရာဇာအစိမ်းဂေါင်းကြီး မင်းကိုမြသွေးဖက်နေတဲ့အချိန်မှာ အိမ်ပေါ်ချက်ချင်းရောက်လာတာကိုလည်း တစ်ရွာလုံးက သံသယဝင်နေတယ်၊ ဒီတော့ ညတွင်းချင်းအချိန်မဆိုင်းဘဲ သဂြိုဟ်ဖို့ ဟောဒီက မင့်သူငယ်ချင်းသုံးယောက်အပါအဝင် ရွာသားတွေအားလုံးရဲ့ဆန္ဒနဲ့ ငါကိုယ်တိုင်ဦးစီးပြီး မြသွေးကို အလောသုံးဆယ်





အခေါင်းစပ် – အလောသုံးဆယ်သဂြိုဟ်လိုက်ရတာပါပဲကွယ်"

"ဖြစ်မှဖြစ်ရလေတယ် မြသွေးရယ် – မင်းကံကလည်းဆိုးလှချည့်လားကွာ၊ မသေသင့်ဘဲလည်း သေရတယ်၊ ကျော့ပွဲအောင်တောင်ထားခွင့်မရခဲ့ဘဲ သဂြိုဟ်ခဲ့ရတယ်၊ မင်းအတွက် စိတ်မကောင်းပါဘူး သူငယ်ချင်းရယ် … "

စိတ်မကောင်းခြင်းကြီးစွာ ကြည်နိုင်ဆိုတော့ သန့်က အသာအယာလက်ကို ဆုပ်ညှစ်ပြီးအားပေးရှာသည်။

"သိပ်ကြီးခံစားမနေပါနဲ့ကိုရယ် – သတ္တဝါတစ်ခုကံတစ်ခုလို့ပဲ အောက်မေ့လိုက်ပါ၊ သူ့အသက်ရှင်စဉ်က ကိုအတတ်နိုင်ဆုံးသူငယ်ချင်းကောင်းပီသခဲ့တာပဲ … "

"ကဲ – ပြီးတာတွေလည်းပြီးပြီပဲ၊ အခု သေသူရဲ့ဆန္ဒအတိုင်း ငါတို့လုပ်ပေးကြရအောင်၊ ဟေ့ – အားလုံးပဲ အခုချက်ချင်းသင်္ချိုင်းကုန်းကိုသွားကြစို့ – ရွာတောင်ပိုင်းက ဝမ်းဆွဲသည် သန်းစိန်ကိုပြေးခေါ်ကြဟေ့"

သူကြီးအမိန့်ကြောင့် မကြာခင်မှာပဲ ဝမ်းဆွဲသည် ဒေါ်သန်းစိန်ရောက်လာ၏။

"သူကြီး … ကျုပ် မလိုက်ပါရစေနဲ့ … "

ဒေါ်သန်းစိန်စကားကြောင့် သူကြီးမျက်နှာတင်းခနဲ ဖြစ်သွားသည်။

"နင်မလိုက်လို့ မြသွေး ဗိုက်ထဲက ကလေးကို ဘယ်လိုလုပ်ပြီး ဘယ်သူက မွေးထုတ်တတ်မှာလဲ – မရဘူး လိုက်ခဲ့ရမယ် – လိုက်ခဲ့ဟာ နင်ရနေကျဝမ်းဆွဲခထက် သုံးဆပိုပေးမယ် … "

"သူကြီးကိုယ်တိုင် အကူအညီတောင်းတာ ကျုပ်လည်းကားဝမ်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေးဆိုလည်းပေးမှာပါ၊ ဒါပေမဲ့ — ကျုပ် အခုတော့ ငြင်းပါရစေတော် ကျုပ်တစ်သက်နဲ့တစ်ကိုယ် — လူသေကောင်ဗိုက်ထဲက ကလေးကိုမမွေး ပေးဖူးဘူး ... ဒါမျိုးက မလုပ်ကောင်းပါဘူးသူကြီးရယ်၊ မြသွေးဟာ အကုသိုလ်အကျိုးပေးကြောင့် မီးနေသည်မသာအဖြစ် သေခဲ့ရတယ်၊ အခု သင်္ချိုင်းမှာ မြေမြှုပ်လို့ပြီးမှ နောက်တစ်ယောက်ထပ်မွေးပေးရမယ်ဆိုတာ သာမန်ကိစ္စမဟုတ်ပါဘူး၊ ဘယ်လိုနည်းနဲ့မှ သွေးရိုးသားရိုးမဟုတ်နိုင်ဘူး၊ မကောင်းဆိုးဝါးတွေ လှည့်စားကြတာပါ၊ ဒါမျိုးကလေးမွေးပေးရင် ရွာနာ တတ်တယ်၊ မိုးလေဝသဖောက်ပြန်ပြီး သီးနှံတွေပျက်စီးတတ်တယ်၊ ကပ် ဆိုက်တတ်တယ်တဲ့သူကြီးရယ် ... ပြီးတော့ သူဟာ ဘယ်တော့မှ မကျွတ်မလွတ်ဘူး — သူမကျွတ်မလွတ်သရွေ့ ဝမ်းဆွဲပေးတဲ့ကျုပ်လည်း တစ်သက်လုံးမကောင်းဆိုးဝါး ဝိညာဉ်တွေလာလာပြီး ပူးကပ်တတ်ပါတယ်၊ ဒီတော့ တစ်သက်လုံးထိုင်စားလောက်တဲ့စည်းစိမ်ပုံပေးရင်တောင် ကျုပ်က သင်္ချိုင်းကုန်းမှာ မြှုပ်ပြီးသား မသာဗိုက်ထဲက ကလေးကိုမွေးမပေးနိုင်ဘူး၊ ဒီလိုငြင်းလို့ သူကြီးက ကျုပ်ကိုရွာကနှင်မယ်ဆိုရင်လည်း ဒီရွာကပြောင်းရုံ ပဲရှိတော့တာပါပဲ၊ ရွာနာမယ့်ကိစ္စကို သူကြီးကိုယ်တိုင်လည်းမလုပ်သင့်ပါ ဘူး''

ဝမ်းဆွဲသမ ဒေါ်သန်းစိန်ပြောပြီး ချက်ချင်းပြန်သွားတော့ သူကြီး နဲ့ကြည်နိုင် ခေါင်းငိုက်စိုက်ကျသွားသည်။

ပြဿနာက တော်တော်ကြီးကို ခက်ခဲသည့်ပြဿနာ။ ဖြစ်နိုင် လျှင် ကြည်နိုင် သူကိုယ်တိုင် ဝမ်းဆွဲသမအလုပ်လုပ်ပြီး မြသွေးရဲ့ကလေး ကို ဆွဲထုတ်မွေးပေးချင်ပေမယ့် သူဘယ်လိုမှ မလုပ်တတ်သည့်ကိစ္စလည်း ဖြစ်ပြန် ရွာသူရွာသားတွေနဲ့ သန့်ကိုယ်တိုင်ရဲ့မျက်နှာကလည်း ရှိပြန်ဆို တော့ ဘယ်သို့မှ မတတ်နိုင်အောင်ဖြစ်နေတော့သည်။

---





''ဒေါ်သန်းစိန်ပြောတာ လက်ခံသင့်တယ် ကြည်နိုင်၊ အသက် မရှိတော့တဲ့မိခင်ဗိုက်ထဲက ကလေးကရော ဘယ်နည်းနဲ့အသက်ရှင်နိုင် မှာလဲ၊ ပြီးတော့ ဝမ်းဆွဲသည် ကိုယ်တိုင်တစ်ယောက်မွေးပေးပြီးသားကိစ္စ၊ အခုတစ်ယောက် ဗိုက်ထဲမှာကျန်နေတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ငါတို့ လိုနားမလည်မတတ်ကျွမ်းတဲ့လူတွေမှမဟုတ်တာ၊ ဗိုက်ထဲမှာကလေးတစ် ယောက်လုံးရှိနေတာ ဒီဝမ်းဆွဲသည် အရင်ကလေးမွေးတုန်းကလည်းက သိရမှာပေါ့၊ ဒီတော့ တို့မြသွေးပူးကပ်ပြီးပြောတာကို မယုံကြည်သင့်ဘူး''

မောင်ဖိုးက ချိန်ချိန်ဆဆပြောတော့ ကြည်နိုင်လည်းမပြောသာ။ သူကြီးလည်း မစွက်ဖက်နိုင်တော့ပေ။

သို့မို့ကြောင့် ကလေးမွေးပေးရေးကိစ္စကို အားလုံး၏ဆန္ဒအတိုင်း လက်လျှော့လိုက်ကြရ၏။

နောက်တစ်နာရီလောက်အကြာမှာတော့ —

အူဝဲ ...

အူဝဲ ...

ဝဲ ... ဝဲ

အူဝဲ

''ဟာ — ကလေးငိုသံဟေ့ — သင်္ချိုင်းကုန်းဆီက ကလေးငို သံဟေ့ ...''

''မြသွေး တို့ရွာကိုမကျေနပ်လို့ ကလေးငိုသံနဲ့ခြောက်တာပဲကွ''

''မြသွေးရေ အမျှ အမျှ အမျှ''

ကလေးငိုသံကြောင့် တစ်ရွာလုံးထိတ်လန့်နေစဉ်မှာ ကြည်နိုင် ကတော့ ထူးဆန်းသောဖြစ်စဉ်ကို အပြန်ပြန်အလှန်လှန်သုံးသပ်ရင်းခေါင်း ချာချာလည်နေခဲ့တော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ကလေးငိုသံသည် ခြောက်လှန့်ခြင်းလား တကယ်လား။ ဒါဆို သူသတိလစ်နေတုန်းက အိပ်မက်သလိုတွေကြုံခဲ့ ကြားခဲ့ရသည့်မြသွေး စကားနဲ့ သူကြီးကတော်ဒေါ်ကြည်အား မြသွေးပူးကပ်ပြောသောစကားက ရော ဘာကြောင့်တစ်ထပ်တည်းတူညီနေရသနည်း။

သူ မစဉ်းစားတတ်တော့ပါ။ သချိုင်းမှကလေးငိုသံက မစဲနိုင် အောင်ထွက်ပေါ်နေတော့သည်ကား ချောက်ချားဖွယ်ရာ။

"အူ ... ဝဲ ... ဝဲ ... ဝဲ ..."



## အခန်း ( ၆ )

"ဘာ ..."

"ဟုတ်တယ် ကို ..."

"မိုက်ရိုင်းလိုက်တာဟာ ... မြသွေးရက်လည်ပြီးတာမှ တစ် ပတ်တောင်မပြည့်သေးဘူး ... ဖြစ်ရတယ်လို့ ... တောက် မြသွေးသာ တမလွန်ကနေသိရင် သူ့ယောက်ျားနွေဦးအတွက် ဘယ်လောက်တောင် ရင်နာရှာမလဲ မသိဘူး။ သန့်ကြားတဲ့သတင်းက သေရောသေချာရဲ့လား"

"သိပ်သေချာတာပေါ့ ကိုရယ် ... သန့်တို့နှစ်ယောက်ရဲ့ကျေးဇူး ရှင်သုံးယောက်ကိုယ်တိုင်ပြောပြတာ"

"မောင်ဖိုးတို့သုံးယောက်လား"

"ဟုတ်တယ် ကိုရဲ့၊ ညနေကမှ သန့်နဲ့ကို မင်္ဂလာကိစ္စအတွက် အဖေ့ကိုလာပြီး လောဆော်ကြရင်း နွေဦးနဲ့တွေးရီရဲ့ မင်္ဂလာဆောင်ကိစ္စကို ပြောမိကြတာ"

"အခြောက်တွေများ ဒါကြောင့် အရောမဝင်ခဲ့တာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အခြောက် ... အခြောက် အခြောက်နဲ့ မူလကျိုး၊ အီလကျိုလုပ်နေပြီး မိန်းမယူတော့တယ် ပက်စက်သကိုး ... အရင်မိန်းမသေလို့မှ တစ်လ မပြည့်သေးဘူး။ နောက်မိန်းမထပ်ယူရဲတယ်လို့ဟာ _ စိတ်ရှိတိုင်းသာ လုပ်ခွင့်ရရင် အခုချက်ချင်း သွားဖြတ်ပစ်ချင်တယ်''

''ဟယ် ... ကိုကလည်း ... ''

''လည်ပင်းကိုပြောတာပါ _ မျက်နှာများလွန်းလို့ နောက်မများ နိုင်အောင်လေ ... ''

''မပြောကောင်းမဆိုရာတွေမပြောပါနဲ့ကိုရယ် ... သူများ အကုသိုလ် အကူးစက်မခံရဘူးရှင့် သိရဲ့လား ... ''

''မခံချင်လွန်းလို့ပါ သန့်ရယ် _ ဒါထက် သူတို့က ဘယ်တော့ လက်ထပ်မှာတဲ့လဲ ... ''

''တရားဝင်တော့ လက်ထပ်မယ်မထင်ပါဘူး၊ နွေဦးကလည်း မှဆိုးဖို ... ထွေးရီကလည်း လင်ကြီးငုတ်တုတ် ... ''

''ဟေ _ ဟုတ်သားဟ ငါကလည်း မြသွေးဘက်ကနာနေပြီး နွေဦးကိုချည်း ဒေါသထွက်နေတာ ထွေးရီကလည်း တော်တော်ကဲသားပဲ မိန်းမတွေ သစ္စာမဲ့ပုံများ တော်တော်ကြောက်စရာကောင်းသားဟ _ ''

''ကိုနော် ... ဝါးလုံးရှည်နဲ့မရမ်းနဲ့ ... ''

''ဒါဖြင့် ဘာနဲ့ရမ်းစေချင်တာလဲ ... ''

''စကားကောင်းပြောနေတာ နောက်ချင်ဦး _ ကဲ ဟယ် ... သူများတကာပြောတာ လျှောင်ချင်ဦး _ ''

သူ့ရင်ဘတ်ပေါ် တဖောက်ဖောက်ကျနေသော ချစ်သူသန့်၏ လက်သီးနုနုလေးများသည် ကြည်နိုင့်အဖို့တော့ အချစ်မိုးစက်လေးများ





အလား ချိုမြိန်အေးမြလွန်းလှသည်။

ဟန်ဆောင်စိတ်တိုနေသော သန့်မျက်နှာဝင်းဝင်းလေးပေါ် အနမ်းတွေတဖျောဖျောချွေချလိုက်တော့ တိတ်ဆိတ်ချောက်ချားဖွယ်ရာ သင်္ချိုင်းကုန်းသည် ရင်ခုန်သံအတိနဲ့ပြီးနေ၏။

အခုတော့ ကြည်နိုင်နှင့်သန့်တို့၏ အနာဂတ်သည် လှပလွန်းလှ သည်။ မကြာခင်မှာ သန့်ဖခင်သူကြီးကိုယ်တိုင် တင့်တောင့်တင့်တယ် မင်္ဂလာပွဲကြီးပြုလုပ်ပေးဖို့ သဘောတူစွာ စီမံနေလေပြီ။ သို့တိုင်အောင် ရှေးရိုးဆန်သူမို့ လက်မထပ်ရသေးခင်မှာ နီးနီးစပ်စပ်နေခွင့်မပြု။ သို့မို့ ကြောင့်လည်း ချစ်သူနှစ်ဦးသည် ယခင်က နီးကြောင်နိုးဝှက်ချိန်းတွေ့နေကျ သင်္ချိုင်းကုန်းရှိ ညောင်ပင်ကြီးအောက် ညဘက်ကြီးလာရောက် ချိန်းချက် စကားပြောကြရခြင်းဖြစ်သည်။

''သွား၊ အခုမှ လာအကဲပိုပြမနေနဲ့ မိန်းမတွေကိုအထင်သေး ရင် သန့်ကိုလည်းမယူနဲ့ပေါ့ ... သန့်လည်းမိန်းမပဲ''

''အေးပါ မိန်းမရယ် ... ကိုတောင်းပန်ပါတယ်''

''အမယ် ... စီးစီးပိုးပိုး ဘာမိန်းမလဲ''

''သန့်ပဲ မိန်းမဆို ယောကျ်ားက ဘယ်လိုခေါ်ရမှာလဲ ပြောပါဦး''

''နှုတ်သိပ်ရဲတာပဲ သူကိုယ်သူ ယောကျ်ားတဲ့ ... ''

''ဟုတ်တယ်လေ၊ ယောကျ်ားအစစ်ပေါ့ နွေဦးလို နှစ်ပိုင်းတစ် ပိုင်းနဲ့တစ်နှစ်တည်းမှာ မိန်းမနှစ်ယောက်ဆက်တိုက်ယူတဲ့ ကောင်မျိုး အောက်မေ့နေလို့လား ... ''

''တော်တော့ ကို _ စကားတတ်တိုင်း လျှောက်ပြောမနေနဲ့''

သန့် နှုတ်ခမ်းစူစူလေးကို စိုစွတ်နွေးထွေးစွာ ချော့မြူပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့နောက်တာပါ သန့်ရယ် _ ဆက်ပါဦး နွေဦးနဲ့ထွေးရီကိစ္စ ... "

"မနောက်ရင် ဆက်ပြောမယ် ... "

"အင်းပါ"

သန့်က မျက်စောင်းလှလှလေးချိုကာ ဆက်ပြောသည်။

"အခု ... ထွေးရီက နွေဦးအိမ်လိုက်နေတယ်လေ၊ နွေဦးနဲ့မြသွေးရတဲ့ကလေးကိုတော့ ကိုဆင်ပေါက်ညီမ မသက်ခိုင်တို့လင်မယားက မွေးစားလိုက်ကြတယ်၊ မသက်ခိုင်မှာလည်း နို့စို့အရွယ်ကလေးရှိနေတော့၊ မြသွေးသားလေးနို့စို့ဖို့လည်း အဆင်ပြေအောင်ဖြစ်မှာပေါ့ တကယ်တော့ ထွေးရီက မြသွေးကလေးကို အိမ်မှာမထားချင်လို့ဖြစ်မှာပေါ့"

"အဲဒီထွေးရီက ရုပ်ကလေးကြည့်တော့ သနားကမား စိတ်ဓာတ်ကတော်တော့်ကို အတ္တကြီးတာပဲဟာ _ ငါသာ သူ့ယောကျ်ားစိန်းမောင်ဆိုရင် ဒီမိန်းမကို အရှင်မထားဘူး ... "

"ကိုကလည်းနော်၊ ဘာဖြစ်လို့ စိတ်ကြမ်းကိုယ်ကြမ်း စကားကြမ်းနေလဲမသိဘူး"

"ဖောက်ပြန်ရေးဓာတ်ရှုပ်တွေကြားရတာ အော်ကာလီဆန်လွန်းလို့ပါ"

"ခုလည်း ကိုစိန်းမောင်ကြီးက ဓားကြိမ်းကြိမ်းနေတာယ်ကိုရဲ့၊ အားတိုင်း ငှက်ကြီးတောင်ကြီး သွေးသွေးပြီး အခြောက်နဲ့မိစ္ဆာမကို ငရဲပြည်ပို့မယ်ဆိုပြီး အံတကြိတ်ကြိတ်လုပ်နေသတဲ့လေ _ "

"ဖြစ်သင့်ပါတယ် _ ကိုယ်တောင်မှ ကြားထဲကနေ မဆီမဆိုင် အဲဒီထွေးရီမကို မုန်းနေရှုံ့နေသေးတယ်"





"ဒီလိုလည်း တစ်ဖတ်သတ်မပြောပါနဲ့ကိုရယ် _ ထွေးရီခမျာလည်း စိတ်နောက်တောက်တောက် ကိုစိန်းမောင်ကိုကြောက်ပြီး နောက်ယောကျ်ားနောက်လိုက်သွားတာပါ၊ ကိုစိန်းမောင်ကြီးက စိတ်ဖောက်တယ်၊ သွက်သွက်ခါ မရူးပေမယ့် တစ်ခါတစ်ခါ စိတ်ဖောက်ရင် ညဘက်လင်မယားနှစ်ယောက်အိပ်နေရင်းနဲ့က ထွေးရီကိုလည်းပင်းထထညှစ်တတ်တယ်ပြောတယ်၊ ဒီတော့လည်း သူလည်း ဒီမရူးမကောင်းနဲ့ဆက်ပေါင်းရမှာ ကြောက်ရှာမှာပေါ့၊ လည်ပင်းပေါ် ဓားတင်ခံထားရသလို ဘယ်အချိန်သေမယ်မသိနိုင်တဲ့ အဖြစ်ကိုကြောက်ပြီး အခုလိုလုပ်မိလုပ်ရာလုပ်မိတာဖြစ်မှာပါ"

သန့်ကတော့ သဘောထားကြီးသူတို့ စိတ်ဓာတ်မျိုးနဲ့ လူတိုင်းအပေါ် ခွင့်လွှတ်စိတ်နဲ့မြင်သည်။

သန့်ပြောကာမှ ကိုစိန်းမောင်စိတ်ဖောက်တတ်တာကို သူရေးရေးပြန်မြင်ယောင်သည်။ ကိုစိန်းမောင်အိမ်မှာ ကြက်ပွဲလုပ်တဲ့နေ့က စိန်တစ်လုံးကြက်ကျေးဖူးကြောင့် ငွေသုံးသိန်းနိုင်ခဲ့သည့်နေ့က ကိုစိန်းမောင် ထွေးရီကိုလည်ပင်းညှစ်ခဲ့တာကို သူကိုယ်တိုင်မျက်မြင်ကိုယ်တွေ့မြင်ခဲ့ကြုံခဲ့သည်။ ဖိုးထောင်တို့ကလည်း ကိုစိန်းမောင်စိတ်ဖောက်တတ်တာကို သိသည်။ မျိုးနဲ့ရိုးနဲ့လိုက်ပြီး စိတ်ကစင့်ကလျားရောဂါရှိတာကိုသိသည်။

"အင်းလေ ... ကောင်းတယ်လို့ပဲ အကောင်းမြင်နဲ့တွက်တာအကောင်းဆုံးပါပဲ၊ ကြောင်ခံတွင်းပျက်နဲ့ဆက်ရက်တောင်ပံကျိုးပဲဆိုဆို၊ ကျီမနဲ့ပဲခင်းပဲဆိုဆို တောကြောင်အကန်းနဲ့ ခွေးနားထိုင်းပဲဆိုဆို ကြံသင့်လို့ဖြစ်တယ်ပဲအောက်မေ့ရုံပဲပေါ့ သန့်ရယ်၊ မြသွေးအတွက် တော့မကောင်းဘူးဆိုပေမယ့် မြသွေးကမှ သေသွားပြီပဲကိုး _ ကံဒီမိရာပေါ့ဟာ ဟူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ မှတ်ချက်တစ်ခုကို လေးလေးပင်ပင်ကြီးလေးသော သက်ပြင်းနဲ့အတူချလိုက်စဉ် ...

အင့်

အီး ... အီး

ဟင့် ... ဟင့်ဟင့်

သူတို့နှစ်ယောက်၏ နောက်ကျောဘက်ညောင်ပင်ကြီးအကွယ်မှ ထွက်ပေါ်လာသော တနင့်တသည်းရှိုက်ငိုသံကြောင့် သန့်နှင့်ကြည်နိုင်တို့ တရှုန်းသုန်းကား ထကြည့်လိုက်လေ၏။

"အ မ လေး ... သ ... သရဲ"

"မြ ... သွေး"

ခေါင်းမွေးစုတ်ဖွားကြီးနဲ့ ရှိုက်ကြီးတငင်ငိုနေသော မြသွေးကို တွေ့လိုက်ရသည်။

နီရဲပြူးကြောင်မျက်လုံးအစုံနဲ့ မြသွေးသည် တောဝက်ရိုင်းတစ်ကောင်လိုခက်ထန်ကာ ကြောက်မက်ဖွယ်ကောင်းလွန်းလှသည်။

ခဏတာ မျက်ခုံးချင်းဆုံပြီး မြသွေးသည် ဆတ်ခနဲ ကျောခိုင်းကာ တစ်ဟုန်ထိုးထွက်ပြေးတော့သည်။

သန့်ကတော့ တစ်ကိုယ်လုံးတုန်ယင်ကာ နက်ဝင်သည်အလား သူကတော့ စိတ်ရှုပ်ပေါက်စွာပင်။

"မြ ... သွေး ... သူငယ်ချင်း"

သန့် ဖမ်းတားပေမယ့် သူသည်ထွက်ပြေးသွားသော မြသွေးထံသို့ ကျားတစ်ကောင်လို ခုန်အုပ်လိုက်၏။

မြသွေးနှင့်သူ ဘတစ်ပြန် ကျားတစ်ပြန် မြသွေးကရုန်းသည်





သူက ဖမ်းနေသည်။

နောက်ဆုံးမှာတော့ သန်မာကြွမ်းရှိုင်းသော မြသွေးသည် သူလည်ပင်းကိုဖမ်းညှစ်ကာ ဆောင့်တွန်းချလိုက်သည်။

ပြင်းစွာသောအရှိန်ဖြင့် ညောင်ပင်ကြီး၏မြေပေါ်အမြစ် မာခေါက်ခေါက်ကြီးနှင့် သူ့ဦးခေါင်းတို့ ခွပ်ခနဲ မိတ်ဆက်သွားတော့သည်။

"အား ... "

"ကို"

သန့်အော်သံပျပျ တိုးတိမ်ပျောက်သွားသည်။ စူးရဲတွေဝေစွာ တစ်ချက်ကြည့်ပြီး တိမ်လိုမီးခိုးလိုပင် မြသွေးသည် သချိုင်းအတွင်းပိုင်းအုတ်ဂူတွေထဲ တိုးဝင်ပျောက်ကွယ်သွားလေပြီ။

အနားကို အားရှိပါးရှိ အထုခံလိုက်ရသော ကြေးစည်တစ်လက်လို သူ့ဦးခေါင်းတစ်ခုလုံး ချာချာလည်နေသည်။

အဆုံးမှာတော့ သူသည် သုတ်ကိုင်းမှထွက်သော ဝါးချွန်တစ်ချောင်းအလား အမှောင်ထုကြီး၏ ဝမ်းဗိုက်ထဲတိုးဝင်သွားတော့သည်။

"ကို ... "

သန့်ခေါ်သံတဖြည်းဖြည်း ပျောက်ကွယ်တိမ်မြုပ်သွားချိန်မှာ။

မြသွေး ...

သူ့ခေါ်သံက ကြောက်မက်ဖွယ်ကောင်းအောင် ကျယ်လောင်လို့လာ၏။

သူ့မျက်စိရှေ့မှာ. မြသွေးသည် အိုကြီးအိုမအဘွားအိုကြီးတစ်ယောက်ရှေ့ ရပ်နေသည်။ မြသွေးနှင့်အဘွားအိုကြီးကတော့ သူ့ကိုဖုတ်လေသည့်ပေါ်ရှိသည်ဟုပင် ထင်ပုံမြင်ပုံမရပေ။ သူကိုယ်တိုင် ငုံ့ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူသည် တံလျှပ်တစ်ခုလိုလို၊ မြူငွေ့တစ်စလိုလို နှင်းမှုင့်တစ်မှုင့်လိုလို မထင်မရှား ဝါးတားတား။

သူတို့သည် တစ်ဘက်မှာ မီးလျှံတံတိုင်း၊ မီးကျီးရဲရဲမှုန်တစ်ခုနှင့် မီးတောက်တဟုန်းဟုန်း သေမင်းနိုင်ငံတော်ကြီးနှင့် တစ်ဘက်မှာ ကန္တာရလွင်ပြင်ကျယ်တစ်ခု၏အကြား ကုန်းမို့မို့လေးပေါ် ရပ်နေကြသည်။

"သမီး မြသွေး ..."

တိတ်ဆိတ်မှုကို အဘွားအို၏အသံနက်နက်ကြီးက ဖုံးလွှမ်းလိုက်၏။ မြသွေးနဲ့အတူ ကြည်နိုင်ခေါင်းထောင်ကြည့်မိသည်။ မြသွေးနှုတ်မှ

"ပြောပါ အဘွား"

"သမီး ပြန်တော့"

"သမီး ဘယ်ကိုပြန်ရမှာလဲ"

"သချိုင်းကို ..."

"ရှင် ... ဘယ်သချိုင်းကုန်းကိုလည်း အဘွား ..."

"သမီးကိုမြှုပ်ခဲ့တဲ့ ညောင်ပင်သာသချိုင်းကိုပြန်ပါ၊ တကယ်တော့ သမီးဟာ မသေသေးဘူးကွဲ့ _ သမီးကို သေမင်းရဲ့တမန်တော်တွေက လူမှားပြီးခေါ်လာကြကာ အမှန်တကယ်ခေါ်ရမှာက ထန်းပင်ကုန်းရွာက စိမ်းမောင်ရဲ့မိန်းမ ထွေးရီပဲ ... သမီး"

"သမီးသေလို့ပဲ ညောင်ပင်သာ သူကြီးကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီးပြီလေ အဘွား ..."

"သမီးကိုယ်ဝန်အဆိပ်တက် မြွေဆိပ်တက်ပြီးမှေ့သွားတာပါ၊ သမီးဗိုက်ထဲမှာ သမီးရဲ့သန္ဓေသား သမီးငယ်လေးတစ်ယောက်ရှိနေတယ်၊ သမီးမွေးရဦးမယ် အဲဒီသမီးငယ်လေးက တခြားလူမဟုတ်ဘူး နှစ်တွေ





အကြာကြီးသရဲမဖြစ်နေခဲ့ရတဲ့ မခင်လုံးပဲ"

"သမီးကို ဘယ်သူလာကယ်မှာလဲ အဘွားရယ်"

"ဘာမှစိတ်မပူနဲ့ ဟောဒီကန္တာရလွင်ပြင်အတိုင်း အဘွားလက်ညှိုးညွှန်တဲ့ဘက်ကိုတည့်တည့်လျှောက်သွား လမ်းမှာ သိပ်ကိုစည်ကားပြီး ဖော်ရွေတဲ့ရွာကြီးတစ်ရွာတွေ့ရမယ်၊ အဲဒီရွာကြီးကလူတွေက သမီးကို သူတို့နဲ့အတူနေဖို့ အမျိုးမျိုးစွဲဆောင်ကြလိမ့်မယ်၊ သမီးနားမယောင်နဲ့ အဲဒါအသူရကာယ်တွေနေတဲ့ရွာကြီးပဲ _ သမီးဆက်သွားပါ၊ သမီးကိုမြှုပ်တဲ့ ညောင်ပင်သာသချိုင်းက သမီးရဲ့မြေပုံထဲမှာ သမီးရဲ့ခန္ဓာကိုယ်ရှိတဲ့အခေါင်းရှိတယ်ကွဲ့၊ သမီးအချိန်မီ အဲဒီခန္ဓာကိုယ်ထဲ ပြန်ခုန်ပြီးဝင်လိုက်တော့"

"သမီး ဘယ်လိုလုပ်ပြီး အခေါင်းထဲကပြန်ထွက်ရမလဲ အဘွားရယ်"

"အဲဒါ သုဘရာဇာအစိမ်းဂေါင်းကြီးလို့သာ အော်ခေါ်လိုက်ပါ၊ သမီးကို ကယ်တင်ရမယ့်ကံ သူ့မှာပါလာခဲ့တယ်၊ ကဲ၊ ကဲ အချိန်မလင့်ခင် သွားတော့ ... သမီးမြသွေး"

ပြောစကားဆုံးသည်နှင့် အဘွားအိုကြီးသည် မီးကျီးရဲရဲမှုန်ဦးအောက်အထိ လျှောက်သွားသည်။

ကြည်နိုင်နှင့်မြသွေး အဘွားအိုဆီလိုက်သွားဖို့တိုးကပ်သွားပေမယ့် မီးအလျှံတွေက ပူလွန်းလှသဖြင့် ရှေ့မဆိုးသာပေ။ သူတို့ကြည့်နေဆဲမှာပင် အဘွားအိုသည် ကြောက်မက်ဖွယ်ရုပ်သွင်ကြီးသို့ ရုတ်ချည်းပြောင်းသွားသည်။ မျက်လုံးတွေက ဝင်းဝင်းတောက်မီးကျီးခဲတွေဖြစ်ပြီး ခန္ဓာကိုယ်ကြီးက ကြွက်ကြီးတစ်ကောင်၏ အရေခွံများလို ပျော့ခွေညှိုးနွမ်းနေတော့သည်။ သူတို့ကိုနောက်ဆုံးပြုံးပြတော့ ပါးစပ်ဟမှုလျှာကြီးက



www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်တစ်ကောင်လို မည်းနက်ပြောင်လက်စွာ လျှာခနဲ ထွက်ကျလာ၏။ မြသွေး တုန့်ခနဲ တစ်ချက်ဖြစ်သွားပြီး ကျောခိုင်းကာ ကန္တာရလွင်ပြင်ကျယ်ကြီးထဲ တရှုးထိုးပြေးသွားပါတော့သည်။ သူလည်းမြသွေးနောက်သို့ အရိပ်တစ်ခုလို ကပ်ပါသွားလေ၏။

ပေါ်တော်ကြီးသွားမိပြီးချိန်မှာ အိုအေစစ်ကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရသည်။

ကြည်စိမ်းသန့်သန့်ရေကန်ကြီးမှ ရေတွေက သောက်ချင်စရာ။ သို့ပေမယ့် မြသွေးမသောက်လို့ သူလည်းမသောက်မိပါ။ ရွာထဲသို့ဝင်သွားတော့ ကျွန်းလုံးတိုင်ကြီးများဖြင့် ဆောက်ထားသောအိမ်ကြီးများက လမ်းဘေးဝဲယာမှာဟည်းနေသည်။

"ညှို့သည်လာတယ်ဟေ့ — ရွာထဲညှို့သည်ဝင်လာပြီ"

ရှန်တံဘက်အနီလေးကို သပ်ရပ်စွာပေါင်းထားသော မိန်းမကြီးတစ်ယောက်ကအော်ပြောသဖြင့် အိမ်ပေါက်စေ့မှ လူတွေသည် ချိုမြမြ အပြုံးများဖြင့်။

"လာ ... လာ ညီမလေး အစ်မတို့အိမ်မှာတည်းပါ"

"ဒေါ်ဒေါ်တို့အိမ်တည်းပါကွယ်"

"ဘယ်သူမှ မခေါ်ကြနဲ့ ငါ့ရွာလူကြီး ငါ့အိမ်ကိုပဲခေါ်သွားမယ် လာ — လာ သမီးလေး"

ဟုဆိုကာ တံဘက်အဖြူကြီးပေါင်းလျက်နဲ့ မွှန်ရည်ခန့်ညားသော လူကြီးတစ်ယောက်က မြသွေးကိုခေါ်သွား၏။

ပြောင်ရှင်းသော ကြမ်းခင်းတို့ကျယ်ပြန့်သော အိမ်အောက်ထပ်မှာက ငှက်ပျောသီးဖလုံ။ ရွှေချည်ဆွန်းမကောင်းများ၊ မလိုင်မုန့်၊ လက်ဖက်ပွဲတို့





နှင့်သင်းပျံ့ပျံ့အငွေ့ထောင်းထောင်း၊ လက်ဖက်ရည်ကြမ်းများတို့ အဆင်သင့်ခင်းကျင်းထားသည်။

ကြည်နိုင် သွားရည်တမျှားမျှားပင်ကျချင်လာ၏။ မြသွေးလည်း အစားအသောက်တွေကြည့်ကာ တံတွေးမျိုချသံ တဂုဂုထွက်ပေါ်နေသည်။ သို့သော် ဘာတစ်ခုကိုမှ မစားပေ။

"စားလေ သမီးရဲ့ — ဘာမှအားမနာနဲ့ အဘအိမ်မှာသမီးတစ်သက်လုံးနေလို့ရတယ်၊ ကြိုက်တာစားပါကွဲ့"

အဘိုးကြီးက ပျူငှာလှသည်။

"အဘ — ဟိုလေ သမီး အပေါ့အပါး ဟိုလေ — ကန်တော့နော် နောက်ဖေးနောက်ဖီသွားချင်လို့ အဲဒါ ... "

"သြော် ... သွားလေ သမီး ဒီတည့်တည့်ဝင်သွား ... "

မြသွေး အိမ်နောက်သို့ဝင်သွားတော့ ကြည်နိုင်လည်း အိမ်ရှေ့မှာမနေရဲဘဲ လိုက်ခဲ့သည်။

မြသွေးသည် ဟိုဒီကို ကျိုးကန်းတောင်းမှောက်အကြည့်နဲ့ကြည့်ကာ နောက်ဖေးခြံစည်းရိုးကိုဖြကာ တစ်ဟုန်ထိုးထွက်ပြေးလေတော့သည်။ သူလည်း မြသွေးနောက်ပြေးလိုက်သွားသည်။ သူတို့နောက်မှာတော့ ရွာသားတွေ ညာသံပေးပြီးလိုက်လာကြ၏။

"လိုက်ကြဟေ့ ... မလွတ်စေနဲ့ ... "

စောစောက သန့်ရည်ပြန့်ရည်လူကြီးသည် ငါးမန်းစွယ်လို ချွန်မြမြသွားကျဲကျဲကြီးများနဲ့ ပါးစပ်ကြီးကိုဖြကာ ဦးဆောင်လျက် လိုက်ပါလာသည်။

သူနှင့်မြသွေးနောက်သို့ တဖြည်းဖြည်းနီးကပ်လာ၏။ တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



အရောက်မှ မြွေသွေးဘောဘီကြည့်လိုက်၏။ သူလည်း မြွေသွေးနည်းတူ ကြည့်လိုက်တော့ ညောင်မှတ်ဆိတ်ပင်ကြီး အုတ်ဂူဖွေးဖွေးများ၊ မြေပုံမို့မို့များ၊ ဇရပ်မည်းကြီးတစ်လုံး။

"ဟာ ... ဒါ ငါတို့ရွာ သင်္ချိုင်းကုန်းပဲ"

မြွေသွေးရှေ့မှာ မြေပုံမို့မို့လေးတစ်ခု

လူလိုလိုသရဲလိုလို လူသရဲကြီးများ မြွေသွေးနှင့်လက်တစ်ကမ်း အကွာရောက်လာချိန်မှာ မြွေသွေးသည် မြေပုံပေါ်သို့ ဝုန်းခနဲခုန်ချပျောက်ကွယ်သွားသည်။ လူသရဲကြီးများ ခေါင်းငိုက်စိုက်ချလျက် နောက်ကြောင်းပြန်လှည့်ပျောက်ကွယ်သွားမှ ကြည်နိုင်သက်ပြင်းကြီးချလိုက်၏။

"အဘ သုဘရာဇာ အစိမ်းဂေါင်းကြီး သမီးကိုကယ်ပါဦး"

ညနက်ထဲမှာ မြေပုံထဲမှ တိုးထွက်လာသော မြွေသွေးအသံပင် မဆုံးလိုက်။ သရဲတစ်ကောင်ထက်ပင် အရုပ်ဆိုးသော သုဘရာဇာကြီးသည် ပေါက်ပြားတစ်လက်ထမ်းကာ ပြေးလာ၏။ ပြီးတော့ မြွေသွေးမြေပုံကိုတူးဆွသည်။ မြွေသွေးအခေါင်းကို ဇရပ်ကြီးဆီထမ်းသွား၏။

အုဝဲ

ဝဲ

ဝဲ

ဇရပ်ကြီးထဲမှ ကလေးငိုသံက အမှောင်ယံညထဲသို့ ကင်းလိပ်ချောတစ်အုပ်လို တိုးဝင်သွားလေ၏။

သုဘရာဇာကြီး၏လက်ထဲမှာ နီတျာရဲရဲမွေးကင်းစ ကလေးငယ်ငယ်လေးကိုတွေ့ရ၏။ အနီးမှာလဲ့နေသော မြွေသွေးကတော့ ထိုကလေးကို ကြည့်ကာ ပီတိတဝေဝေဖြင့် ...

---

ခိုရင်အောင်စာစဉ်



"သမီးလေး ... "

ဟု တိုးသဲ့သဲ့ခေါ်နေတော့သည်။

မြွေသွေးအပြုံးကိုတွေ့တော့ သုဘရာဇာကြီးလည်းပြုံးသည်။ ကြည်နိုင်လည်း နှစ်နှစ်ခြိုက်ခြိုက်ပြုံးမိသည်။

အုဝဲ

ဝဲ ...

ကလေးငိုသံက ပိုကျယ်လောင်လာ၍ ကြည်နိုင်လှည့်ကြည့်တော့ မြင်ကွင်းကပြောင်းသွားသည်။ သုဘရာဇာကြီးအစိမ်းဂေါင်းမရှိတော့သလို သင်္ချိုင်းကုန်းလည်းမဟုတ်တော့ပါ။ ရွာကြီးတစ်ရွာ။

"ဒါ ... ဒါ ကနစိုရွာ ... "

"ဒါ ဒါ ... ဆင်ပေါက်တို့အိမ် ဟုတ်တာပေါ့၊ ဟိုတန်းလျားပေါ်မှာအိပ်နေတာ ဆင်ပေါက်မှ ဆင်ပေါက်အစစ်"

သူဆင်ပေါက်ကို နှိုးကြည့်သေးသည်။ တုတ်တုတ်မျှမလှုပ်။ သေတဲ့လူထက်ပင်ငြိမ်သေးသည်။

သူအိမ်ထဲသို့ ရဲရဲပဲဝင်သွား၏။ ခြေသံမှုမှုကြား၍ ကြည့်လိုက်တော့ ထရံပေါက်မှချောင်းကြည့်နေသော ဆင်ပေါက်၏ညီမနှင့်ဆင်ပေါက်၏ယောက်မ။

သူတို့မျက်နှာတွေမှာ သေကာနီးလူမမာလို သွေးဆုပ်မျှရော်နေကြသည်။

ဘာတွေများ ဒီလောက်တောင် အထိတ်တလန့်ဖြစ်နေရပါလိမ့်ဆိုတာ သိချင်စွာ သူလည်း သူတို့နည်းတူ ထရံပေါက်မှ ချောင်းကြည့်လိုက်၏။

---

ခိုရင်အောင်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မြ ... မြသွေးပါလား ဟာ ကလေးနို့တိုက်နေတာ မြသွေးပါလား"

"သ ရဲ ဗျို့ သရဲမြသွေးပါဗျို့ ... "

ဆင်ပေါက်ယောက်ဖ ဝုန်းခနဲထအော်တော့ မြသွေးကလေးကို ချကာ ဆင်ပေါက်လည်ပင်းပေါ်ပင် တက်နင်းပြီး အိမ်အပြင်သို့ ထွက်ပြေး၏။ ဆင်ပေါက် ဝူးဝူးဝါးဝါးနဲ့ ဓာတ်မီးဖြင့်ထိုးကြည့်၏။

"ဟာ ... မြသွေး ... သရဲ မြသွေး ... "

ဆင်ပေါက်အော်တော့ သူလည်းယောင်ကာအော်မိသည်။

"မြသွေး သရဲ ... သရဲဖြစ်သွား"

"ကို ... ကိုသတိရလာပြီ၊ အို ... ဝမ်းသာလိုက်တာကိုရယ်၊ သန့်သေမတတ်စိတ်ပူနေရတာ ကိုသတိလစ်နေတာ နှစ်ညနဲ့တစ်ရက်ရှိနေပြီ"

"ဟင် ... သန့် သန့် ... ကို ဘယ်ရောက်နေတာလဲ"

"ကနစိုရွာ ကျေးလက်ဆေးခန်းကိုရောက်နေတာ"

"ဘာဖြစ်လို့လဲ"

"သချိုင်းကုန်းမှာ မြသွေးသရဲ ခြောက်လှန့်လို့ညောင်မြစ်နဲ့ ခေါင်းတိုက်မိပြီး သတိလစ်သွားခဲ့တာ အဘသုဘရာဇာအစိမ်းဂေါင်းကြီးကိုယ်တိုင်ထမ်းပြီး ကျွန်မတို့အိမ်လိုက်ပို့တယ်လေ၊ အဖေက အရင်တစ်ခါလိုပဲ ရေတွေလောင်းကြည့်သေးတယ်၊ ခြေမလှုပ်ချိုးတယ်၊ ဘယ်လိုမှ သတိမရလာသလို ဒီကနစိုရွာ တိုက်နယ်ဆေးခန်းကိုပို့ထားခဲ့ရတာ"

"ဟုတ်လား _ ဒါထက် သန့်ကိုပြောရဦးမယ် ကိုသတိလစ်နေတုန်း အိပ်မက်လိုလိုသိခဲ့ရတယ်၊ မြသွေးက မသေဘူးဗျ"





"ဟင် ... ဟုတ်လား ဒါ ဒါဆို မြသွေး သတ်တာများလား"

"ဘာပြောတယ် သန့်ဘာပြောလိုက်တာလဲ"

"ကိုကို ဒီဆေးခန်းမှစတင်တဲ့နေ့ကပဲ နွေဦးနဲ့ထွေးရီအသတ်ခံလိုက်ရတယ်၊ နှစ်ယောက်စလုံး ခေါင်းဖြတ်အသတ်ခံရတာ ... "

"ဟေ ... "

"မသက်ာမှုနဲ့ ထွေးရီယောက်ျားကိုစိမ်းမောင်ကြီးကို ဖမ်းသွားကြပြီ၊ ပြီးတော့လေ ... ပြီးတော့ ... "

"ပြီးတော့ ဘာဖြစ်လဲ ပြောလေ သန့် ... "

"ပြီးတော့ ဟို မြသွေးကိုမြှုပ်ထားတဲ့မြေပုံကိုပြန်ဖော်ပြီး မီးသဂြိုဟ်ရမှာမို့ ... "

"ဘာပြောတယ် သန့် ရှင်းရှင်းပြောစမ်းဟာ"

"မြသွေးက အစိမ်းသေမဟုတ်လား၊ အစိမ်းသေဆိုတာ မီးသဂြိုဟ်ရမယ်လေ၊ မြေမမြှုပ်ရဘူး အဲဒီညက အကြောက်လွန်ပြီး မြေမြှုပ်လိုက်ကြတာ"

"အင်းလေ အဲဒါကိုသိပြီးသားပဲ"

"ဟုတ်တယ်ကို၊ မြသွေးရဲ့အလောင်းကို ပြန်ဖော်ပြီး ထုံးစံအတိုင်းမီးသဂြိုဟ်ဖို့သတိရပြီး မနေ့ကမှ ပြန်ဖော်ကြည့်တော့လေ _ "

"ဘာဖြစ်လဲ သန့် ... "

"မြသွေး အလောင်းပျောက်နေတယ်"

"ဟာ ... "

သူသတိလစ်စဉ်က ဖြစ်စဉ်နဲ့တူနေသည်။

"ပြီးတော့ ကိုဆင်ပေါက်ညီမ မသက်ခိုင်တို့အိမ်မှာ သရဲမမြသွေး



www.burmeseclassic.com

www.burmeseclassic.com



က ညတိုင်း ညတိုင်း နို့လာလာတိုက်သတဲ့၊ မနေ့တုန်းကဆိုရင် မသက်နိုင်နဲ့ မသက်နိုင်ယောက်ျားက မြသွေးသရဲ သူ့ကလေးကိုနို့တိုက်နေတာကို ချောင်းကြည့်ပြီး သရဲပါဗျို့လို့ ထအော်တာ မြသွေးသရဲမထွက်ပြေးလို့ ကိုဆင်ပေါက်လည်ပင်းပေါ်တောင် တက်နင်းမိသတဲ့၊ ကိုဆင်ပေါက်လည်း မြသွေးကို မြင်လိုက်သတဲ့၊ ပြီးတော့ — ဒီရွာထဲမှာရော ကျွန်းတောထဲမှာပါ သရဲမမြသွေးက လူတွေကိုခြောက်ခြောက်နေဘာတဲ့ကိုရယ် … မြသွေးမကျွတ်သေးဘူး သနားပါတယ်''

သန့်စကားကိုနားထောင်အပြီးမှာတော့ သူသည် သူကိုယ်သူရော၊ မြသွေးကိုပါ နားမလည်နိုင်အောင် အတွေးတွေရှုပ်ထွေးပွယောင်းသွားတော့သည်။

ဘာပြောပြော ဇွေဦးနဲ့တွေ့ရီကတော့ ခေါင်းဖြတ်အသတ်ခံလိုက်ရချေပြီ။ သရဲသည် လူကိုခေါင်းဖြတ်သတ်တတ်သလားမသိတော့ပါ။

⁂♦⁂

ခိုရင့်အောင်စာပေ

# အခန်း ( ၇ )

မြသွေး သေတာတစ်လပြည့်ပြီ …

''မြသွေးရေ ဘဝအနန္တမ သံသရာမှစ၍ ယခုဘဝကျော်အချိန်ကျအောင် ဖြည့်ကျင့်ပြုလုပ်ခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တည်းဟူသော ကုသိုလ်ထူး၊ ကုသိုလ်မြတ်နှင့် ကုသိုလ်ရပ်အစုစုတို့ရဲ့ အဖို့ဘာဂကိုင်၍ ယနေ့ယခုပြုရသော မြသွေးအတွက်တစ်လပြည့်ဆွမ်းကျွေးအလှူ၏ အဖို့ဘာဂကိုင်း အမျှအတန်းပေးဝေပါတယ်၊ ကုသိုလ်အမျှ … အမျှ … အမျှ ယူပါမြသွေးရေ … သာဓု … သာဓု … သာဓု … ကုသိုလ် အမျှ … အမျှ … အမျှ … ယူပါ မြသွေးရေ … သာဓု … သာဓု … သာဓု ကုသိုလ်အမျှ … အမျှ … အမျှ ယူပါ မြသွေးရေ … သာဓု … သာဓု … သာဓု … ဘဝမှ ကျွတ်လွတ်ပြီးလျှင် ကောင်းရာမွန်ရာ ဘုံဘဝဘုံဌာနသို့ ကူးပြောင်းနိုင်ပါစေသူငယ်ချင်းရေ''

တူ … ဝေ … ဝေ … ဝေ



www.burmeseclassic.com

www.burmeseclassic.com



မြသွေးအတွက်ရည်မှန်းပြီး မြသွေးအိမ်လေးမှာပင် သံဃာတော်ငါးပါးအား ဆွမ်း၊ ဝတ္ထုငွေ၊ ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်း၊ ဆေး အစရှိသည်တို့ကပ်လှူပြီး ကြည်နိုင်အမျှပေးဝေနေသည်။

"ကို — မြသွေး သာဓုခေါ်နိုင်ရင် သရဲဘဝကနေကျွတ်မယ်လို့ ဆရာတော်မိန့်တာတယ်နော် — "

"ဟုတ်တယ် သန့် … "

"အင်း — ကျွတ်လွတ်စေချင်ပါပြီ၊ ဒါပေမဲ့"

သန့်က ဒါပေမဲ့မှာ စကားဖြတ်ထား၍ သန့်ကိုငဲ့ကြည့်လိုက်ရာ ခဏနေတော့ သက်ပြင်းဖွဖွချကာ သန့်စကားဆက်သည်။

"မြသွေး သရဲက မသက်နိုင်မွေးစားထားတဲ့သူ့သားလေးကို ညဘက်နို့လာလာတိုက်သေးသတဲ့"

"ဟုတ်လား"

"အင်း — ပြီးတော့လည်း ရွာထဲကလူတွေပြောပြောနေတယ်၊ ညဘက် ညဘက် သချိုင်းကုန်းအဝင်ဝမှာ လင်းနို့ကြီးလို ခန္ဓာကိုယ်တစ်ခုလုံးမည်းနက်ပြီး ခေါင်းစုတ်ဖွားလားကြီးနဲ့မြသွေးကို ခဏ ခဏတွေ့ကြတယ်တဲ့ကိုရယ် — "

"အင်းပေါ့လေ — သူ့ဝဋ်ကြွေးရှိသလောက်တော့ သူခံရဦးမှာပေါ့၊ ကိုယ်တို့ဘက်ကတော့ လိုအပ်တာမှန်သမျှ လုပ်ပေးနိုင်တဲ့ဘက်က လုပ်ပေးပြီးပြီပဲ၊ မကျွတ်နိုင်၊ မလွတ်နိုင်တာတော့ သူ့ကံပဲပေါ့သန့်ရယ် ဘာတတ်နိုင်မှာလဲ — "

"ကို … "

"ဘာလဲ သန့် … "





"နောက်တစ်ပတ် တနင်္ဂနွေနေ့ဆို သန့်နဲ့ကို မင်္ဂလာဆောင်ရတော့မယ်နော် … "

"ရင်ခုန်နေတယ်ပေါ့"

"ကိုကရော … "

"သန်နဲ့အတူတူပဲ … "

"သန့်အရမ်းပျော်တယ် သိလား"

"ကိုယ်ရောပဲလေ … ယောက္ခထီးသူကြီးက ကိုယ်အရက်မသောက်၊ ဖဲမရိုက်၊ ကြက်မတိုက်၊ စီးပွားရေးမှန်းသိပြီး သူ့သမီးကိုသိပ်ချစ်လို့သဘောတူသွားတာ၊ အရင်တုန်းက များဆို ဝေးပါသေးတယ်၊ သဘောတူဖို့ဝေးလို့ သူ့အိမ်ထဲလာရင်တောင် သိပ်ကြည်ဖြူတာမဟုတ်ဘူး၊ အေးပေါ့လေ … သူကြီးမှ မဟုတ်ပါဘူး၊ အဲဒီအချိန်တုန်းကတော့ ကြည်နိုင်ကိုကြည်တဲ့ ယောက္ခထီးလည်းမရှိ၊ ယောက္ခမလည်းမရှိ၊ ကောင်မလေးလည်းမရှိကိုး"

"သန့်ကတော့ ခွင့်ချက်ပါနော် … ကို အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နေတုန်းကတည်းက ကြိုက်ခဲ့ရတာပါ"

"ဟုတ်ပါတယ် ကျေးဇူးလည်းတင် ဝမ်းလည်းသာပါတယ် ချစ်သူရယ် … ဒါကြောင့်လည်း တစ်ဘဝလုံးပုံပြီးကျေးဇူးဆပ်ဖို့ ဆုံးဖြတ်လိုက်တာပေါ့ သန့်ရယ် — သန့်စိတ်ဆင်းရဲစေမယ့်အလုပ်တွေအားလုံး ဖြတ်ခဲ့ပြီး ကြည်နိုင်ဆိုတဲ့အတိုင်း လူတိုင်းကြည်ပြီး စီးပွားရေး၊ ကျန်းမာရေး၊ စိတ်ဓာတ်၊ အကျင့်စာရိတ္တအားလုံးနိုင်အောင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ခဲ့တာပေါ့ … "

"သန့်ကတော့ အရင်တုန်းကဘဝလေးကိုလည်း သဘောကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သန့်ရဲ့အထူးအဆန်းစကားကြောင့် သူ့အံ့သြစွာ မျက်လုံးနှစ်ဖက် မြင့်တက်သွားရသည်။

"ဟုတ်တယ်လေ အခုများဆိုရင် ကြည်နိုင့်ကိုဆိုရင် ကြည်ချင်တဲ့အပျိုတွေ လက်ညှိုးထိုးမလွဲ၊ ယောက္ခထီးလောင်း၊ ယောက္ခမလောင်းတွေ ဒင်းကြမ်း ... သဝန်တိုရတာရင်မောလွန်းလို့ပါ"

"ကိုယ့်အချစ် ကိုယ့်ခန္ဓာဂါ ယောဒိကာသန့်လေးတစ်ယောက်တည်းအတွက်ပါ ချစ်သူရယ်"

"အဲလိုပဲ အမြဲကြားချင်ပါတယ်"

"အမြဲတမ်းပါ သန့် ... ထာဝရအတွက် ဒီအတိုင်းပဲ၊ သချိုင်းကုန်းမှာချိန်းတွေ့ရတဲ့အချိန်ကလည်း ဒီအတိုင်းပဲ ... သူကြီးကိုယ်တိုင်ညှိထောက်ခံတဲ့အခုအချိန်မှာလည်း ဒီအတိုင်းပဲ ... နောက် ... သားသမီးတစ်ဒါဇင်နဲ့ မြေးငါးဒါဇင်ရတဲ့အထိလည်း ဒီအတိုင်းပဲ ..."

"အပြောကရွှေမန်းပဲ ... ကတော့သာ ချိုမိုင်မိုင်မကာနဲ့"

"ကရမှာပဲသန့် ... မကြာခင်မှာ ကိုယ်ချိုမိုင်မိုင်ကရမယ်၊ ဘာလို့လဲဆိုတော့ ကိုနဲ့သန့်ရတဲ့သားကို့ရဲ့သားဦးလေးမွေးရင် သားလေးနဲ့အတူကိုလည်းချိုမိုင်မိုင်ကမယ်ကွာ ... ဒါလေးတစ်ခုတော့ခွင့်ပြုပါ၊ အရက်၊ ကြက်၊ ဖဲ အားလုံးဖြုတ်ပါတယ်၊ ဒါလေးတစ်ခုတော့နော် ... နော် သန့်"

"ဟွန်း ... အကဲကိုပိုတယ် ဒါထက် ... ကို ... "

"ဟော လုပ်ပြီ သန့်ကလင်းကြောင်းသိပ်လွဲတတ်တာ"

သန့်ဟာ သူ့ရဲ့မချင့်မရဲဟန်ကိုကြည့်ကာ တဟက်ဟက်ရယ်သည်။

"မဟုတ်ပါဘူးကိုရယ် ... သန့်နဲ့ကို အဓိကကျေးဇူးရှင်တွေဆီ





သွားပြီး မင်္ဂလာပွဲနှာယကာအဖြစ်ကြွဖို့ လူကိုယ်တိုင်ဖိတ်ချင်တယ်"

"မောင်ဖိုး၊ ဖိုးထောင်၊ ဆင်ပေါက်"

"ဟုတ်တယ်"

"ဖိတ်လေ ... ဘယ်နေ့သွားမလဲ"

"အခုပဲသွားရအောင် ... နောက်ရက်တွေကျရင် မင်္ဂလာကိစ္စနဲ့ အလုပ်များနေလိမ့်မယ်"

"လာ ... လေ သွားစို့ သူကြီးဆီမှာ ခွင့်သွားတောင်းရအောင်နော်"

"အဖေရော အမေရောကို ပြောခဲ့ပြီးပါပြီ၊ မိုးချုပ်ရင် အဲဒီရွာမှာပဲအိပ်ဖို့တောင် အဖေကမှာလိုက်သေးတယ်၊ ကိုကို အဲလောက်ထိ ယုံသွားတာရှင့် ... "

"ဒါဆို ကိုအမေဆီမှာပဲ ခွင့်တောင်းဖို့လိုတော့တာပေါ့"

"ဟိုမှာလေ ဒေါ်ဒေါ်၊ ကိုအတွက် သွားတိုက်ဆေးသွားတိုက်တံယူလာပေးနေတယ်"

"သန့်က အရာရာကို သိတတ်လွန်းနေပါလားကွာ"

"အဲဒါ ဘာလို့လဲသိလား"

"ဘာလို့လဲ ပြောလေ"

"ပြောပါဘူး လွယ်လွယ်ပြောရအောင် သန့်ကလွယ်လွယ်မှ မဟုတ်တာ သန့်သန့်ပဲဟုတ်တာ ... ပြောသေးဘူး"

မပြောဘူးဟုပြောသော သန့်ရင်ထဲကစကားတွေကို သူ့ပုံသားနားနဲ့အကျယ်ကြီးကြားနေရသည်။

"သိပ်ချစ်တယ်ကို" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့အတူလှမ်းသော ခြေလှမ်းတွေသည် လှပသည်။

ချစ်သူနဲ့အတူဖြတ်သော ကျွန်းတောအုပ်ကြီးလည်း စိမ်းစိုလှပသည်။ ချစ်သူနဲ့အတူဖြတ်သော ကျွန်းပင်ခြောက်ကြီးသည် ရိုးစင်းလှပသည်။

ချစ်သူနှင့်အတူဝင်သော ကနစိုရွာဦးတံခါးသည် ပီရိသေသပ်လှပသည်။

ချစ်သူနှင့်အတူထိုင်သော ဆင်ပေါက်တို့အိမ်မှ တန်းလျားခုံရှည်သည် ခိုင်ခိုင်လှပသည်။

ချစ်သူနှင့်အတူကုန်သောအချိန်တို့သည် မြန်ဆန်လှပသည်။

ချစ်သူနှင့်အတူစားသော ဆင်ပေါက်ညီမ မသက်ခိုင်ကျွေးမွေးတည်ခင်းသမျှ ရသစုံလှပသည်။

ချစ်သူနှင့်အတူ ဆိုမိသမျှ စကားတို့သည် နားဝင်ညက်ညက်လှပသည်။

လောကကြီး၏အရာရာသည် လှပလွန်းလှသည်။

"မင်းတို့နှစ်ယောက်အတူအိပ်မှာလား ကြည်ခိုင် ..."

"ဟာ ... ဆင်ပေါက် ..."

"အို ... ကိုဆင်ပေါက်ကြီးကလဲ"

"ဘာလဲဟ ... ဘာတွေတလွဲလျှောက်ပြီး ကိုယ်ဖြစ်ချင်ရာကို လျှောက်တွေးနေကြတာတုန်း။ ငါမေးတာက ငါနဲ့အိမ်ရှေ့ခန်းမှာပဲ အတူအိပ်ကြမလား။ ဒါမှမဟုတ် သက်ခိုင်တို့နဲ့အိမ်ထဲမှာပဲ အတူအိပ်ကြမလား။ ဒါကိုမေးတာပါ"

"ဘယ်သူမှ အိမ်ရှေ့မှာ မအိပ်နဲ့ ... မင်းလည်း အိမ်ရှေ့မှာ မအိပ်နဲ့"





ပြောပြောဆိုဆိုဝင်လာသော ဖိုးထောင်နှင့် သူ့နောက်မှာက မောင်ဖိုး ...

"ဟာ ... ဆရာနှစ်ပါး အခုမှပဲကြွလာအားတော့တာကိုး"

"ဟုတ်တယ်ကြည်ခိုင် စံပေါမိန်းမ စိန်နားကပ်ဖိုးမပြည့်သေးလို့ ပါကွာ ... ငါနဲ့ဖိုးထောင်ဖြည့်ပေးနေရလို့ဟ"

"ဟေ ... စံပေါ မိန်းမစိန်နားကပ်ဖိုး မင်းတို့ကဘာကိစ္စဖြည့်ပေးရတာလဲ ဘယ်လောက်လိုလို့လဲ ..."

"နည်းနည်းပါးပါးပါ အရက်ဦးရေတစ်လုံးဖိုးတည်းပါ"

"ဩော် ... ဟား ဟား ဟား အရက်ဦးရေနဲ့ရသလိုပဲနော်၊ ဆင်ပေါက် ..."

"သောက်သွားပါဦးဆိုတော့ အားနာလွန်းလို့ကွာ ... ထားခဲ့လိုက်ပါတယ်"

"တယ် ... ထူးဆန်းပါလား ကျားသားမိုးကြိုး"

"အရက်ပုလင်းခွံကို ငါတို့ကဘာလုပ်ရမှာလဲ တော်ပြီပေါ့ အရေကိုသောက်ရင် ဒါတောင်မငြင်းသာလွန်းလို့နော်"

"ဟား ဟား ဟား ဟား"

ရယ်သံတွေ လှုပ်လှုပ်ထကာ ဆင်ပေါက်အိမ်ကလေးစည်ကားမြိုင်ဆိုင်သွားတော့သည်။

"ရယ်သံတွေလည်းတိတ်၊ စကားသံတွေလည်းပိတ်ကြတော့ အားလုံး အိမ်ခန်းထဲဝင်ကြမယ်"

"ဘာလုပ်မလို့လဲ ဖိုးထောင်"

"ဒီည သရဲဖမ်းမလို့"

"ဟေ ... "



www.burmeseclassic.com

www.burmeseclassic.com



"မြသွေးသရဲကို ငါတို့ဝိုင်းဖမ်းမလို့ လမ်းမှာလည်းကင်းပုန်းချထားတယ်၊ မြသွေးက မကြာခင်မှာ သူ့သားလေးကို နို့လာတိုက်တော့မှာကွ"

အဲ့ အဲ့ အဲ့

အူ ဝဲ ... ဝဲ

အဲ ...

နို့စို့ချိန်တန်လာတော့ ကလေးကငိုသည်။ ဆင်ပေါက်ညီမ မသက်ခိုင်က နို့တိုက်ပေးမယ့် မစို့။

"သွား — သက်ခိုင် ကလေးကို ဟိုဘက်အခန်းထဲက ပခက်ပေါ်မှာပဲထားနေကျအတိုင်းထားလိုက် အားလုံးအသံတိတ်ကြနော် ... မြသွေးသရဲမ သူ့ကလေးနို့တိုက်ဖို့အချိန်ကျပြီ၊ ခဏနေရင်လာတော့မယ်"

ဖိုးထောင်ပြောသည့်စကားကို ဘယ်သူမှမပယ်ရှားကြ။

တစ်မိနစ် ... နှစ်မိနစ် ... သုံးမိနစ်

ဆယ်မိနစ် ... မိနစ်နှစ်ဆယ် ... မိနစ်သုံးဆယ်

မိနစ်လေးဆယ် ... မိနစ်ငါးဆယ်

ညကပို၍ ပို၍မှောင်လာ၏။ လူခြေတိတ်စပြုပြီး တောရွာဘက်မှ အိပ်ရာဝင်စောကြသည်။

ကလေးငိုသံကတော့ တဝါးဝါးကျယ်လောင်သည် ထက်ပို၍ ရှုးဝါးစွာကျယ်လောင်လာတော့သည်။

တစ်ချက် တစ်ချက် ပုရစ်မြည်သံ တစ္စီးစီးမြည်သံတွေ တိခနဲရပ်သွား၏။

ဂီး





ဂစ် ဂစ် ဂစ်

ဂီး ...

ငှက်ဆိုးတစ်ကောင် ရွာအနောက်သုသာန်ဆီမှ ရှုးရှဲစွာမြည်တွန်နေသည်။

ရွာထဲလမ်းတစ်လျှောက်မှာလည်း ခွေးအူသံရှည်မျောမျောတွေ မျောလွင့်နေ၏။

အူ ...

အူး ...

သူ့ကိုတင်းတင်းဖက်လိုက်သော သန့်ကိုကျောသပ်နှစ်သိမ့်လိုက်ရသည်။

ကလေးငိုသံမှအပ ကိုယ့်ရင်ခုန်သံကိုသာကြားနေကြရချိန်မှာ ကလေးအငိုသံပြောင်းသွား၏။

အူဝဲ

အဲ့

ပြီးတော့ ချက်ချင်း ကလေးအငိုတိတ်ကာ

"မြို ... မြို မြွက် ... မြွက် ... "

"ရွတ် ... ရွတ် ... "

ကလေးနို့စို့သံ ကလေးငယ်အား ချော့မြူနမ်းရှိုက်သံကြားတော့ သူတို့တစ်ဖွဲ့လုံး ကြက်သီးမွေးညင်းတွေ တဖြင်းဖြင်းထသွားသည်။

"သားလေး — အမေ့သားလေးရယ်"

မြသွေးအသံမှ မြသွေးအသံအစစ်၊ အပီအသကြားလိုက်ရ၍ ကြည်နိုင် ဆံပင်မွေးတွေ အချောင်းချောင်းထောင်ကာ ထိတ်လန့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ... အနီးရှိ ဖိုးထောင် ဝုန်းခနဲထရပ်ကာ ...

"ဖမ်းဟေ့ ... ဖမ်းကြဟေ့ ..."

ဖိုးထောင်က အချက်ပေးကာ ဓာတ်မီးနဲ့တစ်ဖက်ခန်းသို့ ခုန်ကူးသွား၏။ ပြီးတော့ ဓာတ်မီးဖြင့် ဝင်းခနဲထိုးလိုက်လေ၏။

လမ်းထဲ အိမ်ဝင်းထဲမှာရှိသော လူအများဓာတ်မီးကိုယ်စီနဲ့ အိမ်ထဲသို့ပြေးဝင်လာကြသည်။

လူအများ၏ အလယ်မှာကား မြသွေး ...

ရင်ခွင်ပိုက်ကလေးငယ်ကို နို့တိုက်လက်စ မြသွေးသရဲမ၏ ပြူးကြောင်ကြောင်မျက်လုံးများလည်နေ၏။

"ကလေးဝင်လုကြဟေ့ ..."

"ရိုက်သတ် ... ရိုက်သတ် သရဲမကို ရိုက်သတ်ကြဟေ့"

အော်သံ ဟစ်သံဆူဆူညံညံကာ ယောကျ်ားရဲရဲတစ်ချို့ မေ့တိုးလာသည်။

စက်ဝိုင်းသဏ္ဌာန်ဝိုင်းပက်ကာ တုတ်ကိုယ်စီဖြင့် စက်ဝိုင်းသဏ္ဌာန်က တဖြည်းဖြည်းကျုံ့လာ၏။ အလယ်မှ သရဲမမြသွေးမျက်နှာအပျက်ပျက် အယွင်းယွင်းနဲ့ပင် ကလေးငယ်ကို ရင်ခွင်ထဲပို၍ လုံခြုံအောင်ပွေ့ဖက်လိုက်သည်။

"ရိုက်ကြကွာ ..."

တစ်ယောက်က စအော်လိုက်သည်နှင့် တုတ်တွေ လွှင့်ခနဲမြောက်တက်လာ၏။ ကြည်နိုင် မျက်နှာလွှဲလိုက်လေသည်။

"မလုပ်နဲ့ ... ရပ်လိုက်ကြစမ်း ..."

မိုးကြိုးပစ်သလို မြည်ဟည်းသောအသံကြောင့် တုတ်တွေနိမ့်ကျသွား၏။





ပြီးတော့ အသံလာရာခြံဝင်းထဲမှပြေးလာသူထံသို့ ဓာတ်မီးရောင်တွေ စုပြုံရောက်ရှိသွားတော့သည်။

"ဟာ ... သုဘရာဇာအစိမ်းဂေါင်း"

"အားလုံးကို အဘရှင်းပြပါ့မယ်၊ သမီးလေးမြသွေးကို မရိုက်ကြပါနဲ့၊ သမီးလေးဟာ သရဲမ မဟုတ်ပါဘူး လူစင်စစ်ပါပဲကွယ်"

"ဟင်"

အားလုံးနဲ့အတူ ကြည်နိုင်လည်းအံ့ဩသွားသည်။

"ဟုတ်ပါတယ် ... အသက်မသေဘဲ မျောနေခဲ့တဲ့သမီးလေးကို သေပြီထင်ပြီးညတွင်းချင်းမြှုပ်လိုက်ကြတဲ့ညမှာပဲ အဘကယ်တင်ခဲ့တယ်၊ ဆေးကုခဲ့တယ်၊ သမီးလေးရဲ့ကလေး မိန်းကလေးကိုမွေးပေးခဲ့တယ်၊ အဲဒီညကမွေးပေးခဲ့တဲ့ သမီးလေးကလေးဟာဒီမှာပါ"

သုဘရာဇာကြီးက လက်ထဲမှ ပိတ်ဖြူနီးလေးကိုဖြည်ကာ ဖွင့်ပြသည်။ ကြည်နိုင်ကိုယ်တိုင် သတိလစ်စဉ်ကမြင်ခဲ့ရသည့် ခေါင်းပြတ်သရဲကြီးဝင်စားသည်ဆိုသည့် သမီးငယ်ကလေးကိုတွေ့လိုက်ရသည်။

"တကယ်တော့ သမီးလေးမြသွေးဟာ အဘငယ်စဉ်က မိုက်ခဲ့မှားခဲ့မိတဲ့ မမြစိမ်းနဲ့အဘရဲ့သမီးပါ၊ အဘရဲ့သမီးအရင်းလေးဆိုတာ အဲဒီညကမှ သမီးလေးဟာ မမြစိမ်းသမီးလို့ပြောပြလို့ အကြောင်းစုံသိခဲ့ရတာပါ၊ သမီးလေးကို အားလုံးကသေလူသတ်မှတ်ထားလို့ သမီးလေးကို အုတ်ဂူဟောင်းကြီးတစ်လုံးထဲမှာပဲ နေ့ခင်းဘက်နေစေခဲ့တယ်၊ တစ်ညမှာတော့ မောင်ကြည်နိုင်နဲ့သူကြီးသမီးသန့်ဆိုတဲ့ မိန်းကလေး ညောင်ပင်အောက်မှာ ချိန်းတွေ့ပြောတဲ့စကားကိုကြားပြီး သမီးလေးဟာ သူ့ယောကျ်ားနဲ့ဦး နောက်မိန်းမယူတဲ့အကြောင်းသိရပြီး ငိုရှိုက်လိုက်တာမို့ မောင်ကြည်နိုင်တို့နှစ်ယောက်က သမီးလေးကိုတွေ့ခဲ့ကြတယ်၊ မောင်ကြည်နိုင်က သမီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေးကို လိုက်ဖမ်း၊ သမီးလေးက ရုန်းနဲ့နောက်ဆုံး မောင်ကြည်နိုင်ဟာ ညောင်မြစ်နဲ့ခေါင်းနဲ့တိုက်မိသတိလစ်ခဲ့တယ်၊ အဘကိုယ်တိုင် မောင်ကြည်နိုင်ကိုထမ်းပြီး သူကြီးအိမ်ပို့ပေးခဲ့ရတာပါ၊ ပြန်လာလာချင်း သမီးလေး မြသွေးကို ဒီရွာတွေနဲ့ဝေးရာ ညတွင်းချင်းထွက်ပြေးကြဖို့ နားချပေမယ့် သမီးလေးက သူ့ယောက်ျားနောက်ပါသွားတဲ့ သူ့သားလေးသံယောဇဉ်ကြောင့် မပြောင်းဖြစ်ခဲ့ကြဘူး၊ သူ့ယောက်ျားဖောက်ပြန်လို့ အချိန်ပြည့် မျက်ရည်နဲ့မျက်ခွက်ဖြစ်ခဲ့ရတဲ့သမီးလေးအတွက် အဘအကြီးအကျယ် စိတ်ထိခိုက်ရလွန်းလို့ကတစ်ကြောင်း သမီးရဲ့ယောက်ျားနဲ့ဖောက်ပြန်တဲ့ မိန်းကလေးဟာ သားလေး စိမ်းမောင်ရဲ့ မိန်းမဖြစ်နေလို့ကတစ်ကြောင်းကြောင့် အဘဟာ မလုပ်သင့်တာကိုလုပ်ခဲ့မိပါတယ်၊ တကယ်တော့ အဘဟာ မောင်စိမ်းမောင်ရဲ့အဖေ ဦးရွှေထီးပါပဲကွယ်၊ ကိုယ့်မိန်းမကို ကိုယ်တိုင်သတ်ခဲ့သူပါ၊ အဘမိန်းမကို သတ်ရတဲ့အကြောင်းကတော့ အဘရဲ့မိန်းမ မခင်လုံးဟာ ညောင်ပင်သာ ရွာကသူကြီး ဟောဒီသမီးလေးသန့်ရဲ့အဖေနဲ့ဖောက်ပြန်နေခဲ့တာ သိလို့ပါပဲကွယ်၊ အခု ဒုတိယအကြိမ်နွေဦးဆိုတဲ့သမီးလေး မြသွေးယောက်ျားနဲ့ ထွေးရီဆိုတဲ့သားလေး စိမ်းမောင်ရဲ့မိန်းမ ဖောက်ပြန်တာကိုသိရပြန်တယ်၊ အိမ်ထောင်ဖောက်ပြန်မှုကို ခါးခါးသီးသီးရွံမုန်းတဲ့အဘ လူနှစ်ယောက်ကို ခေါင်းဖြတ်သတ်ခဲ့မိတော့တာပါပဲကွယ် . . . အချုပ်ထဲမှာ လူသတ်မှုနဲ့ထိန်းသိမ်းခံရတဲ့ မြသွေးရဲ့ဖအေတူ မအေကွဲအစ်ကို စိမ်းမောင်မှာ ဘာအပြစ်မှမရှိပါဘူး၊ ဒေါသထွက်လွယ်စိတ်ကြီးတတ်တာကလွဲရင် စိတ်ဖောက်ပြန်သူလည်း မဟုတ်လို့ အားလုံးက လူရာသွင်းပြီးပြန်ဆက်ဆံကြစေချင်ပါတယ်၊ ပြီးတော့ ဟောဒီသမီးလေးမြသွေးကိုလည်း သိပ်သနားစရာကောင်းမှန်းသိပြီး လူကောင်းတစ်ယောက်အဖြစ် အရင်အတိုင်းဆက်ပြီးဆက်ဆံကြပါလို့





ပြောရင်း အဘကိုနားလည်ခွင့်လွှတ်ပေးကြပါ၊ အဘရဲ့ဒေါသအပြစ်တွေကို ထိုက်တန်အောင်ပေးဆပ်ရင်းနဲ့ပဲ အဘရဲ့ဘဝဟာ ထောင်ထဲမှာ မကြာခင်နိဂုံးချုပ်ရတော့မှာပါ၊ အားလုံးကို တစ်သက်စာ နှုတ်ဆက်ခဲ့ပါပြီ၊ တာဝန်ရှိသူတွေ အဘကိုဖမ်းကြပါ၊ အဘသားလေးစိမ်းမောင်ကို လွှတ်ကြပါ၊ အဘသမီးလေး မမြသွေးကိုချစ်ကြပါ၊ သမီး အဖေသွားမယ်ကွယ်''

စကားအရှည်ကြီးပြော ဇာတ်စုံခင်းပြီးသွားသော သုဘရာဇာကြီး တာဝန်ရှိသူ အရပ်သားဝတ်စုံဝတ်ရဲဝန်ထမ်းက လက်ထိပ်ခတ်လိုက်သည်။ ပြီးတော့ သမီးငယ်လေးကို ဖိုးထောင်ကပွေ့ချီလိုက်၏။

ထိုစဉ် ...

''အဖေ ... ''

မြသွေးမျက်ရည်တွေ သုဘရာဇာကြီး၏ ပခုံးပေါ်မှောက်ကျသွားတော့သည်။

''ဘဝမှာ တစ်သက်လုံးလိမ်မှာရစ်ပါ သမီးရယ် ... အဖေ့လို မမိုက်မှားမိစေနဲ့ကွယ် ... ''

ဖခင်တစ်ယောက်၏ ဘဝနဲ့ရင်းသော ဆုံးမစကားက လေးနက်လွန်းလှသည်။

အဘအစိမ်းဂေါင်းကြီး၏ သရဲထက်ဆိုးသော မျက်နှာကြီးထက်မှ ကန့်လန့်ဖြတ်ဓားဒဏ်ရာကြီးသည်ပင် ဆုံးမစကားအဖြစ် ခန့်ထည်လို့နေလေ၏။

မြသွေး၏နဖူးပေါ်တစ်ချက်ငုံ့နမ်း၏။ ပြီးတော့ မြသွေးရင်ခွင်ထဲမှ မြသွေးသားလေး၏ နဖူးနုနုလေးပေါ် ငုံ့နမ်းပြီး ကျောခိုင်းသွားတော့သည်။ အားလုံးကိုကျောခိုင်းပျောက် အပြစ်တို့ပေးဆပ်ရန် မဆုတ်မနစ်ခြေလှမ်းများနဲ့ပြုံးပြုံးကြီး လှမ်းသွားလေတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

"အဖေ ... "

ယိုင်ခနဲဖြစ်သွားသော မြသွေးကို ကြည်နိုင်နှင့်ဖိုးထောင် တစ်ဖက်တစ်ချက်ပြေးဖက်လိုက်ကြသည်။

"သူငယ်ချင်း မြသွေး"

"မြသွေး ဘာမှအားမငယ်နဲ့ နှင့်ကိုငါတစ်သက်လုံး တာဝန်ယူစောင့်ရှောက်ပါရစေဟာ ... "

ဖိုးထောင်၏ ချိန်ကိုက်နှလုံးသားပေါက်ကွဲသံအကြားမှာ မြသွေးအကြည့်တွေက မျက်ရည်ဖြင့်ရွှန်းရွှန်းလက်နေပါတော့သည်။

ကြည်နိုင်နှင့်သန့်၏လက်တွေသည်လည်းကောင်း၊ ဆင်ပေါက်နှင့်မောင်ဖိုး၏လက်တွေသည်လည်းကောင်း၊ လက်ခုပ်သံတွေ တဖြောင်းဖြောင်းကို မနားတမ်းတီးလိုက်မိကြလေပြီတကား ...

ဖြောင်း

ဖြောင်း

ဖြောင်း

မြသွေးရင်ခွင်ထဲမှ သားလေးနဲ့ဖိုးထောင်ရင်ခွင်ထဲမှ သမီးလေးကတော့ လောကအပူတွေကို မသိနိုင်စွာ ပြုံးလို့ကြည်လို့။

ပြီး။

ကြိုးစားပါဦးမည်

ဂန္ဓာရီဝိဇ္ဇာ